www.burmeseclassic.com

တက္ကသိုလ်
# တင်မြင့်

# မမုန်းဘူး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


တက္ကသိုလ်တင်မြင့်

မမုန်းဘူး

၂၀၁၄ခုနှစ်၊ မေလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

တက္ကသိုလ် တင်မြင့်

မမုန်းဘူး၊ (တက္ကသိုလ်တင်မြင့်၊ ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၈-စာ၊ ၅×၇

(၁) မမုန်းဘူး


# တက္ကသိုလ်တင်မြင့်



# မမုန်းဘူး



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

၁၉၇၅-ခုနှစ်
အချိန်ကာလ

www.burmeseclassic.com

www.burmeseclassic.com



# ၉ ၁ ၆

"ကိုနေ့ အတွက် အောင်စာရင်း ထွက်ပြီ"

"ဟင် ..."

"ကိုနေ မျှော်လင့်စောင့်စားရကျိုးနပ်ပြီ"

"တကယ်ပြောတာလား ... နုသွေး"

နေထက်ကိုက ဝမ်းသာအားရစွာဖြင့် ပန်းနုသွေးလက်ကို ဆုပ်ကိုင်ကာ မေးလိုက်၏။

ပန်းနုသွေးက နေထက် မျက်နှာကို ပြုံးကြည့်ပြီး ခေါင်းညိတ်ပြပါ၏။

"ကိုနေ ဝမ်းသာလိုက်တာ နုသွေးရယ်"

နေထက်ကို လှိုက်လှဲသောအသံဖြင့် ပန်းနုသွေးကို ပြောလိုက်၏။

နေထက်ကိုထံမှ ဝမ်းသာမှုလေးများကို တွေ့ရ၍ ပန်းနုသွေး ကြည်နူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုမှာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံချွန်ချွန်နှင့် ဖြူဆွတ်ဝင်းပနေသည့် ပန်းနုသွေးအား ချစ်ရည်ရွှမ်းသော မျက်လုံးများဖြင့်ကြည့်ကာ ဝမ်းသာအားရ ပြောနေလေသည်။

နေထက်ကို အကြည့်ကြောင့် ပန်းနုသွေး ရှက်သွားရပြီး မျက်နှာလေးကို ငုံ့ထားလိုက်သည်။

"မော့ပါဦး နုသွေး"

"ဟင့်အင်း"

"နုသွေး မျက်နှာလေးကို ကြည့်ချင်လို့ပါ"

"နုသွေး ရှက်တယ်"

"ကိုယ့်ချစ်သူကို ချစ်တယ်ပြောတာ ရှက်စရာလား နုသွေး"

"အင်း ..."

"ကိုနေ့ကို ချစ်တယ်ဆိုတာ တကယ်နော်"

နေထက်ကို အမေးကို ပန်းနုသွေးက မျက်လုံးဝင့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ကိုနေ အိပ်မက်,မက်နေတာ မဟုတ်ပါဘူးနော်"

နေထက်ကို၏ အပျော်မျက်နှာလေးကို ကြည့်ပြီး ပန်းနုသွေး ဆိတ်သိုက်၏။

"အား ... နာတယ် နုသွေး"

"အိပ်မက်လို့ ထင်သေးလား"

မျက်စောင်းလေးထိုးကာ ပန်းနုသွေး ပြောလိုက်၏။

"မထင်တော့ပါဘူး"



"ကျေနပ်ပြီလား"

"သိပ်ကျေနပ်တာပေါ့၊ နုသွေး အချစ်ကို ပထမနှစ်ကတည်းက မျှော်လင့်နေရတာ၊ ဒုတိယနှစ်ကျမှ အဖြေရတော့တယ်"

နေထက်ကို မျက်နှာမှာ ပျော်ရွှင်နေမှန်း သိသာနေပါ၏။

ပန်းနုသွေး လက်ကလေးကဲ့ ဆုပ်ကိုင်ကာ စကားကို ရွှန်းရွှန်းဝေအောင် ပြောနေသည်။

ပန်းနုသွေးမှာလည်း ချစ်သူပူပူနွေးနွေးနှင့် ပြောဆိုနေရ၍ ပျော်သလို၊ ရင်ခုန်သလိုလို ခံစားရသည်။

"နုသွေး ... ဒီနေ့ အရမ်းလှနေတာပါလား"

"ခါတိုင်းနေ့တွေက မလှဘူးပေါ့"

နေထက်ကို စကားကို အကျအနကောက်ကာ ပန်းနုသွေး မေးလိုက်သည်။

"ခါတိုင်းနေ့တွေကလည်း လှပါတယ်၊ ဒီနေ့ အလှဆုံးပြောတာ"

"ကိုနေ့ အချစ်ကို လက်ခံလို့လား"

"သိပ်ဟုတ်"

ချစ်သူနှစ်ဦး ရယ်သံလေးမှာ ပတ်ဝန်းကျင်သို့ပင် ပျံ့လွင့်သွားပါ၏။

"နုသွေး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ့ကို ချစ်တယ်နော်"

"သိဘူး"

"ဟာကွာ"

ပြုံးစိစိ အမူအရာဖြင့် နေထက်ကို မခံချင်အောင် ပန်းနုသွေး စ,လိုက်သည်။

နေထက်ကိုမှာ မချင့်မရဲဖြစ်၍ ပန်းနုသွေးလက်ကို ဖျစ်ညှစ်လိုက်ပါ၏။

"ကိုနေကို ခုအဖြေပေးပြီးပြီလေ"

"ပန်းနုရောင်ဝမ်းဆက်ဝတ်ပြီး ကိုနေနဲ့ နှစ်ယောက်တည်း သွားတဲ့နေ့က ကိုနေ့ကို ချစ်သူအဖြစ် အသိအမှတ်ပြုတဲ့ နေ့လို့ နုသွေး ပြောထားဖူးတာကိုလား"

"ဒါပေါ့ ... ကိုနေနဲ့ နုသွေး နှစ်ယောက်တည်း လာကတည်းက ကိုနေ သိဖို့ကောင်းတာ"

"သိပါတယ်၊ ဒါပေမဲ့ နုသွေး ပြောတာ ကြားချင်လို့"

နေထက်ကိုက ပန်းနုသွေးကို မျက်စိမှိတ်ပြပြီးပြော လိုက်သည်။

ပန်းနုသွေး ပြောသည်မှာ မှန်ပါ၏။ ပန်းနုသွေးမှာ သူငယ်ချင်းများနှင့်သာ တတွဲတွဲ သွားလာနေသည်။

နေထက်ကိုနှင့် ငယ်သူငယ်ချင်း ဖြစ်ရာမှ ကွဲကွာခဲ့ ကြသည်။

တက္ကသိုလ်ရောက်မှ ပြန်လည်ဆုံတွေ့ကြခြင်း ဖြစ် သည်။



နေထက်ကို၏ မိဘများဖြစ်သော ဦးမိုးအောင်နှင့် ဒေါ်သူဇာတို့မှာ ပန်းနုသွေး၏ မိဘများ ဦးသိန်းစိုးနှင့် ဒေါ်မာလာ တို့နှင့် သူငယ်ချင်းများ ဖြစ်နေကြသည်။

အင်္ဂလိပ်စာအဓိကဖြင့် နှစ်ဦးသား ပြန်တွေ့ကြခြင်း ဖြစ်သည်။

ငယ်စဉ်က တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြီးမား လာခဲ့ရာမှ ပြန်လည်ဆုံတွေ့သောအခါ နေထက်ကိုက ပန်းနုသွေး ကို ချစ်ရေးဆိုသည်။

ပန်းနုသွေးမှာလည်း နေထက်ကိုအပေါ် သံယောဇဉ် ရှိပြီးသားပေ။

သို့သော် ... ပန်းနုသွေး စဉ်းစားပြောဆိုခဲ့သည်။

နေထက်ကိုနှင့် နှစ်ဦးတည်း စားသောက်ဆိုင်သို့ ပင် မဆင်းခဲ့။

သူငယ်ချင်းများနှင့်သာ စုပေါင်းပြောဆို စားသောက် ကြသည်။

"ကိုနေနဲ့ နုသွေးက ငယ်ပေါင်းတွေပဲ၊ ကိုနေ့ကို အဖြေ ပေးမယ့်နေ့ကျမှ ပန်းရောင်ဝမ်းဆက် ဝတ်လာမယ်၊ ကိုနေ နဲ့ နှစ်ယောက်တည်း တွဲသွားမယ်၊ ကိုနေနဲ့ တွဲမသွားသေး သမျှ အဖြေမပေးသေးလို့ဘဲ၊ ဒီကြားထဲ နုသွေးကို နားပူ နားဆာ မလုပ်ပါဘူးလို့ ကတိပေး"

ပန်းနုသွေး စကားအတိုင်း နေထက်ကို လိုက်ရှာခဲ့ ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှ ပန်းနုသွေးက နေထက်ကိုအား အဖြေပေးခြင်းပင်။

"ဘာတွေ စဉ်းစားနေတာလဲ ကိုနေ"

ချစ်သူကိုကြည့်ပြီး ပန်းနုသွေး မေးလိုက်လေသည်။

"နုသွေးနဲ့ ကိုနေ အကြောင်းလေ"

"ခုထိ စဉ်းစားတုန်းလား"

"တစ်သက်လုံး စဉ်းစားသွားမှာ"

ရည်းစားရှိသူများ ရူးတတ်ကြသည် ဆိုခြင်းကို ပန်းနုသွေး ချစ်သူကိုကြည့်ပြီး တောက်ခံလိုက်သည်။

ပျော်ပျော်ရွှင်ရွှင် နေတတ်သော နေထက်ကိုမှာ ပန်းနုသွေးက ချစ်သူအဖြစ် လက်ခံလိုက်၍ အရမ်းပျော်နေမိလေပြီ။

"ကိုနေကို ချစ်တယ်နော် နုသွေး"

"အင်းပါဆို"

မူနွဲ့နွဲ့လေးဖြင့် ပန်းနုသွေး ပြောလိုက်ပါ၏။

နေထက်ကိုမှာ ပန်းနုသွေး လက်ကလေးကို မလွှတ်တမ်းဆုပ်ကိုင်ထားရင်း ...

"နုသွေး နှုတ်ဖျားကပြော"

"ဟာ ... ကိုနေ အကျပ်ကိုင်တယ်ကွာ"

"ကိုင်ကိုင်ပဲ"

"ဒီလိုမှန်းသိ မပြောသေးဘူး"



"မရဘူးလေ၊ ကိုနေ့ အချစ်တွေက များနေတော့ နုသွေး မပြောလို့မရအောင် ဖြစ်လာရတာပေါ့"

ရယ်စရာမပါဘဲ ချစ်သူအပြောကို သဘောကျ၍ ပန်းနုသွေး ရယ်လိုက်သည်။

"ညာတာပါတေး မလုပ်ရဘူးနော် နုသွေး"

"နုသွေး ဘာလုပ်လို့လဲ"

"နုသွေးရဲ့ စကားသံချွဲချွဲလေးနဲ့ ပြောတာကို နားထောင်ချင်တယ်"

"ကိုနေ့ကို နုသွေး ချစ်ပါတယ်"

"ဟင်"

"ကိုနေ့ကို နုသွေး ချစ်ပါတယ်"

"မကြားရဘူး ... ထပ်ပြော"

နေထက်ကို မကြားဟန်ဆောင်၍ ပန်းနုသွေးနားတိုးကပ်ကာ မိမိနားကိုတိုးကာ ထပ်မေးလိုက်သည်။

"နုသွေး ချစ်ပါတယ်ဆို"

နေထက်ကို လူလည်ကျမှန်းသိ၍ ပန်းနုသွေး နှုတ်ခမ်းစူကာ ပြောလိုက်၏။

နေထက်ကိုက ရယ်ရင်း ...

"ဘယ်သူ့ကိုချစ်တာလဲ ... နုသွေး"

"ကိုနေ့ကိုလေ"

"ဟာ ... နားက မကြားပြန်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မကြားလည်း နေတော့"

ပန်းနုသွေး နှုတ်ခမ်းစူကာ မျက်စောင်းထိုးရင်း ပြောလိုက်၏။

"နုသွေး ဈေးကိုင်တယ်"

"နုသွေး ပြောနေတာ ဘယ်နှခါရှိပြီလဲ"

"သုံးခါပဲ ရှိသေးတယ်"

နေထက်ကို ပြုံးစိစိလုပ်ပြီး လက်သုံးချောင်းထောင်ပြလိုက်၏။

"ကြားသားနဲ့ နုသွေးကို ပြန်မေးနေတာ သိသားပဲ"

"ကြားချင်လို့ပါ"

"နုသွေးက ကိုနေလောက် မလည်ရင် ကိုနေ့ကိုတောင် မချစ်ဘူး"

မျက်လုံးလေး ထောင့်ကပ်ကာ မျက်စောင်းထိုးရင်း ပြောနေသော ချစ်သူကို ကြည့်မဝဖြစ်ကာ နေထက်ကို ရယ်နေပါ၏။

"နုသွေးဆီက ချစ်တယ်ဆိုတဲ့ စကားသံလေးကို ကြားမဝသေးလို့ပါ၊ ကိုနေ့ကို ချစ်တယ် ပြောရတာ ပင်ပန်းလို့လား"

"ဟင့်အင်း"

"ဒါဆို ပြောပေါ့"

"မပြောချင်ဘူး"



"ဘာလို့"

"မိန်းကလေးသိက္ခာကျလို့"

ပန်းနုသွေး စကားအဆုံးတွင် နေထက်ကိုက ပန်းနုသွေးကိုကြည့်ပြီး ခေါင်းခါလိုက်ပါလေသည်။

"နုသွေး စကား ကိုနေ လက်မခံဘူး"

"ဘာလို့"

"ကိုယ့်ချစ်သူကို ချစ်တယ်ပြောတာ သိက္ခာကျစရာ မရှိပါဘူး၊ လူတကာကို လိုက်ပြောနေတာမှ မဟုတ်တာ"

"နုသွေးက မိန်းကလေးရှင့်"

"မိန်းကလေးမှန်းသိလို့ နုသွေးကို ချစ်သူအဖြစ် လက်တွဲချင်တာပေါ့"

"ဟုတ်လား"

ပန်းနုသွေးက နေထက်ကိုအား ကြည့်ပြီး မဲ့တရိ အမူအရာလေးဖြင့် ပြောလိုက်၏။

"ကိုနေတို့ ယောကျ်ားလေးတွေက ချစ်သူဆီက အချွဲအနွဲ့လေးတွေ၊ ယုယကြင်နာမှုလေးတွေ ကြားနေရရင် ကျေနပ်နေကြတာ"

"နုသွေးမှ ယောကျ်ားလေးတွေ သဘောထား မသိတာ"

"ယောကျ်ားတွေ သဘောထား နုသွေး သိဖို့မလိုပါဘူး၊ ကိုနေ့သဘောထား သိဖို့ပဲလိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး နဖူးကို လက်ကလေးဖြင့် တို့ပြီး နေထက်ကို ပြောလိုက်၏။

"အခု ပြောနေတာ ကိုနေ့ သဘောထားပေါ့နော်"

"ဒါပေါ့၊ ကိုနေက နုသွေးရဲ့သဘောထား မှန်သမျှကို လိုက်လျောချင်တဲ့သူပါ။ တခြားသူတွေအပေါ်သာ မာန ထားပါ၊ ကိုနေနဲ့ နုသွေးကြားမှာ မာနမရှိကြေးနော်"

"အင်းပါ"

"ချစ်သူခြင်း မာနတို့၊ သိက္ခာတို့ ထားပြီး မဆက်ဆံရဘူး"

"ဥပဒေထဲမှာ ပါတာလားဟင်"

ချစ်သူကို စချင်၍ ပန်းနုသွေး မသိဟန်ဆောင်ကာ မေးလိုက်၏။

"ကိုနေ ကြားဖူးတာပါ၊ အထူးသဖြင့် အိမ်ထောင်ရေးမှာ လင်နဲ့မယား မာနမထားဖို့ ပိုအရေးကြီးတယ်တဲ့၊ သာယာ တဲ့အိမ်ထောင်အဖြစ် ရိုးမြေကျ ပေါင်းသွားချင်ရင် မာန မထားရဘူးတဲ့၊ မာနနဲ့ ပေါင်းသင်းတဲ့ အိမ်ထောင်ရေးက မတည်မြဲဘူးတဲ့"

နေထက်ကိုက ချစ်ဥူပူပူနွေးနွေးလေး မာနတွေ ထားမည်စိုး၍ ရှင်းပြနေလေသည်။

"နားလည်ပါပြီ ဆရာကြီးရယ်"

"ကိုနေနဲ့ နုသွေးက ဘဝတစ်ခုကို လက်တွဲသွားဖို့ထိ ရည်ရွယ်ထားလို့ ဒီစကားတွေ ပြောမိတာ"



"ကိုနေ့ကို နုသွေး ပိုအထင်ကြီးသွားပြီ"

"ဒါဆို တစ်သက်လုံး ကိုနေ့ အပေါ် သိက္ခာကျတယ် မထင်ဘဲ ချစ်တယ်လို့ ပြောသွားမှာပေါ့နော်"

"ကိုနေကကော"

"ကိုနေက နုသွေးနဲ့ ပတ်သက်ရင် ဘယ်တော့မှ သိက္ခာကျ တယ် မထင်ဘူး"

"တကယ်နော်"

"တကယ်ပေါ့၊ နုသွေး စိတ်ကောက်လည်း သိက္ခာကျမှာ စိုးပြီး မချော့ဘဲမနေဘူး ချော့မှာ"

နေထက်ကိုက ပန်းနုသွေး မေးစေ့လေးကို ကိုင်ကာ ချစ်ရည်ရွှန်းသော အကြည့်ဖြင့် ကြည့်ပြီးပြောလိုက်၏။

"အတူတူပဲနော်"

"ဘာကိုလဲ နုသွေး"

"ကိုနေပြောတဲ့အတိုင်းပဲ နုသွေးလည်း ပြောတယ်လို့ မှတ်ခိုင်းတာ"

"ဟား ... ဟား ... နုသွေးက ငယ်ကျင့်မပျောက်သေးဘူး"

"ဘာလဲ ... ကိုနေ"

"နုသွေးနဲ့ ကွဲသွားတုန်းက ကိုနေ စာရှည်တွေရေးတယ်၊ ခဏ ခဏ ရေးမှ နုသွေးဆီက စာတစ်စောင်လောက်ပဲ လာတယ်၊ ဒါတောင် အတူတူပဲနော် ဆိုတဲ့ စာတစ်ကြောင်း တည်းလေ"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုက ငယ်ငယ်ကအကြောင်း သတိတရ ပြောနေလေသည်။

"ကိုနေက မကျေနပ်ဘူးလား"

"ကျေနပ်ပြီးသားပါ နုသွေး"

"နုသွေး သည်းညည်းကို ခံနိုင်တဲ့ ကိုနေမို့ နုသွေး ချစ်တာလေ"

"ဟုတ်ပါ့"

"ကိုနေ"

"ဗျာ"

"နုသွေးကို တစ်သက်လုံး ချစ်သွားမှာလား"

"ချစ်သွားမှာပေါ့"

"နုသွေး စိတ်ကောက်ရင်ကော"

"ချော့မယ်"

"နုသွေး ငိုရင်ကော"

"ပိုငိုအောင် စ,မယ်"

"သွား ... ကိုနေနဲ့မခေါ်တော့ဘူး"

"ခေါ်ပါ"

"ခေါ်ဘူး"

ပန်းနုသွေး နှုတ်ခမ်းစူကာ မူလိုက်၏။

"ချစ်လို့စ,တာပါ"



"ယုံဘူး"

"နုသွေး ငိုရင် ကိုနေ မျက်ရည်သုတ်ပေးမှာပေါ့"

"ဟင့်အင်း"

"ဟောဗျာ"

"ကိုနေ အဖြေကို မကြိုက်ဘူး"

"ဟောဗျာ"

"ဘာဟောဗျာလဲ"

"ဘာပြောရမှန်း မသိလို့ပါ"

"နုသွေး သင်ပေးမယ် လိုက်ပြော"

"ဟုတ်ကဲ့ ခင်ဗျာ"

"နုသွေး မျက်ရည် ကိုနေကြောင့် တစ်သက်လုံး မကျစေရဘူး၊ နုသွေး စိတ်ချမ်းသာအောင်ထားမယ့် ကိုနေ ပါလို့ပြော"

ပန်းနုသွေး၏ အမူအရာက ကလေးငယ်နှင့် တူနေ၍ နေထက်ကို ပိုချစ်သွားမိ၏။

"အတူတူပဲနော် နုသွေး"

"ဟာ ... ဒါ နုသွေး စကားပဲ"

"အင်းလေ ... နုသွေးနဲ့ ကိုနေ စိတ်ချင်းအတူတူပဲလို့ ပြောတာ"

"ကိုနေက ကလဲ့စား ချေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူးဗျာ"

"မဟုတ်ရင် နုသွေး ပြောခိုင်းတဲ့အတိုင်း ပြော"

ချစ်မျက်စောင်းလေးထိုးကာ ပန်းနုသွေးက ချစ်သူ
ကို မူနွဲ့လိုက်ပါ၏။

"နုသွေး မျက်ရည် ကိုနေ့ကြောင့် တစ်သက်လုံး မကျစေ
ရဘူး၊ နုသွေး စိတ်ချမ်းသာအောင်ထားမယ့် ကိုနေပါလို့
ပြော"

နေထက်ကိုက ပန်းနုသွေး ပြောသည့်အတိုင်း ပြော
လိုက်ပါ၏။

"ဟင် ... နောက်ဆုံး ပြောကြီးက ဘာလို့ပါလာပြန်တာ
လဲ ကိုနေ"

"နုသွေး ပြောတဲ့အတိုင်း တစ်လုံးမကျန် ပြောတာလေ"

နေထက်ကို စကားကြောင့် ပန်းနုသွေးမှာ ကျေနပ်
ပြုံးလေး ပြုံးလိုက်၏။

ချစ်သူကျောပြင်ကို လက်သီးလေးဆုပ်ပြီး မနာ
အောင် ထုလိုက်ပါ၏။

နေထက်ကိုမှာ တဟားဟား ရယ်ရင်း ပန်းနုသွေး
၏ ကိုယ်လုံးလေးကို သိုင်းဖက်ကာ အနမ်းမိုး ရွာလိုက်ပါတော့
၏။

"ဟာ ... ကိုနေ၊ မကောင်းဘူးကွာ"



ပန်းနုသွေးက နေထက်ကို ရင်ခွင်ထဲမှ ရုန်းထွက်
ပြီး ရှက်သွေးဖျန်းကာ ပြောလိုက်ပါလေ၏။

"ချစ်သူတွေရဲ့ အထိမ်းအမှတ်ပါ နုသွေး"

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ကိုနေရေ"

"ကိုနေရေ"

"ဟော"

"ဟော"

"ကြည့်ပါလား"

"ကြည့်ပါလား"

"သွား"

"သွား"

"ဒါဆို ... မပြောတော့ဘူး"

"ဒါဆို မပြောတော့ဘူး"

"မနောက်နဲ့နော်"

"မနောက်နဲ့နော်"

"နုသွေး စိတ်ကောက်တော့မယ်"



"နုသွေး စိတ်ကောက်တော့မယ်"

နေထက်ကို ပြုံးစိစိ အမူအရာဖြင့် ပန်းနုသွေးကို ကျီစယ်နေလေသည်။

ပန်းနုသွေး နှုတ်ခမ်းလေးစူကာ မိမိကို ဖက်ထားသည့် နေထက်ကို၏ လက်များကိုဖယ်ကာ စိတ်ကောက်ဟန်ဆောင်လိုက်သည်။

နေထက်ကို ပြုံးကာ ပန်းနုသွေး ရှေ့တွင် ပြောင်းထိုင်လိုက်သည်။

ပန်းနုသွေးကို မချိုမချဉ်ပြုံး၍ ကြည့်ကာ ပြောလိုက်သည်။

"စိတ်ကောက်တာပေါ့နော်"

ပန်းနုသွေးက နှုတ်ခမ်းကို စေ့ထား၏။

"စိတ်ကောက်တယ်ဆိုတာ စကားမပြောဘဲ နေတာကို ပြောတာလားဟင်"

နေထက်ကိုက ပန်းနုသွေးကိုကြည့်ပြီး မေးလိုက်၏။

"စိတ်ကောက်တဲ့သူ ဆိတ်သေလို့ ဝင်စားတာတဲ့"

"နှုတ်ခမ်းကြီး စူထားလည်း နုသွေးက လှတယ်နော်"

"ကိုနေက နုသွေးကို အရမ်းချစ်တာ"

"နုသွေး ... စကားပြောတော့လေ"

"ကိုနေ ပျင်းလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ စ,တာပဲ နုသွေးရယ်၊ စိတ်ကောက်ပြေတော့နော်"

မိမိအား အမျိုးမျိုးပြော၍ ချော့နေသော နေထက်ကို အားကြည့်ပြီး ပန်းနုသွေး ရယ်ချင်လာမိသည်။

ပန်းနုသွေး နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ထားရပါ၏။

"နုသွေး စကားမပြောရင် ကိုနေ တခြားမိန်းကလေးတွေကို သွားချစ်မယ်"

နေထက်ကို စကားကို ပန်းနုသွေး မခံချင်ဖြစ်ကာ မျက်စောင်းထိုးရင်း ...

"သွားချစ်လေ၊ အခု သွားချစ်၊ သစ္စာမရှိတဲ့သူကို ချစ်သူမတော်ချင်ဘူး"

"ဟဲ ... ဟဲ ... တခြား ကောင်မလေးကိုချစ်ရင် နုသွေး ငိုနေမှာစိုးလို့"

"ဝေးသေး၊ နုသွေးတို့က မလွမ်းသေးဘူး၊ စိတ်ချ"

"ဟော ... နုသွေး စကားပြောပြီ၊ စိတ်ကောက်ပြေပြီ"

နေထက်ကို ဝမ်းသာအားရ ပြောလိုက်၏။

နေထက်ကို၏ စကားကို မခံချင်စိတ်ကြောင့် ပန်းနုသွေး ပြောလိုက်ခြင်းဖြစ်၏။

"ဘယ်သူက စိတ်ကောက်ပြေတယ် ပြောလို့လဲ"

နေထက်ကိုအား ချစ်မျက်စောင်းထိုးရင်း ပန်းနုသွေး ပြောလိုက်၏။



"ပြေပါတော့ နုသွေးရယ်၊ ကိုနေက နုသွေးကို ချစ်လို့ စ,တာပါ"

"ဟင့်အင်း"

"ကိုနေလား နုသွေး အပေါ် သစ္စာမဲ့မှာ"

"ကိုနေလား နုသွေး အပေါ် သစ္စာမဲ့မှာ"

"ဝေးသေး"

"ဝေးသေး"

"ကိုနေက နုသွေးကို တစ်သက်လုံး ချစ်သွားမှာ"

"ကိုနေက နုသွေးကို တစ်သက်လုံး မုန်းသွားမှာ"

ပန်းနုသွေးက နေထက်ကိုအား ကလဲ့စားချေသည့်သဘောဖြင့် နေထက်ကိုအား ပြောနေပါ၏။

ပန်းနုသွေးက နေထက်ကို စကားကို ဆန့်ကျင်၍ ပြောလိုက်၏။

"ဘယ်တော့မှ မမုန်းဘူး နုသွေး"

"ဘယ်တော့မှ မချစ်ဘူး နုသွေး"

"ကိုနေ့ကို မချင့်မရဲဖြစ်အောင်လုပ်တဲ့ နုသွေးကို ဒဏ်ကောင်းကောင်းပေးမယ်"

"ဆုကောင်းကောင်းပေးမယ် ဟုတ်လား၊ ပျော်စရာကြီးပေါ့"

"ဟုတ်တယ် ... ဒါ ကိုနေ့ရဲ့အချစ်ဆု"

"အို ..."

ပန်းနုသွေးမှာ ရုတ်တရက်မို့ အငိုက်မိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကို၏ အနမ်းက သူမပါးပြင်ပေါ်သို့ ကျလာခဲ့သည်။

"မအိုသေးပါဘူးဗျာ၊ လူပျိုစစ်စစ်လေးပါ"

"ကိုနေ ... ကဲတယ်"

"နုသွေးပဲ ဆုကောင်းကောင်း လိုချင်တယ်ဆို"

နေထက်ကိုက ပြုံးစိစိဖြင့် ပြောလိုက်ပါ၏။

"နုသွေး ပြောတဲ့ဆုက တခြားပဲ"

"ကိုနေက အဖိုးတန်တဲ့ အချစ်ဆုတွေ အများကြီးပေးနေတာပါ"

"မလိုချင်ဘူး"

"ကိုယ့်ချစ်သူရဲ့ ချစ်ကြင်နာကို မလိုချင်ဘူး ပြောတာ နုသွေး တစ်ယောက်ပဲ ရှိမယ်"

ပန်းနုသွေးက မျက်နှာညှိုး၍သွားသော နေထက်ကိုအားကြည့်ပြီး မချိုမချဉ် ပြုံးလိုက်လေသည်။

"ကိုနေက လွန်တာကို"

"ကိုနေကတော့ နုသွေးကို အချစ်ဆုတွေ အများကြီးပေးစရာရှိတယ်၊ အားမနာတမ်းကို ပေးချင်တာ"

"ဟုတ်ကဲ့"

"နုသွေး လက်ခံမယ်လား"

"စဉ်းစားပြီးမှ ပြောပါနော်"



မျက်စောင်းလေးဝင့်ရင်း ချစ်သူကို ပန်းနုသွေး ပြောလိုက်၏။

"တခြားသူမှ မဟုတ်တာ နုသွေးပဲ၊ ကိုနေ မစဉ်းစားပါဘူး"

မှင်သေသေဖြင့် ပြောနေသော နေထက်ကိုအား ပန်းနုသွေး ဆွဲဆိတ်လိုက်၏။

"အား ... နာတယ်"

"နာပစေ"

"ဆိတ်ရင် ကြည့်ဆိတ်နော်"

"မဆိတ်ပါဘူး"

"နေရာမှားဆိတ်မှာ စိုးလို့ပါ"

"ဟာ ... ကိုနေ အားကြီးညစ်ပတ်တယ်"

"မညစ်ပတ်ပါဘူး၊ ခါတိုင်း ရေတစ်ခါပဲချိုးတာ၊ နုသွေးနဲ့ချစ်မှ ရေ ခဏ ခဏ ချိုးတယ်"

"ဒါကို ပြောတာ မဟုတ်ဘူး"

"နမ်းကြည့်ပါလား၊ ကိုနေ့ တစ်ကိုယ်လုံး ရေမွှေးပုလင်း ကျကွဲလာတာ၊ မညစ်ပတ်ပါဘူး မွှေးနေတာပဲ"

ချစ်သူနဲ့တွေ့လျှင် အားလုံးသော ယောကျ်ားများမှာ နူးညံ့ပျော့ပျောင်းသွားတတ်ကြသည်သာ။

"မွှေးပါလိမ့်မယ် အားကြီးကြီး"

"သေချာရဲ့လား နုသွေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ကိုနေ့ကိုယ်က မမွှေးဘူးဆိုတာလေ၊ နုသွေး အမြဲနမ်းတိုင်း မွှေးတယ် ပြောနေကြပါ"

"အမယ် ... ပြောလည်း မပြောဘူး၊ နမ်းလည်း မနမ်းပါဘူး၊ သူများကြားရင် တကယ်ထင်နေမယ်"

ပန်းနုသွေးက နေထက်ကို၏ ကျောပြင်ကို မနာအောင်ထုရင်း ပြောလိုက်၏။

"အား ..."

"နာလို့လား၊ နုသွေးက မနာအောင် ထုတာများ"

"မနာပါဘူး"

"ဘာလို့ အော်လဲ"

"ကိုနေ့ကိုထုတဲ့ နုသွေး လက်ကလေးတွေ နာသွားမှာကို တွေးပြီး သနားလို့ အော်တာ"

"ကိုနေပဲ အပြောကောင်း"

"အပြောကောင်းတာ မဟုတ်ပါဘူး၊ ချစ်သူအပေါ် ချစ်တာ"

"ဟုတ်လား"

"သိပ်ဟုတ်"

"အခုလို တစ်သက်လုံး ကြင်နာသွားနိုင်ပါစေ"

"သိပ် ကြင်နာ"



နှစ်ဦးသား တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်လိုက်ကြလေသည်။

"သိပ်ချစ်တာပဲ နုသွေးရယ်"

"သိပ်ချစ်တာပဲ ကိုနေရယ်"

"တစ်သက်လုံး မမုန်းတမ်း ချစ်သွားမယ်နော်"

"သေချာတယ်နော် ကိုနေ"

"သိပ်သေချာတာပေါ့"

"နုသွေး ပျော်ရမှာပေါ့နော်"

"တစ်သက်လုံး ပျော်ရမှာပေါ့"

"နုသွေးလည်း ကိုနေနဲ့ တစ်သက်လုံး ပျော်ပျော်ပဲနေချင်တာပါ"

"ကိုနေကစပြီး နုသွေးအပေါ် သစ္စာမဖောက်ဘူးဆိုတာ သစ္စာဆိုရဲပါတယ်"

နေထက်ကို စကားကြောင့် ပန်းနုသွေး ရင်ထဲတွင် ကျေနပ်မှုများဖြင့် ပီတိဖြာနေရသည်။

"နုသွေး ယုံပါတယ် ကိုနေ"

"နုသွေး ယုံဖို့ အဓိကပါ"

"ယုံလို့လည်း ကိုနေ့ မေတ္တာကို လက်ခံတာပေါ့"

"နုသွေး ဆုံးဖြတ်ချက် မှန်တာပေါ့"

ချစ်သူ့စကားကြောင့် ပန်းနုသွေး ချစ်စဖွယ် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ့ကို ပြောမလို့"

"ပြောလေ၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဟင်"

"ဝမ်းသာရမှာ"

"ဒါဆို မြန်မြန်ပြော"

နေထက်ကိုက ပန်းနုသွေးလက်ကို ဆုပ်ကိုင်ထားရင်း ပြုံး၍ပြောလိုက်ပါ၏။

"နုသွေး ဖေဖေတို့ကို ဖွင့်ပြောလိုက်ပြီ"

"ဘယ်တုန်းကလဲ"

"ကိုနေ့ကို အဖြေပေးတဲ့နေ့က"

"ကိုနေနဲ့ နုသွေး ချစ်တဲ့နေ့က ဆိုတော့ တစ်လရှိပြီပေါ့"

"ဒါပေါ့"

"မြန်လိုက်တာ"

"နုသွေး မလိမ်တတ်ဘူး၊ ပြီးတော့ မေမေက ပြောထားဖူးလို့"

"အန်တီက ဘာပြောထားလို့လဲ"

"နုသွေးမှာ ချစ်ရမယ့်သူ တွေ့လာရင် မေမေ့ကို ဖွင့်တိုင်ပင်တဲ့၊ မိဘနဲ့ သားသမီးကြားမှာ ဒီလိုကိစ္စမျိုးကို မလျှို့ဝှက်ထားရဘူးတဲ့၊ နုသွေး နှစ်သက်တဲ့သူကို အကဲခတ်ပေးမယ်တဲ့"

"အန်တီက မိဘဆိုတော့ ပူမှာပေါ့လေ"



"ဆင်းရဲတာ ချမ်းသာတာ အဓိက မဟုတ်ဘူးတဲ့၊ ယောကျ်ားပီသဖို့၊ အကျင့်စာရိတ္တကောင်းဖို့ အရေးကြီးတယ်တဲ့၊ နုသွေးတို့က ငယ်တော့ ဘဝအကြောင်း မသိသေးဘူးတဲ့၊ မေမေတို့ အကဲခတ်ပေးမယ်တဲ့"

"ဒါနဲ့ပဲ နုသွေးက ဖွင့်ပြောလိုက်ရောလား"

"ဒီစကား မေမေ ပြောထားတာ ကြာပါပြီ၊ နုသွေးကလည်း ချစ်သူတွေ့ရင် ပြောပြမယ် ပြောခဲ့တယ်လေ"

"အန်တီတို့က ဘာပြောလဲ"

"ကိုနေနဲ့ဆိုတော့ ကောင်းပါတယ်တဲ့၊ မေမေ့သူငယ်ချင်းရဲ့သားမို့ ဘာမှပြောစရာမလိုတော့ဘူးပေါ့တဲ့"

"တော်ပါသေးရဲ့"

"သမီးတို့ချင်း မကြိုက်ရင်တောင် မေမေတို့က ပညာစုံရင် ပေးစားမလို့ စီစဉ်ထားတယ်တဲ့"

"ဟာ ... သိန်းထီးပေါက်တာထက်တောင် ဝမ်းသာစရာကောင်းနေပါလား"

"ကိုပို"

"တကယ်ပြောတာ"

နေထက်ကိုက ဝမ်းသာအားရ ပြောလိုက်၏။

"ကိုနေလည်း အဘိုးကြီးတွေကို ဖွင့်ပြောလိုက်တော့မယ်"

"နုသွေးနဲ့ ချစ်ကတည်းက ပြောသင့်တာ"

"အားနွဲ့တဲ့ ယောကျာ်းလေးမို့ အဘိုးကြီးဆူမှာစိုးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကို မချိုမချဥ်ပြုံးပြီး ပြောလိုက်၏။

"ကိုယ့်မိဘကို အဘိုးကြီးခေါ်တာ မကောင်းပါဘူး"

"နုသွေး နားမလည်လို့ ဒီစကားပြောတာ"

"ဘယ်လို"

"အင်းနော် ..."

"လောကကြီးမှာ ချစ်သူတိုင်းကို မိဘတွေက သဘောတူရင် တစ်လောကလုံး အလွမ်းမရှိတဲ့ ကမ္ဘာလေး ဖြစ်နေမှာ"

နေထက်ကို စကားကို နားထောင်ပြီး ပန်းနုသွေး ထောက်ခံမိသည်။

"မိဘသဘောတူပြီး နှစ်ယောက်စလုံးကလည်း ချစ်ကြရင် အိမ်ထောင်ရေးမှာ နားလည်မှုတွေနဲ့ သာယာမှာပဲနော် ... နုသွေး"

"အချစ်ဆိုတာ မဖြောင့်ဖြူးဘူးလို့ သီချင်းတွေ၊ ဝတ္ထုတွေထဲမှာ တွေ့နေ ကြားနေရတယ်၊ ကိုနေနဲ့ နုသွေးတို့က အချစ်စစ် ဟုတ်ပါ့မလားလို့ တွေးမိတယ်"

"မိဘဆိုတာ အဖိုးတန်လွန်းလို့ အဘိုးကြီးခေါ်တာလေ"

"ကိုနေ တစ်ကိုယ်လုံး ဆင်ခြေချည်းပဲ"

ပန်းနုသွေးက ချစ်သူကို မျက်စောင်းထိုးရင်း ပြောလိုက်သည်။

"နုသွေး"

"ဟင်"



"ကိုနေတို့ အချစ်ရေးက သာယာတယ်နော်"

"ဘာလို့"

"မိဘတွေ သဘောတူလို့"

"ဟာ ... နုသွေးကလည်း၊ ဒါက ချစ်လျက်နဲ့ မပေါင်းရတဲ့ ချစ်သူတွေ ပြောတဲ့စကားပါ၊ မယုံပါနဲ့"

နေထက်ကိုက ပန်းနုသွေးစိတ်ကို သိနေ၍ ပြောလိုက်၏။

"နုသွေး စိုးရိမ်လို့ပါ"

"နုသွေးနဲ့ ကိုနေတို့က အဆင်ပြေနေတာပဲ၊ ဘာစိုးရိမ်စရာရှိလဲ"

နေထက်ကို စကားကြောင့် ပန်းနုသွေး ရင်ထဲတွင် ပေါ့ပါးသွားရသည်။

"နုသွေးကို ကိုနေ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမလို့ ချိန်းထားတယ်"

"ဟာ ... ရှက်စရာကြီး"

"မရှက်ပါနဲ့၊ ကိုနေ့ကို ချစ်ရင်လိုက်ခဲ့၊ နုသွေး သူငယ်ချင်းတွေလည်း ခေါ်ပေါ့"

"ဘယ်သွားမှာလဲ"

"ကိုနေနဲ့ နုသွေးတို့ ချစ်သူဖြစ်လို့ ကျွေးခိုင်းတာနဲ့ သွားကျွေးရမှာ"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့က စားဖို့ဆို ထိပ်ကပဲ"

ပန်းနုသွေး ထိုင်ရာမှထကာ ရှေ့မှ ထွက်လာခဲ့၏။

နေထက်ကိုက ပန်းနုသွေး၏ နောက်ပိုင်းအလှကို ကြည့်လိုက်မိသည်။

သေးကျဉ်သောခါးနှင့် စွင့်ကားသော တင်တို့အပြင် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့ကြောင့် မြင်ရသူကို အသက်ရှူ မှားစေပါ၏။

"လာလေ ... ကိုနေ"

ပန်းနုသွေး ရပ်နေရာမှ ချစ်သူကို လှမ်းခေါ်လိုက် ၏။

"နုသွေး အလှကိုကြည့်ပြီး လာဖို့ မေ့သွားတယ်"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ"

"နုသွေးရဲ့အလှက ယောကျ်ားလေးတိုင်းကို နှစ်ခါပြန် ကြည့်ရအောင် ဆွဲဆောင်မှု ရှိနေတာ၊ ဘယ်သူမေးမေး ကိုနေ ပြောသလိုပဲ ပြောမှာ၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာ မဟုတ်ဘူးလေ"

❋ ❖ ❋



# ၄ ၊ ၆

"ဟော့ ... ဟော့ ... ကားမောင်းတုန်း အချစ်မစမ်းနဲ့၊ နင်တို့ကျွေးတာ မစားရသေးခင် ကိစ္စချောသွားမှာ ကြောက်တယ်"

"အေးလေ ... သောက်မြတ်ကတ်စရာ ကောင်းလာပြီ"

"သိပ်သည်းတဲ့ နေထက်ကို"

နေထက်ကိုက ပန်းနုသွေးကို ကားမောင်းရာမှ လက်တစ်ဖက်ဖြင့် လှမ်းဖက်၍ သူငယ်ချင်းများ ဝိုင်းပြောကြခြင်း ဖြစ်၏။

နေထက်ကို ရယ်လိုက်၏။ သူငယ်ချင်းများကို စချင်၍ ပန်းနုသွေးကို လှမ်းကြည့်ပြီး မျက်စိမှိတ်ပြလိုက်ပြန် သည်။

"နေထက်ကို"

"ဘာလဲဟ"

"နင့်အတွက် ငါတို့ ဆိုင်းဘုတ် ကပ်ရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်းဘုတ်လဲ"

"မောင်းရင် မချစ်နဲ့ ... ချစ်ရင် မမောင်းနဲ့လို့"

"မနာလိုမရှိကြနဲ့လေ"

နေထက်ကို ရယ်ရင်း ပြောလိုက်၏။

"မနာလိုလို့ပြောတာမဟုတ်ဘူး၊ ငါတို့ သေမှာစိုးလို့ ပြေ တာ"

"လက်တစ်ဖက်တည်းနဲ့ ကားမောင်းလို့ရပါတယ်ဟာ"

"အေး ... ငါတို့မပါတဲ့အခါမှ လက်တစ်ဖက်တည်းမ ဘူ...၊ လက်နှစ်ဖက်လုံးပါ လွှတ်မောင်းချင်မောင်း"

ထက်ထက် စိတ်မရှည်၍ နေထက်ကိုအားဘုတေ လိုက်သည်။

"ငါက နင်တို့ကို ငရဲပြည်ပို့ချင်လို့ပါ"

နောက်ကြည့်မှန်မှတစ်ဆင့် နေထက်ကိုက နောက် ခန်းတွင် ထိုင်လိုက်လာသော ထက်ထက်။ သီရိနှင့် သိမ့်သိမ့်တို့ ကိုပြောလိုက်၏။

"ပို့လေ ခုနေဆို နင့်ချစ်ချစ်လည်း ပါတာပဲ၊ လူ့ပြည်မှ လောင်ရတာ အားမရလို့ ငရဲပြည်မှာ အုပ်စုလိုက် သွာ လောင်ကြမယ်"

"ငါ့ချစ်ချစ်တော့ မပို့နိုင်ပါဘူး၊ ချစ်လို့တောင်မဝသေးဘူ နော် နုသွေး"

ပန်းနုသွေးပါးပြင်လေးကို ချစ်စနိုးကိုင်ပြီး နေထက် ကို ပြောလိုက်၏။



"နားငြီးလာပြီ"

သီရိက နေထက်ကိုကြားအောင် ပြောလိုက်လေ သည်။

"ငါတို့ကို ဒုက္ခပေးဖို့ နုသွေး ခေါ်လာတာထင်တယ်"

"အံမယ် ... နင်တို့က ကျေးခိုင်းလို့လည်း ကျေးရသေး တယ်"

"ဟုတ်ပါတယ်၊ တို့ကလည်း အစားလေးကျွေးမယ်ပြော တာနဲ့ ငတ်ကြီးကျပြီး ပါလာမှတော့ သည်းခံရမှာပေါ့လေ"

သီရိစကားကြောင့် ပန်းနုသွေးက နေထက်ကိုအား ကြည့်ပြီး ပြုံးပြလိုက်၏။

"နုသွေး"

"ဘာလဲဟ"

"နင့်အစ်ကိုကော နေကောင်းရဲ့လား"

ထက်ထက်အမေးကြောင့် ကားမောင်းရင်း နေထက် ကို ပြုံးလိုက်သည်။

"နုသွေး အစ်ကိုကို ထက်ထက် စိတ်ဝင်စားလို့လား၊ ပြောပေးမယ်လေ"

နေထက်ကိုစကားကို ထက်ထက်က ရွဲ့လိုက်၏။

"ကောင်းသားပဲ၊ ထက်ထက်ကစပြီး ရည်းစားစကားပြော မလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက် လောင်နေမှန်း နားလည်သွားပြီး သီရိက ဝင်ပြီး ...

"နင်တစ်ယောက်တည်းမပြောနဲ့ ထက်ထက်၊ ငါလည်း ပြောမယ်"

"အံမယ် ... နင်တို့နှစ်ယောက်တည်း ဘာရမလဲ၊ ငါလည်း ပြောမယ်၊ နုသွေးအစ်ကိုက လူချော သဘောကောင်းဟ"

"နင်တို့သုံးယောက်စလုံး ငါ့အစ်ကိုကို အဝေမတည့်ရင် သုံးပိုင်းခွဲယူကြ"

ပန်းနုသွေးစကားအဆုံးတွင် ထက်ထက်တို့သုံးဦးသား ရယ်လိုက်ကြ၏။

"သုံးပိုင်းခွဲရမှာလား၊ တစ်ယောက်တည်း မဲနှိုက်ရင် ပို မကောင်းဘူးလား နုသွေး"

"ကြိုက်သလိုယူကြ၊ ငါ အိမ်ပြန်ရောက်ရင် ကိုကို့ကို တကယ်ပြောလိုက်မှာနော်"

"ဟင်း ဟင်း ... ပြောချင်ပြောလေ"

"ဟား ဟား ..."

သီရိစကားကြောင့် ဝိုင်းရယ်လိုက်ကြလေသည်။

"နုသွေးအစ်ကိုက နုသွေးကို သိပ်အလိုလိုက်တာနော်"

"လိုက်ရမှာပေါ့လေ၊ မောင်နှမနှစ်ယောက်တည်းရှိတာ ငါ့ မလိုက်လို့ ဘယ်သူ့ကို အလိုလိုက်ရမှာလဲ"

"ငါတို့ကို လိုက်ပေါ့"



"သနားတယ်"

ပန်းနုသွေးက နောက်ကိုလှည့်ပြီး ကလိလိုက်၏။

"နင့်အစ်ကိုမို့ နင့်သည်းညည်းခံတာ၊ ငါ့ညီမသာ နင်ဆိုရင် အသေပဲ"

"ဟုတ်တယ် ဒီအစ်ကိုမျိုး ရှားတယ်"

"နင်တို့မောင်နှမ ရုပ်ချင်းမတူကြဘူး"

"ငါက ပိုချောတယ်"

"မဟုတ်ဘူး၊ ကိုကိုထိုက်က ပိုချောတယ်နော် သီရိ"

"သိမ့်သိမ့်ပြောတာ မှန်တယ်"

"ဘူးတွေ"

ပန်းနုသွေး ရယ်ရင်း ပြောလိုက်၏။

တက္ကသိုလ်ရောက်မှ တွဲလာသော သူငယ်ချင်းများ ဖြစ်သော်လည်း ငယ်သူငယ်ချင်းတွေပမာ ရင်းနှီးကြ၏။

"ယောက်မကလဲ"

"ဘာ ယောက်မလဲ၊ ထမင်းအိုးမွှေတဲ့ ယောက်မလား"

"ယောက်မဆိုကတည်းက နင့်အစ်ကိုနဲ့ယူမယ့်သူပေါ့ဟ"

"နင်တို့က ငါ့အစ်ကိုကို တကယ်ကြိုက်ကြတာလား"

ပန်းနုသွေးအမေးကြောင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး သုံးဦးသား ပြိုင်တူပြောလိုက်ကြသည်။

"အေးပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အစ်ကိုမကြိုက်ခင် ငါနဲ့ အရင်တည့်ဖို့က အရေးကြီးတယ်၊ နင်တို့ ခုချိန်ကစပြီး ငါ့အကြိုက်လိုက်ကြ၊ ငါ့ကို အပြတ်ဖားကြ၊ အဖားကောင်းတဲ့သူကို ငါ့အစ်ကိုပေးမယ်"

"မှားပါတယ် ... နုသွေး"

"နင့်အကြိုက်တော့ မလိုက်ပါရစေနဲ့"

"နင့်ကိုလည်း ယောက်မမတော်ချင်တော့ပါဘူးဟာ"

သုံးဦးသား ရှုံ့ရှုံ့မဲ့မဲ့ အမူအရာလုပ်၍ ပြောလိုက်ကြသည်။

နေထက်ကိုက ထက်ထက်တို့ကိုကြည့်ပြီး သဘောစွာကျရယ်လိုက်၏။

"နုသွေးကိုတော့ ကြောက်ကြသားပဲ"

ပန်းနုသွေးက လက်မထောင်၍ ခပ်ပြုံးပြုံးလေးပြောလိုက်သည်။

"နင်ကော နုသွေးကို မကြောက်ဘူးလား နေထက်"

သီရိက ချစ်သူနှစ်ဦးကြား ချွန်တွန်းလုပ်လိုက်၏။

ပန်းနုသွေးမှာ နေထက်ကိုထံမှ အဖြေကို နားစွင့်နေမိသည်။

"မကြောက်ဘူး"

"ဘာပြောတယ်"

ပန်းနုသွေး မျက်စောင်းထိုးရင်း ကားမောင်းနေသောနေထက်ကိုအား ဆိတ်ဆွဲလိုက်လေသည်။



"နုသွေးက ဆိတ်တာ အရင်ကိုး"

"ဆိတ်မှာပေါ့"

"ကိုနေ့ စကားမှ မဆုံးသေးတာ"

"ဒါဆို ဆက်ပြော"

"မကြောက်ဘူးလို့ပြောရင် ဘယ်သူယုံမှာလဲလို့ ပြောမလို့ပါ"

သည်တော့မှ ပန်းနုသွေး ကျေနပ်သွားလေသည်။

"ပိုင်လိုက်တာ နုသွေး"

"နင် နေထက်ကို ဘယ်လိုပုံသွင်းထားလဲဟင်"

"နေထက်တော့ ခ သ က ကြီးဖြစ်နေပြီကိုး"

"ခ သ က ဆိုတာ ဘာလဲ"

သိမ့်သိမ့်စကားကို သီရိက မေးလိုက်၏။

"တုံးပ သီရိရာ၊ ဒါလေးမှမသိရင် နင် ငါ့သူငယ်ချင်းလို့ မပြောနဲ့"

"ဟုတ်သားပဲ သီရိ"

ထက်ထက်က သိမ့်သိမ့်ဘက်မှ ဝင်ထောက်ခံလိုက်၏။

"နင်ကော သိလို့လား ထက်ထက်"

သီရိက ထက်ထက်ကိုကြည့်ပြီး မေးလိုက်လေသည်။

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



“ဟား ဟား … နုသွေး သူငယ်ချင်းတွေက လောင်စိန်တွေပဲ”

“ခ သ က ဆိုတာ ချစ်သူကြောက်လို့ ပြောတာဟ”

“ဟုတ်သားပဲ၊ မ ယ က တော့ သိတယ်၊ ခ သ က ကိုတော့ အဓွေးချော်သွားတယ် … ဟဲ ဟဲ”

“လောကကြီးမှာ မ ယ က ရှိသလို ခ သ က လည်း ရှိတာပဲလေ”

နေထက်ကိုအား မေးပေါ့ပြရင်း သိမ့်သိမ့်ပြောလိုက်၏။

နေထိုက်ကိုက ရယ်မောရင်းပင် …

“ခ သ ကပဲ ပြောပြော၊ တို့ကတော့ နုသွေးကို ချစ်လို့ အလိုလိုက်တာ၊ နင်တို့အတွဲရမှ နင်တို့လူတွေကို ခ သ ကဖြစ်အောင် ကြိုးစားကြ၊ တို့လို ခ သ က မဖြစ်ဘဲ ခ သ န ဖြစ်နေလို့ သုတ်စရာ လက်ကိုင်ပဝါမလောက်တော့လို့ ဒူး…နဲ့သုတ်နေရမယ်”

နေထက်ကိုကလည်း မခံချင်အောင် စကားနိုင်လု၍ ပြောလိုက်၏။

“ကိုယ့်ချစ်သူ အလျှော့ပေးရတာကို ရှက်လို့လား ကိုနေ”

ပန်းနုသွေးက နောက်ထက်အား ကြည့်ပြီး မေးလိုက်၏။



“ရှက်လို့ပြောတာ မဟုတ်ပါဘူး၊ နုသွေးဆီမှာ သူတို့သင်တန်းတက်ဖို့ သွယ်ဝိုက်ပြီး သတိပေးတာ၊ ဒါမှ သူတို့လူတွေကလည်း ကိုနေလို ခ သ ကတွေ ဖြစ်အောင်လို့”

“လုပ်ချလိုက်ပြန်ပြီ”

နေထက်ကို စကားကို ပြန်လည်ချေပရန် စကားရှာမတွေ့ကြတော့။

“နင်တို့ကျွေးမှာနဲ့ နင်တို့ အပြောခံရတာ မတန်တော့ဘူး နုသွေး”

“ဒါဆို မစားတော့ဘူးပေါ့”

“အပြောခံရပြီးမှတော့ တန်အောင် စားရမယ်”

“ဟုတ်တယ် … နေ့တိုင်း ကျွေးမယ်ဆို၊ နေ့တိုင်း အပြောခံမယ်”

တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောရင်း ကားထဲတွင် ရယ်သံများ လွှမ်းနေပါတော့၏။

“နင်တို့ အပြောခံနိုင်ပေမယ့် ငါတို့ နေ့တိုင်း မကျွေးနိုင်ပါဘူး”

“ဟင် … နုသွေးက ငါတို့ဘက်က မဟုတ်တော့ဘူး”

“နင် ဘက်ကန်တာလား နုသွေး”

“ငါတို့တွေက သူငယ်ချင်း အရင်းကြီးတွေဆိုတော့ မေ့သွားပြီးလား နုသွေး”

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်၊ ထက်ထက်နှင့် သီရိတို့ စကားများကြောင့် ပန်းနုသွေး ခေါင်းလေးလှည့်လာသည်။

"ကိုနေနဲ့ ငါက ချစ်သူအရင်းကြီးတွေဆိုတာလည်း မမေ့ကြနဲ့ဦး"

"ဟေ ..."

"နုသွေးပြောတာ ကြားကြတယ်နော်၊ ချစ်သူအရင်းနဲ့ သူငယ်ချင်းအရင်း ပြိုင်ရင် ချစ်သူအရင်းကပဲ နိုင်မှာကို သဘောပေါက်ပါတယ်နော်"

"မှားပါတယ် နုသွေးရာ"

"လိုက်လည်းလိုက်တဲ့ အတွဲ"

"သူတို့နှစ်ယောက် ယူပြီးရင်တော့ ထမင်းချက်စားမှာ မဟုတ်ဘူးဟ"

သူငယ်ချင်းများ စကားကြောင့် ပန်းနုသွေး ရယ်ရင်း ...

"ထမင်းချက်မစားလို့ ငါတို့က ဘာစားရမှာလဲ"

"နှပ်ချေး ကော်စားနေကြမှာ"

"ဦးကပ်စေးကတောင် အဘိုးအဘွား ပြန်ခေါ်ရမယ့် အတွဲပဲ"

သူငယ်ချင်းများက ပန်းနုသွေးတို့စုံတွဲကို စနေကြသည်။

ပန်းနုသွေးကလည်း ပြန်လည်ချေပပြောဆိုနေပါ၏။

လူ့ဘဝတွင် ပျော်စရာအကောင်းဆုံးအချိန်မှာ ကျောင်းသားဘဝပင်ဖြစ်ပါ၏။



"တရားကျဖို့ကောင်းလိုက်တာ နုသွေးရာ"

"ဘာဖြစ်လို့လဲ ကိုနေ"

"ကိုနေတို့ကျွေးတာ လိုက်စားကြမယ့်သူတွေက ကိုနေတို့ကို ကပ်စေးနဲတယ်လို့ ပြောတာလေ"

"သူတို့ကျွေးမလို့ထင်တယ်၊ ဒါဆို ကိုနေ ပိုက်ဆံကုန်သက်သာသွားပြီ၊ နုသွေး ပြောသလို ထက်ထက်တို့ စိတ်ပြောင်းသွားတာ ဖြစ်နိုင်တယ်၊ ဘယ်သူ ဒကာခံမှာလဲ၊ ထက်ထက်လား"

"ဝေးသေး"

"သီရိလား"

"ပိုဝေးသေး"

"သိမ့်သိမ့်ထင်တယ်"

"သာ၍ဝေးသေး"

သုံးဦးသား စကားကြောင့် ပန်းနုသွေးက မျက်စောင်းလှည့်ထိုးကာ ...

"နင်တို့ကိုမှ ဦးကပ်စေးက တီတို့ ကျွတ်တို့ မျှော့တို့ ခေါ်ရမှာ"

ပန်းနုသွေးက အခွင့်အရေးပေးလာ၍ ပြန်နှက်လိုက်၏။

"နုသွေးက အားကိုးရှိနေလို့ စွာနေတာ၊ ကျောင်းပြန်ရောက်မှ အရေခွံခွာပစ်ရအောင်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်လေ ကြာသလားလို့"

"ကြောက်နေရပါလား"

ပန်းနုသွေးက ပခုံးလေးနှစ်ဖက်တွန့်ရင်း ပြုံးပြီးပြောလိုက်သည်။

"နုသွေးနားမှာ ကိုနေရှိတယ်၊ မကြောက်နဲ့"

"မကြောက်တော့ဘူး"

"ထက်ထက်တို့အတွက် ကိုနေ စဉ်းစားလို့ရပြီ"

"တို့ကို နေထက် မကောင်းကြံတော့မယ် သိရဲ့ရဲ့"

သိမ့်သိမ့် ရယ်ရင်း နေထက်ကို ကြားအောင် ပြောလိုက်သည်။

"မကောင်းမဟုတ်ဘူး၊ အကောင်းစီစဉ်ပေးမှာ"

"ဘာလဲ ... နုသွေး အစ်ကိုကို သုံးပိုင်းခွဲဝေပေးမလား"

"မဟုတ်ပါဘူး၊ ငါ့သူငယ်ချင်းသုံးယောက်နဲ့ နင်တို့ကို အောင်သွယ်ပေးမလို့"

"နင့် သူငယ်ချင်းတွေများ"

"ကြိုက်တယ်လား"

"အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

နေထက်ကို မောင်းလာသော ကားလေးမှာလည်း စားတော်ဆက်ထဲ ဝင်လာခဲ့ပါတော့၏။

❋ ❖ ❋



# ၉ ၄ ၆

"နုသွေးကို ကိုနေ ပိုချစ်တယ်ဆိုတာ နုသွေး အသိအမှတ် ပြုလိုက်ပြီပေါ့နော်"

နေထက်ကိုက ကားကိုမှီကာ ရပ်နေသော ချစ်သူကို ကြည့်ပြီး ပြောလိုက်၏။

"ဟင့်အင်း ... နုသွေးက ပိုချစ်တယ်"

"မေမေကတောင် ကိုနေ့ကို ပြောနေပြီ"

"ဘာပြောတာလဲဟင် ..."

"ဖိုးသည်းတဲ့၊ အန်တီမာလာသမီးမို့ မေမေက သံယောဇဉ် ရှိပြီးသား၊ ချစ်နေပြီးသားမို့သာ တော်တော့တယ်တဲ့၊ ကိုနေ သည်းနေတာကို တခြားမိန်းကလေးသာဆို မျက်စိနောက် ပြီး စိတ်ဆိုးမိမှာပဲတဲ့"

နေထက်ကို စကားကို ကြည်နူးကျေနပ်စွာဖြင့် ပန်းနုသွေး နားထောင်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ... နုသွေးကိုချစ်တာ နုသွေးသိရင် ပြီးတာပဲ၊ အန်တီသူဇာရှေ့မှာ ကိုနေက နုသွေးအကြောင်း ခဏခဏမပြောနဲ့လေ"

"နုသွေးကို ကိုနေ သိပ်ချစ်တာ လူကြီးတွေပါ သိတော့ ပိုမကောင်းဘူးလား"

"မျက်စိနောက်မှာပေါ့ ကိုနေရယ်"

"မမေလည်း သိပါတယ်၊ မမေက ကိုနေ နုသွေးကို သိပ်ချစ်တာ သိတယ်"

"မိခင်တိုင်းက ကိုယ့်သားက တခြားမိန်းကလေးအပေါ် ကိုယ့်ထက် ပိုချစ်သွားမှာကို မလိုလားကြဘူးလေ"

"နုသွေးပြောတာ ဟုတ်နိုင်တယ်"

"ဘာဖြစ်လို့"

"မမေက မေးတယ်"

"ပြောပါဦး"

"မမေတို့နဲ့ နုသွေး ဘယ်သူ့ပိုချစ်လဲလို့"

"ကိုနေက ဘာပြောလိုက်လဲ"

ချစ်သူစကားကို သိချင်ဇောဖြင့် ပန်းနုသွေး မေးလိုက်သည်။

"မမေတို့က မိဘတွေပဲ၊ မမေတို့ကို ပိုချစ်တယ်ပြောလိုက်တယ်"

"ဟင် ..."



နေထက်ကိုထံမှ အဖြေက ပန်းနုသွေး ကြားလိုသော စကားမဟုတ်ပါ မျက်နှာညိုးသွားပါ၏။

နေထက်ကိုက ပန်းနုသွေးကိုကြည့်ကာ ...

"ဘာဖြစ်လို့လဲ၊ ကိုနေ ပြောတာ မှားသွားလို့လား နုသွေး"

"ကိုနေ ရင်ထဲရှိတဲ့အတိုင်း ပြောတာပဲ၊ ပြောပေါ့"

"နုသွေး စိတ်မဆိုးဘူးနော်"

"ကိုနေ့ အချစ်ကို သိရတော့ နုသွေးပဲ ဆင်ခြင်နိုင်တာပေါ့"

"ဘာဆင်ခြင်မလို့လဲ"

"ဩော် ... နုသွေးကလည်း မိဘထက် ချစ်သူကို ပိုမချစ်ဖို့ ဦးနှောက်ကို အသိပေးထားရတာပေါ့"

"ဟား ဟား ..."

နေထက်ကိုက ပန်းနုသွေးကိုကြည့်ပြီး သဘောကျစွာ ရယ်လိုက်သည်။

ပန်းနုသွေးက နေထက်ကိုအား လုံးဝ မကြည့်ပေ။

"နုသွေး စိတ်ကောက်နေတာကိုး"

"မကောက်ပါဘူး"

"ကျွဲမြီးတိုနေတာလား"

"မဆိုင်ပါဘူး"

"နုသွေးအချစ်က ကိုနေ့အပေါ် လိုတိုးပိုလျှော့ လုပ်ဖို့ ရလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာရောင်ပြန်ဟပ်တာပါ၊ ကိုနေ နုသွေးအပေါ်ထား တဲ့ အတိုင်းအတာလောက်တော့ နုသွေးကလည်း ကိုနေ ကို ချစ်ပါလိမ့်မယ်"

ယင်ယင်လေးတည်းက ပေါင်းလာသူမို့ မကျေနပ် လျှင် ပန်းနုသွေး ခနဲ့တဲ့တဲ့ပြောတတ်မှန်း နေထက်ကို သိနေပါ၏။

"သိပ်ဟုတ်တာပေါ့ နုသွေးလည်း ကိုနေ့ကို သိပ်ချစ်မှာ သေချာတယ်"

နေထက်ကိုက ပန်းနုသွေးကို ပြုံးစိစိကြည့်ပြီး ပြော လိုက်သည်။

"မပြောတတ်ဘူး"

"ကိုနေက ပြောတတ်တယ်၊ ဘာလို့လဲဆိုတော့၊ ကိုနေက နုသွေးအပေါ် အတိုင်းအတာ ကန့်သတ်ချက်မရှိအောင် ချစ်နေလို့"

နေထက်ကို စကားအဆုံးတွင် ပန်းနုသွေး ခနဲ့ပြုံး ပြုံးလိုက်ကာ ...

"ဟုတ်မှာပေါ့လေ ... မိဘနဲ့ချစ်သူဆိုရင် မိဘကို ပိုချစ်တဲ့ သူက အတိုင်းအတာ မကန့်သတ်ထားဘူးဆိုတာ ဟုတ်မှာ"

ပန်းနုသွေး၏ ခနဲ့စကားကို နေထက်ကို ပြုံး၍ နားထောင်နေလေသည်။

"နုသွေး ယုံလား"



"ဘာလို့လဲ"

"နုသွေးထက် မေမေတို့ကို ပိုချစ်တယ်ဆိုတာကို"

"ကြားလူပြောတာမဟုတ်ဘဲ ကိုနေကိုယ်တိုင် ပြောတာ မယုံဘဲရှိပါ့မလား"

"အဲဒီမှာ နုသွေးနဲ့ ကိုနေတို့ အချစ်ကွာတာ ပေါ်လွင်နေ ပြီ"

"ဟုတ်လား"

"ကိုနေကတော့ နုသွေးစကားကို အကုန်ယုံတယ်၊ နုသွေး ကသာ ကိုနေ့ကို မယုံဘူး"

ပန်းနုသွေး ဘာမှ ပြန်မပြောနဲ့ ငြိမ်နေလိုက်သည်။

"ကိုနေက နုသွေးရဲ့အချစ်ကို သိချင်လို့ စတာပါ"

"ဖြစ်ရပြန်ပြီ"

ပန်းနုသွေး မျက်စောင်းထိုးရင်း ပြောလိုက်၏။

"တကယ်ပါ"

"စကားအမျိုးမျိုးပြောတဲ့လူကို နုသွေး မုန်းတယ်"

"နုသွေး မယုံရင် မေမေ့ကို လိုက်မေး"

"မေးပါဘူး"

"နုသွေးကို ပိုချစ်တယ်လို့ မေမေ့ကို ပြောခဲ့တာပါ"

နေထက်ကို စကားကြောင့် သုန်မှုန်နေသော ပန်းနု သွေး မျက်နှာမှာ ကျေနပ်မှုလေးများ တွေ့လာရသည်။

သည်တော့မှ နေထက်ကို သက်ပြင်းချနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"မေမေ့လိုက်မေးပါဆို"

"ဟင့်အင်း ... ရှက်တယ်"

"မေမေလည်း ကိုနေ့စကားကြားတော့ နုသွေးလို မျက်နှ
ပျက်သွားတယ်"

"ဟုတ်လား"

"ကိုနေ့ကို စိုက်ကြည့်ပြီး သားကို မိဘထက် ပိုသွားပြီကို
လို့ပြောပြီး လှည့်ထွက်သွားတာ"

"စိတ်မကောင်းဖြစ်သွားတယ်ထင်တယ်"

"မတတ်နိုင်ဘူး၊ ကိုနေက လိမ်မှုမပြောကတတ်တာ"

"အန်တီသူဇာ ကျေနပ်အောင် ပြောလိုက်ရောပေါ့ ကိုေ
ရယ်"

"ကိုနေ မညာတတ်တာ နုသွေး သိပါတယ်"

"နုသွေးသိဖို့ အရေးကြီးတယ်"

"သားရှင်တွေရဲ့ မိခင်တွေ စိတ်ထဲမှာ သူတို့သားက
သူတို့ထက် ပိုပြီး ချစ်သူတို့ ဇနီးတို့အပေါ် ချစ်သွားမှ
စိုးရိမ်တတ်ကြတာပါ"

"သူတို့ စိုးရိမ်ပေမယ့်လည်း သားတွေက ချစ်သူဇနီးအပေါ်
ချစ်ကြတာပါပဲ နုသွေး"

"သဘာဝကို လွန်ဆန်လို့ မရပါဘူး ကိုနေ"

"ဘယ်လို နုသွေး"



"သံသရာတစ်ပတ် လည်နေကျပဲလေ"

"ရှင်းပါဦး"

"သူများသားကို ယူတုန်းက သူများသားက ကိုယ့်ကိုပဲ
ချစ်စေချင်ကြတယ်မဟုတ်လား၊ အမေဘဝရောက်လာတော့
လည်း သားက ချွေးမကိုချစ်တာ နားလည်တတ်ရမယ်၊
ကိုယ်ချင်းစာတတ်ရမယ်လေ၊ ဟုတ်ဖူးလား"

ချက်ကျလက်ကျ ပြောတတ်သော ပန်းနုသွေး
စကားကို နေထက်ကို လက်ခံလိုက်၏။

"ဒီတစ်ခါ မေမေမေးရင် နုသွေး ပြောတဲ့အတိုင်း ပြော
လိုက်မယ်နော်"

"နုသွေးက ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောတာ"

"ချွေးမတွေကြားရင် နုသွေးကို ချစ်ကြလိမ့်မယ်"

"ဘာလို့"

"နုသွေး ရှေ့နေလိုက်ကောင်းလို့ပေါ့"

နေထက်ကိုက ပန်းနုသွေးကို မျက်စိတစ်ဖက်မှိတ်
ပြီး ပြောလိုက်၏။

"ကိုနေပြောသလို ပြောရရင် ယောက္ခမတွေကြားရင်တော့
နုသွေးကို မုန်းကြမှာ"

"အမှန်အကန်ပါပဲ"

"နုသွေး စဉ်းစားလို့မရတာ တစ်မှုရှိတယ်"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမတွေက သမက်အပေါ် ကောင်းကြသလော
ချွေးမအပေါ် အပြစ်မြင်ပြီး မကောင်းတတ်တာ ဘာလို့
ဆိုတာကိုပဲ"

"ဒါလေးများ"

"ကိုနေ သိလား"

"သိတာပေါ့"

"နုသွေးကိုပြော"

"နုသွေးမေးတဲ့ မေးခွန်းကို ချွေးမတိုင်း သိချင်ကြမှာနော်"

"သေချာတာပေါ့ ကိုနေ"

"သိချင်ရင် နုသွေး အာဒံနဲ့ ဧဝကို သွားမေးကြည့်ပါလား"

"ဟာ ... ကိုနေ ဖောက်ပြီ"

"တကယ်ပြောတာ၊ အာဒံနဲ့ဧဝကြောင့် လူသားတွေ ဖြ
လာရတာဆိုတော့ သူတို့ကို မေးမှ အဖြေပေါ်မှာပေါ့"

"ကိုနေပဲ အပြောကောင်း"

ချစ်သူကို ချစ်မျက်စောင်းလေးထိုးကာ ပန်းနုသွေ
ပြောလိုက်၏။

ချစ်သူဘဝတွင် စကားဦးတည့်ရာကိုပြောပြီး ကြည်
နူးပျော်ရွှင်ခြင်းဖြင့် အချိန်ကုန်သွားတတ်ကြသည်။

ချစ်သူဘဝတွင် ချစ်သူထံမှ အကြင်နာ အယုအယ
များအပြင် တစ်ဦးကိုတစ်ဦး မည်သူက ပိုချစ်ကြောင်း စကာ
နိုင်လုရသည်မှာလည်း ကြည်နူးမှုတစ်ခုပင်။



အခုလည်း နေထက်ကိုမှာ မိဘထက် ချစ်သူကို
ပိုချစ်ကြောင်း ချစ်သူသိစေချင်သလို ပန်းနုသွေးထံမှ အချစ်မှတ်
များ ယူနေခြင်းပင်။

"နုသွေး"

"ရှင်"

"သိပ်ချစ်တယ်နော်"

"သူများတွေ ကြားသွားမယ်"

"ကြားပါစေ၊ ကိုနေ့ အချစ်ကို စကြဝဠာတစ်ခုလုံး သိ
အောင် ကြွားချင်တာ"

"ကိုသည်း"

"မိသည်းလေးရဲ့ ချစ်သူပဲ"

"ကိုချွဲ"

"မိချွဲလေးရဲ့ချစ်သူလေ"

ပန်းနုသွေးက ချစ်သူအား ချစ်ရည်ရွှမ်းသော မျက်
လုံးများဖြင့်ကြည့်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရ၏။

"ပြောဦးလေ နုသွေး"

"မပြောချင်တော့ဘူး"

"ကိုနေက နုသွေးရဲ့ရှေ့နေနော်"

"ဘာလို့"

"တစ်သက်လုံး နုသွေးရှေ့ကနေပြီး အခက်အခဲဟူသမျှကို
မားမားမတ်မတ်ရပ်ပြီး ဖြေရှင်းပေးသွားမယ့် အချစ်ရှေ့နေ
လေ"

www.burmeseclassic.com

www.burmeseclassic.com



"စကားကို ကွန်အောင်မပြောနဲ့ဦး ကိုနေရေ"

"စောင့်ကြည့်ပေါ့ နသွေး"

ချစ်သူနှစ်ဦးမှာ စကားနိုင်လုကာ ပြောနေခြင်းဖြင့် အချိန်တွေ ကုန်မှန်းပင်မသိ။ သူတို့နားသို့ သူငယ်ချင်းများရောက်လာသည်ပင် မသိလိုက်ကြ။

"ဘာတွေ စောင့်ကြည့်ခိုင်းနေတာလဲဟ၊ ငါတို့လည်း ကြည့်မယ်"

"အမယ်လေး"

ချစ်သူနှင့် ကြည်နူးနေရာမှ အမှတ်တမဲ့ နောက်နားဆီမှ အသံကြောင့် ပန်းနသွေး လန့်သွားမိသည်။

"နင်တို့ကြောင့် ငါ့ချစ်ချစ် လန့်သွားပြီ"

နေထက်ကိုက ထက်ထက်၊ သီရိနှင့် သိမ့်သိမ့်တို့ကို လှမ်းပြောလိုက်၏။

"ဒါလေးများ လန့်စရာလား"

"သည်းကိုသည်းတယ်"

"နင်တို့က အတွဲပဲရှိသေးတော့ ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ"

"နင်တို့ကိုကြည့်ပြီး အတွဲမရှာချင်တော့တာ"

"ဘာလဲ ... ငါတို့လို စံပြအတွဲဖြစ်အောင် မကြိုးစားနိုင်လို့လား"



"တော်ပြီ ... နင့်ကို နိုင်အောင်ပြောလို့ရမှာ မဟုတ်တဲ့ အတူတူ မပြောတော့ဘူး"

"ပြန်မယ်"

"အစောကြီးရှိသေးတယ်"

"နာရီလည်း ငုံ့ကြည့်ဦး နသွေး"

"အချိန်တွေက အကုန်မြန်လိုက်တာ"

"ညည်းမနေကြနဲ့တော့၊ ကျူတိုရီရယ်အချိန် နီးနေပြီ၊ လစ်စို့"

သူငယ်ချင်းများ စကားကြောင့် နေထက်ကိုက ကားတံခါးကို သေချာပိတ်ပြီး နှစ်ဦးသား စာသင်ခန်းရှိရာ ပြန်လျှောက်လာခဲ့ကြသည်။

"နသွေးကို ကောင်တွေ ငမ်းနေပြီ၊ နသွေး ပြန်မကြည့်နဲ့"

နေထက်ကိုက ချစ်သူကို သဝန်တိုစွာ ပြောရင်း လက်တွဲကာ လိုက်ပါတော့၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

နေထက်ကိုနှင့် ပန်းနုသွေးတို့ စာသင်ပြီး၍ ကားများရှိရာသို့ လမ်းလျှောက်လာခဲ့ကြလေသည်။

"ကိုနေ့ကို အိမ်လိုက်ပို့ပေးနော် နုသွေး"

"အင်းပါဆို"

နှစ်ဦးသား ကားနားရောက်သည်တွင် ကားပေါ်မှ ထွက်လာသော ထိုက်အောင်ကို တွေ့လိုက်ရ၏။

"ကိုကို လာကြိုတယ်"

"ဟုတ်တယ်၊ ဦးအေးက ဖေဖေတို့နဲ့ ပါသွားလို့"

"ကိုနေကလည်း ဒီနေ့ ကားမပါလာလို့ အိမ်ကို ဖုန်းဆက်ပြောရတာ"

"ရပါတယ် နုသွေးရာ"

"ကိုနေ့ကို အရင်ဝင်ပို့ပေးနော် ကိုကို"

"အေးပါဟ"



"ကိုနေ ရှေ့ကထိုင်"

အစ်ကိုဖြစ်သူရှေ့တွင် နှစ်ယောက်တည်း မထိုင်ချင်၍ ပန်းနုသွေးက ချစ်သူကို လှမ်းပြောလိုက်သည်။

"လုပ်မနေပါနဲ့ ညီမလေးရယ်၊ နေထက်လည်း နောက်မှာ ထိုင်ချင်ထိုင်ပါ"

ကိုထိုက်အောင်က ပန်းနုသွေးကို ရယ်ရင်း ပြောလိုက်သည်။

"ထိုင်စေချင်တာပေါ့ ကိုကို၊ ဒါပေမဲ့ ကိုကို ဖင်ကျိန်းနေမှာ စိုးလို့ပါ"

ပန်းနုသွေးစကားကြောင့် ထိုက်အောင် ရယ်လိုက်၏။

"နင်တို့စုံတွဲကို တစ်မျိုးလုံး တစ်ဆွေလုံးက သိနေကြပြီး သားပဲ၊ မဟုတ်ဘူးလား နေထက်"

"ဟုတ်တယ် ကိုကို"

"ကိုနေနော်"

"ကိုကို ခွင့်ပြုချက်ရနေပြီ၊ ကိုနေ နုသွေးနဲ့ လာထိုင်ရမလား"

"မထိုင်နဲ့ ရှေ့မှာပဲထိုင်"

နေထက်ကိုက ထိုက်အောင်ဘေးတွင် ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်အောင်က ခေါင်းခါပြီး ကားကို မောင်းထွက်လာခဲ့သည်။

"နုသွေးကို သိပ်အလိုမလိုက်နဲ့ နေထက်"

"ကိုကိုနော်"

"ကျွန်တော်က နုသွေးကို သိပ်ချစ်တာကိုး ကိုကို"

"အေးပါ၊ မင်းချစ်တာတော့ ချစ်တာပေါ့၊ သိပ်ချစ်လွန်းတာ မကောင်းဘူး နေထက်"

ထိုက်အောင်စကားကြောင့် နောက်မှ ထိုင်လိုက်လာသော ပန်းနုသွေး နှုတ်ခမ်းစူမိလေသည်။

"ဘာဖြစ်လို့လဲ ကိုကို"

"သိပ်ချစ်လွန်းရင် တစ်ဖက်စွန်းရောက်တတ်တယ်ကွ"

"ဒါတော့ ကျွန်တော်မသိဘူး ကိုကို၊ ကျွန်တော်သိတာ နုသွေးကို ချစ်တာပဲ"

"တစ်ခါတစ်ခါတော့ ကိုနေချစ်တာက သဝန်တိုမှုတွေ များတယ် ကိုကို"

ပန်းနုသွေး စဉ်းစားပြီး ပြောလိုက်လေသည်။

"သဝန်တိုတာ ချစ်လွန်းလို့ပဲ နုသွေး"

"ဟိုလူနဲ့ စကားမပြောရဘူး၊ ဒီလူကို မပြုံးပြရဘူးလို့ ချုပ်ချယ်တာကြတော့ နုသွေး စိတ်ဆင်းရဲရတာပေါ့"

"ကိုနေတစ်ယောက်လုံး နုသွေးနားမှာ ရှိနေတာပဲ၊ နုသွေး ဘယ်ကောင်ကို ပြုံးပြချင်သေးလဲ"



"ကြားတယ်မို့လား ကိုကို၊ ကိုနေ ချစ်တာကို ဝမ်းသာပါတယ်၊ အဲဒီလို သဝန်တိုမှုလေးတွေနဲ့ ကြုံတဲ့အခါတော့ စိတ်ညစ်မိတာ အမှန်ပဲ"

"ကဲပါ ... စကားပြောရင်း နှစ်ယောက်သား စိတ်ကောက်ကြဦးမယ်၊ နင်တို့အထာနဲ့ နင်တို့ ဆက်သွားကြ၊ ငါဝင်မပြောတော့ဘူး"

ထိုက်အောင်က ပန်းနုသွေးကို နောက်ကြည့်မှန်မှ ကြည့်ပြီး ပြောလိုက်၏။

"ကိုကို"

"ဘာလဲ"

"နုသွေးကို ပိုက်ဆံပေးဦး"

"ဖေဖေနဲ့မေမေ ပေးနေတယ်မို့လား"

"ကိုကို့ဆီကလည်း လိုချင်တယ်"

"ဘာလုပ်ဖို့လဲ"

"အဝတ်အစား ဝယ်မလို့"

"ဝယ်ပဲဝယ်နိုင်လွန်းတယ် နုသွေး၊ အဝတ်အစားဝယ်ထားတာတွေပဲ ဝတ်လို့မကုန်ပါဘူးဟာ"

ထိုက်အောင် စကားကြောင့် ပန်းနုသွေး နှာခေါင်းရှုံ့သွားသည်။

"ကိုကိုတို့ယောကျ်ားလေးတွေ အဲဒါ ခက်တာပေါ့"

"ဘာခက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးဆီမှာရှိတဲ့ အဝတ်အစားက ဒိတ်အောက်သွားပြီ"

"တစ်နှစ်တောင်မပြည့်သေးဘူး ဒိတ်အောက်ပြီလား နုသွေး"

"အောက်တာပေါ့ ကိုကိုရာ၊ တစ်နှစ်မပြောနဲ့ တစ်နေ့နဲ့ တစ်နေ့တောင် မတူဘူး၊ ရယ်ဒီမိတ်အင်္ကျီတစ်ထည် ရှစ်တောင် တစ်သောင်းပေးရတာ ကိုကိုရဲ့"

"အဲဒီတစ်သောင်းပေးပြီး ဝယ်လား နုသွေး"

"ဝယ်တာပေါ့"

"ပိုက်ဆံ နှမြောစရာကြီးပဲ"

"ကိုကိုက ကော်တရာဖို့ပဲ စဉ်းစားနေ"

"တခြားမိန်းကလေးတွေ နင့်လောက် ဝတ်ကြရဲ့လား နုသွေး"

"ဝတ်တဲ့သူလည်းရှိတယ်၊ မဝတ်တဲ့လူလည်း ရှိတာပေါ့"

"ငါတို့တော့ အင်္ကျီဟာအင်္ကျီပဲ၊ ဒီလောက် ဈေးကြီးကြီးပေးပြီး ဝယ်ဝတ်ရမှာ နှမြောတယ်"

"နုသွေး ဝတ်တဲ့ အင်္ကျီတွေက ရှစ်ထောင်တစ်သောင်းတန်တွေလားဟင်"

နေထက်ကိုကပါ ဝင်မေးလိုက်၏။

"ဒါပေါ့၊ နုသွေးအင်္ကျီတွေက တစ်ထောင်ဂဏန်းအနည်းဆုံးပဲ ကိုနေ"

"မိဘ ပိုက်ဆံချမ်းသာလို့သာ တော်သေးတာပေါ့"



"ကိုကိုကလည်း၊ နုသွေးကလည်း မိဘပိုက်ဆံချမ်းသာလို့ ဝယ်တာပေါ့၊ မချမ်းသာရင် ဝယ်နိုင်ပါ့မလား"

"ငါတော့ နေထက်ကို့ကို သနားတယ်"

"မေမေတို့ ပိုက်ဆံတွေ ခြကိုက်ကုန်မှာစိုးလို့ နုသွေး သုံးပေးနေတာ၊ နုသွေးကိုတောင် ကျေးဇူးတင်ရမယ်"

ပန်းနုသွေး စကားကြောင့် နေထက်ကို ပြုံးလိုက်၏။

"ကျွန်တော်က တစ်ဦးဘည်းသောသားပဲ ကိုကိုရာ၊ နုသွေး သုံးချင်တာ သုံးရအောင် ကျွန်တော် ကြိုးစားမှာပါ"

"ကောင်းကွာ"

နေထက်ကိုအဖြေကြောင့် ကိုထိုက်အောင် ကားမောင်းရင်း ခေါင်းခါလိုက်၏။

"ကြားလား ကိုကို၊ နုသွေးတို့က ဂလို ဂလို ကိုနေ့ကို ပိုင်တာလေ"

"ဝမ်းသာပါတယ်၊ နုသွေးအပေါ် တစ်သက်လုံး အလိုလိုက်သွားနိုင်ရင် ကိုကိုတို့ ဝမ်းသာရမှာပေါ့"

"ကျွန်တော်မကြိုက်တဲ့ ကောင်လေးတွေနဲ့ မဆက်ဆံရင် ကျွန်တော် နုသွေးဆန္ဒအားလုံးကို လိုက်လျောနိုင်ပါတယ်"

"မင်းစကားကြားရတာ ဝမ်းသာပါတယ်၊ အိမ်ရောက်မှ မေမေ့ကို ပြောပြရမယ်"

"နုသွေးက မေမေ့သမီး ပီသပါတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ထိုက်အောင်စကားကို နားမလည်၍ ပန်းနုသွေး လှမ်းမေးလိုက်သည်။

"မေမေနဲ့ဘာတူလို့လဲ ကိုကိုရ"

"မေမေက ဖေဖေ့ကို ချုပ်ကိုင်ထားနိုင်သလို၊ ညီမလေး ကလည်း နေထက်ကိုအပေါ် လွှမ်းမိုးနိုင်တာလေ"

"ဟာ ... ကိုကိုကလဲ"

ပန်းနုသွေးက အရယ်မျက်နှာလေးဖြင့် ထိုက်အောင် ကို လှမ်းထုလိုက်၏။

နေထက်ကိုက ပန်းနုသွေးကို နောက်လှည့်ကြည့်ပြီး မျက်စိမှိတ်ပြလိုက်သည်။

ပန်းနုသွေး ချစ်သူကို နှုတ်ခမ်းစူကာ မူပြလိုက်ပါ၏။

"ဝက်ဖင်မြင်ဖူးလား ကိုကို"

နေထက်ကိုက ထိုက်အောင်ကို လှမ်းမေးလိုက်သည်။

"မြင်ဖူးတာပေါ့"

"နုသွေး နှုတ်ခမ်းစူထားသလိုလား ဟင်"

ထိုက်အောင် နောက်ကြည့်မှန်မှကြည့်ပြီး ရယ်ကာ...

"အေး ... တူတယ် နေထက်ကို"

"ကိုနေနဲ့ ကိုကိုနော်၊ နုသွေး မကြိုက်ဘူး"

"ချစ်လို့စတာပဲ၊ စပါစေ ညီမလေးရာ"

"မစရဘူး"

"မလွယ်ပါလား"



"ကိုကို ဘာသိလို့လဲ၊ နုသွေးကို နှိမ်ပြောတာ ခံနေရင် အမြဲ အဖြောခံရမှာ"

"ဒါကြောင့်ထင်တယ် ကိုကို၊ နုသွေးကို ကျွန်တော်က ချစ်လို့ စတာတောင် အစမခံဘူး၊ သူ့ကို တစ်ခါစမိပါတယ် နှစ်ပတ်လောက် ကျွန်တော့်ကို စကားမပြောဘဲ နေတာ၊ ကိုကို့ညီမ အားကြီးဆိုးတယ်"

နေထက်ကို ရယ်ပြီး ကိုထိုက်အောင်ကို တိုင်ပြော လိုက်သည်။

ပန်းနုသွေးက နေထက်ကိုအား မျက်စောင်းထိုး ရင်း ...

"ဆိုးတယ်ထင်ရင် မချစ်နဲ့ပေါ့"

"ကြားလား ကိုကို"

"ကိုနေ့ကို ဘယ်သူက ချစ်ခိုင်းလို့လဲ"

"ကိုကို့ရှေ့မှာ ရန်မဖြစ်ကြနဲ့လေ၊ စားယူမလား၊ တုတ် ယူမလားပြော"

သူတို့နှစ်ဦးကိုကြည့်ပြီး ထိုက်အောင်ပျော်လာ၍ နောက်ပြောင်လိုက်၏။

"နုသွေးက စားယူမယ်"

"နေထက်ကိုကို ခုတ်မလို့လား"

"ကြားဝင်တဲ့ ကိုကို့ကို ခုတ်မလို့"

"တော်တော်ချစ်ဖို့ကောင်းတဲ့ ညီမပါလား နေထက်ကိုရေ"

www.burmeseclassic.com

www.burmeseclassic.com



ထိုက်အောင်စကားကြောင့် နေထက်ကို ရယ်လိုက်၏။

"နုသွေးလို ညီမတွေချည်းဖြစ်ရင် လောကမှာ အစ်ကိုတွေ မျိုးပြုတ်သွားနိုင်တယ်ကွ"

"ဟား ဟား ..."

နေထက်ကိုကတော့ ရယ်နေပါ၏။

"စတာပါ ကိုကိုရာ၊ နုသွေးမှာ ရှားရှားပါးပါး အစ်ကို တစ်ယောက်ပဲရှိတာ"

"အခုမှ နုသွေးက မြက်လှျောလုပ်ချင်လိုက်တယ်ကွ"

"ကိုကို့ကို နုသွေး သူငယ်ချင်းတွေ ပိုင်းတောင်းတာတောင် မပေးနိုင်ဘူး"

"အသေမတည့်လို့လား"

ထိုက်အောင်က ညီမဖြစ်သူကို စလိုက်၏။

"မဟုတ်ဘူး၊ နုသွေးကိုမှ တည့်အောင်မပေါင်းနိုင်ဘူးဆို လို့ ယောက်မစာရင်းက ပယ်ဖျက်လိုက်တာ ကိုကိုရေ့"

"နုသွေးနဲ့တည့်မှ ယောက်မတော်မယ်ဆိုရင်တော့ ကိုကို ဒီတစ်သက် မိန်းမရမှာ မဟုတ်တော့ပါဘူး"

ထိုက်အောင်က ရယ်ချင်စိတ်ကို မြိုသိပ်ကာ ခပ် ညည်းညည်းလေး ပြောလိုက်ပါသည်။

"နုသွေးကို ဆိုးတယ်ပြောတာလား"

"ငါ့ညီမလေး မဆိုးပါဘူး"



"သဘောပေါက်"

"နေထက်ကိုမှာ အစ်မတွေ ညီမတွေမရှိတာ ကံကောင်း တယ်"

"ဘာလို့လဲ ကိုကို"

"မဟုတ်ရင် မင်းမိန်းမနဲ့ အစ်မတွေကြားမှာ စိတ်ညစ်နေ ရမှာပေါ့"

"ကိုကို့စကား သူများတွေကြားရင် နုသွေးက လူဆိုးမ လေးထင်စရာဖြစ်နေပြီ ပြန်ပြင်ပြော"

"ကြားတယ်မို့လား နေထက်ကို၊ ငါ့ညီမက မဆိုးပါဘူး၊ အနိုင်ကျင့် ဗိုလ်ကျတာလေးတစ်ခုတည်း ရှိတာပါ"

ထိုက်အောင်က ရှုံ့ရှုံ့မဲ့မဲ့မျက်နှာဖြင့် နောက်ကြည့် မှန်မှတစ်ဆင့် ပန်းနုသွေးကိုကြည့်ကာ ပြောလိုက်ပါတော့၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



# ၄ ၆ ၇

"တော်တော်သည်းတဲ့လူ"

ဟူ၍ ပြောလိုက်သံကို နှစ်ဦးစလုံး ကြားလိုက်ရလေသည်။

"ကောင်းတယ် ... အပြောခံရပြီ"

ပန်းနုသွေးက ချစ်သူအဖြစ်သည်းသည်ကို ကျေနပ်သော်လည်း နေထက်ကိုအား နှုတ်ခမ်းစူကာ မူချွဲလိုက်၏။

"ပြောပစေ ကိုယ့်ချစ်သူကိုချစ်တာ အသိအမှတ်ပြုခံရတဲ့စကားပဲ"

နေထက်ကို ပြုံး၍ ပန်းနုသွေးအား ပြောလိုက်လေသည်။

"တစ်ကမ္ဘာလုံးသိရင် ပိုကောင်းမယ်"

"လွန်တာပေါ့"

"တကယ်ပြောတာ"



"ဟင်း ဟင်း ..."

"မယုံဘူးလား၊ ဟောဒီ နေထိုက်ကိုဆိုတဲ့ ကောင်ချောချောလေးက ပန်းနုသွေးဆိုတဲ့ အရုပ်ဆိုးဆိုးကောင်မလေးကို သိပ်ချစ်တာ လူတိုင်းသိအောင် ကြေညာပါတယ်လို့ ပြောချင်နေတာ"

ပန်းနုသွေး ချစ်မျက်စောင်းထိုးလိုက်လေသည်။

"ဟင် ... ကိုနေက လူလည်လုပ်တာပေါ့"

"ဘာလုပ်လို့လဲ"

"သူ့ကျတော့ ကောင်ချောချောလေးတဲ့၊ သူများကျတော့ အရုပ်ဆိုးတယ်တဲ့"

"အမှန်ပြောတာပါ"

"အရုပ်ဆိုးတယ်ထင်ရင် ဘာလို့ကြိုက်လဲ"

"ချစ်လို့ပေါ့"

"မချစ်နဲ့တော့"

"ချစ်မှာပဲ"

"နုသွေးက အရုပ်ဆိုးတယ်ဆို ကိုနေ ဂုဏ်ငယ်နေမှာပေါ့"

"ငယ်ပါစေ၊ ကိုနေက တမင်အရုပ်ဆိုးတဲ့ ချစ်သူ ရွေးထားတာ၊ ဒါမှ မျက်နှာမများဘဲ ကိုနေတစ်ဦးတည်းကို ကြိုက်ရအောင်လို့"

နေထက်ကိုမှာ ပန်းနုသွေးမခံချင်အောင် စနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး စိတ်ကောက်လေပြီ။

နေထက်ကိုအား လုံး၀ စကားမပြောတော့ဘဲ တိတ်ဆိတ်သွားပါ၏။

"အရုပ်ဆိုးမလေး စိတ်ကောက်နေပြီ"

နှစ်ဦးသား စီးပွားရေးတက္ကသိုလ်ဝင်းထဲသို့ လျှောက်လာကြသည်။

"နုသွေး"

ပန်းနုသွေး မထူးဘဲ ငြိမ်နေ၏။

"နုသွေး"

နေထက်ကိုက ခေါ်ရင်း ပန်းနုသွေးအား လှမ်းကြည့်လိုက်၏။

"ဟောဗျာ ... တကယ်စိတ်ကောက်နေတာကိုး"

"စိတ်ကောက်မှတော့ အလကားကောက်မလား"

ပန်းနုသွေးက နေထက်ကိုအား မကြည့်ဘဲ ဘုပြောလိုက်၏။

"ကိုနေက ချစ်လို့စတာ နုသွေးလား အရုပ်ဆိုးတာ၊ ဘယ်သူ့မေးမေး နုသွေး သိပ်လှတယ်ပြောကြမှာ"

ပန်းနုသွေးဆီမှ စကားသံ မထွက်လာ။

"ကိုနေကတောင် နုသွေးကို ကောင်လေးတွေ ဝိုင်းရှိတ်လို့ သဝန်တိုနေရတာ၊ နုသွေးမလှရင် အငြိမ်းခံရပါ့မလား"

နေထက်ကိုက ချစ်သူကို အမျိုးမျိုး ချော့နေလေသည်။



ပန်းနုသွေးမှာ နေထက်ကိုကိုကြည့်ပြီး ရယ်ချင်သွား၍ နှုတ်ခမ်းကို သွားဖြင့်ဖိထားရလေသည်။

"ဟော ... ကောင်မလေးတစ်ယောက် မလှဘူးပြောလို့ စိတ်ကောက်နေရာက လှတယ်ပြောမှ ပြုံးလာပြီ"

"သွား ... ကိုနေ မကောင်းဘူး"

"ကောင်းပါတယ် နုသွေး"

"နုသွေးကို အားကြီးစတယ်"

"ကိုနေက ချစ်လို့စတာ"

"ချစ်လို့ နုသွေးကို အရုပ်ဆိုးတယ်ပြောတာပေါ့နော်"

"နုသွေး ကြားဖူးမှာပါ"

"ဘာကိုလဲ"

"ဟိုသီချင်းလေ"

"ဘယ်သီချင်းလဲ"

"ကိုယ့်ချစ်သူထက်လှမယ်ဆိုတာ မရှိရိုးထုံးစံကွယ် ... လှပါတယ် မေရယ် ဆိုတဲ့သီချင်းလေ"

"အလို ... အခြောက်ကျော်ကြီးပါလား"

ပန်းနုသွေးက နေထက်ကိုအား အဆိုကျော်မပြောဘဲ တမင်နောက်ပြောင်ပြလိုက်၏။

"တင်စားတာလေ၊ ကိုနေလည်း ဒီလိုပဲပေါ့"

"သေချာရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်၊ လောကကြီးမှာ နုသွေးကလွဲရင် မိန်း
လေးအားလုံး လှတယ်ထင်တယ်"

"ပြောပြန်ပြီ၊ နုသွေး မကြိုက်ဘူး"

ပန်းနုသွေးက မျက်နှာတည်ကာ လေသံမာမာလေ
ဖြင့် ပြောလိုက်ပါ၏။

မိန်းကလေးတိုင်း၏ဆန္ဒဟု ပြောနိုင်ပါ၏။

လောကကြီးတွင် ကိုယ့်ချစ်သူက ကိုယ့်ကိုသ
အလှဆုံးထင်စေချင်တတ်ကြသလို ကိုယ့်ကိုသာ ချီးမွမ်းခံချင်တ
ကြလေ၏။

ကိုယ်ကလွဲပြီး အားလုံးလှသည်ဟုပြောလာလျှ
စိတ်ဆိုးကြမည်သာ။

"ဘွာတေး ... ဘွာတေး ... ကိုနေက စိတ်ကောက်တတ်
ချစ်သူကို ချော့ချင်လို့စတာပါ"

"မစနဲ့ မကြိုက်ဘူး"

"နုသွေး စကားမပြောဘဲနေရင် ကိုနေ မနေတတ်ဘူး"

ဒါပါပဲ။

ချစ်သူဘဝတွင် ချစ်သူ၏ အချော့အမြူ အယုအယ
များကြောင့် မိန်းကလေးများမှာ ချစ်သူအပေါ် နှစ်နှစ်ကာကာ
ချစ်သွားတတ်ကြ၏။

ပန်းနုသွေးမှာလည်း နေထက်ကို၏ အချော့ကြောင့်
ကြာရှည်စိတ်မကောက်နိုင်ပေ။



"နုသွေး"

"ဟင် ..."

"ကိုနေ့အနားတိုးစမ်းပါ"

"လူတွေကြည့်နေတယ်"

"လူတွေဝိုင်းကြည့်လို့ ကိုနေ့အနား တိုးခိုင်းတာပေါ့၊
ဒါမှ နုသွေးကို မေးနေတဲ့သူတွေ ပိုင်ရှင်ရှိတာ သိသွားမှာ"

"ဦးသဝန်ကြောင်"

ပန်းနုသွေးက ချစ်သူကို ချစ်စနိုး စလိုက်၏။
နေထက်ကိုက အနားမတိုးလာသော ပန်းနုသွေးနားသို့ တိုးသွား
ကာ ပန်းနုသွေး၏လက်ကို ဆုပ်ကိုင်ကာ ဝင့်ကြွားသောမျက်နှာ
ဖြင့် လျှောက်လာခဲ့၏။

တက္ကသိုလ်တွင် လက်ချင်းတွဲသွားခြင်း၊ အတူတွဲ
ထိုင်ခြင်းမှာ မဆန်း။

"ကိုနေကလည်း နုသွေး ရှက်တယ်၊ ကျောင်းဝင်းထဲမှာနော်"

"ကျောင်းဝင်းထဲမှာမို့ ပိုပြီး မကွာပ်တိုင် တက်ပြရတာပေါ့၊
နုသွေးက အီကိုကွင်းဆိုတော့ ယောကျ်ားလေးတွေ ဝိုင်း
ကြည့်ကြတာ"

"ကြည့်တာပဲ အသားပုံပါတာမှမဟုတ်တာ ကိုနေရယ်"

"နုသွေးကို အကြည့်ခံရတိုင်း ကိုနေ့ နှလုံးသားတွေ နာ
ကျင်သွားတယ်၊ အကြည့်တောင်မခံနိုင်ပါဘူး"

နေထက်ကိုက မကျေမနပ်ဖြင့် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး ရယ်မောရင်း ချစ်သူ၏ သဝန်တိုမှုကို ကျေနပ်နေပါ၏။

သိပ်ချစ်တတ်သူများ သဝန်တိုစမြဲပါပေ။

"ကဲပါ ... ခုဆို နုသွေးမှာ မှတ်ပုံတင်ထားပြီးသားရှိမှန်း သိလောက်ပါပြီ ကိုနေ၊ ကိုနေ့ကို နုသွေး မေးရဦးမယ်"

"ဘာလဲ ... နုသွေးကို ဘယ်လောက် ချစ်လဲလို့လား၊ ဘာနဲ့မှနှိုင်းမရအောင် ချစ်တယ်လို့ ကိုနေ အမြဲပြောနေသားပဲ"

နေထက်ကို စကားကို ပန်းနုသွေး ခေါင်းခါလိုက်သည်။

"ကိုနေ စာကော ကျက်ရဲ့လားလို့ မေးမလို့"

"ကျက်ပါတယ်"

"ကျောင်းကပြန်တာနဲ့ သူငယ်ချင်းတွေနဲ့ ထွက်လည်သေးလား"

"ဟင့်အင်း"

"နုသွေး စကားနားထောင်တယ်ပေါ့"

"အင်း ..."

"လိမ္မာတယ်၊ နုသွေးစကား နားထောင်တဲ့ ကိုနေကို အများကြီးချစ်သွားပြီ"

"အရင်က နုသွေးက နည်းနည်းလေးချစ်တာလားဟင်"



ပန်းနုသွေး စကားကို အကျအနကောက်ပြီး နေထက်ကို မေးလိုက်၏။

"အရင်ကလည်း အများကြီးချစ်တာပါ၊ အခု အရင်ကထက် ပိုများသွားပြီ"

"ရင်နဲ့ဆံ့သေးရဲ့လား"

"ဘာကိုလဲ"

"ကိုနေ့ကိုချစ်တဲ့ အချစ်လေ"

"ရင်နဲ့မဆံ့တော့ဘူး၊ ပေါက်ကွဲသွားနိုင်တယ် ကိုနေရယ်"

"မိုချွဲ"

နေထက်ကို ကျေနပ်စွာ ရယ်ပြီးပြောလိုက်လေသည်။

"ချစ်လို့ချွဲတာ မချွဲရဘူးလား"

ချစ်မျက်စောင်းလေးထိုးကာ ပန်းနုသွေး ခပ်ချွဲချွဲ လေးပြောလိုက်၏။

"ချွဲပါဗျာ၊ ကိုနေနဲ့ လက်ထပ်ပြီး အတူနေတဲ့အခါ ပိုချွဲ"

"စားဖို့သောက်ဖို့ကော"

"နုသွေး ချက်ပေါ့"

"ဟင် ... နုသွေး မချက်တတ်ဘူး"

"ကိုနေ ချက်ကျွေးမယ်"

"ကိုနေက ချက်တတ်လို့လား"

ပန်းနုသွေးက တမင် မချက်တတ်ချင်ဟန်ဆောင်ပြီး ပြောလိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"တတ်တာပေါ့"

"ဘာဟင်းတွေ ချက်တတ်လဲ ကိုနေ"

"ရေနွေးအိုး တည်တတ်တယ်"

"အင်း ..."

"ခေါက်ဆွဲ ဆပ္ပါတ်တတ်တယ်"

"ဘယ်ဆိုးလို့လဲ"

"မီးဖိုပေါ် ဟင်းအိုးတင်ပြီး ရေထည့်၊ ဘဲဥပြုတ်တတ်တယ်"

"အားပါး ... ကိုနေနဲ့သာ အတူနေပြီးရင် နုသွေးတော့ စားကောင်းတော့မှာပဲ"

"ဟား ဟား ..."

ချစ်သူနှစ်ဦး ကြည်နူးစွာဖြင့် ရယ်လိုက်၏။

"အလကားစတာ၊ ကိုနေ ဟင်းကောင်းကောင်းချက်တတ်ပါတယ်၊ ငယ်ငယ်တည်းက ဝါသနာပါတာ သိတယ်မို့လား"

"သိပါတယ်၊ ဒါပေမဲ့ နုသွေး ချက်ကျွေးမှာပါ"

"နုသွေးကော ချက်တတ်ပြီလား"

နှစ်ဦးသား အရိပ်ကောင်းသော သစ်ပင်အောက်တွင် ထိုင်ကာ စကားပြောနေကြရသည်ကိုပင် ပျော်နေကြပါ၏။

နေထက်ကိုက ပန်းနုသွေးကိုကြည့်ကာ မေးလိုက်၏။

"ကိုနေက နုသွေးကို အထင်စမော်လိုက်တာ၊ ကိုနေထက်သာတယ် သိလား"



"ဟုတ်လား"

"နုသွေးက မီးမွှေးတတ်တယ်၊ ကိုနေ တတ်လို့လား"

"ဟင့်အင်း"

"နုသွေးပြောတာက လျှပ်စစ်မီးဖိုပြောတာ၊ ခလုတ်လေး ဖွင့်ပြီး မီးမွှေးလိုက်ရုံပဲ"

"ဟား ဟား ... သိပ်ခက်တဲ့ မီးမွှေးနည်းပဲနော်"

"ဒါတောင် ခလုတ်လိုက်မှာ ကြောက်ရသေးတာ"

"နုသွေးရဲ့ ကလေးဆန်တဲ့ အပြောအဆိုလေးတွေ အမူအရာလေးတွေကြောင့် ကိုနေ ရင်တွေကွဲမတတ် ချစ်နေရတာ"

နေထက်ကိုက မချင့်မရဲဖြစ်လာကာ ပန်းနုသွေးလက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ပြောလိုက်ပါတော့၏။

"ရင်တော့ မကွဲလိုက်ပါနဲ့ဦး"

"ဘာလို့လဲ"

"နုသွေးမှာ ချုပ်စရာအပ် ပါမလာလို့"

"နုသွေးရဲ့မေတ္တာနဲ့ ချုပ်ရင် ကိုနေ ရင်ပြန်စေ့သွားမှာပါ"

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



## (၇)

"နုသွေးကို ပြောရဦးမယ်"

"ပြောလို့ မကုန်နိုင်သေးဘူးလား"

"ကိုနေ့အတွက်တော့ နုသွေးနဲ့ပတ်သက်ရင် ဘယ်တော့မှ ပြောလို့ကုန်မှာ မဟုတ်ဘူး"

"ဒါဆို ပြောစေသတည်း"

ပန်းနုသွေးက ပြုံးစိစိအမူအရာလေးဖြင့် ချစ်သူကို ပြောလိုက်၏။

"နုသွေးတို့ အိမ်ရှေ့မှာ ကောင်လေးတွေ သီချင်းလာဆိုကြတယ်ဆို"

"အင်း"

"နုသွေးကော နားထောင်လား"

"အင်း"

"နောက်ဆို နားမထောင်နဲ့"



"ကြားနေရတာပဲ ကိုနေရယ်"

"မကြားရအောင် နားကို ဂွမ်းဆို့ထား"

"ဘာလို့လဲ"

"နုသွေးကို လာရိုက်နေကြတာ"

"နုသွေးမပါရင် ပြီးတာပဲ"

"ဟင့်အင်း ... နုသွေး နားထောင်တာကို ကိုနေ မကြိုက်ဘူး၊ နုသွေး... နားသောင်ချင်ရင် ကိုနေ လာဆိုပြမယ်"

"ကိုနေ ပင်ပန်းနေမှာပေါ့"

"ဒါဆို နုသွေး နားမထောင်ဘူးလို့ ကတိပေးမလား"

"ပေးတယ်"

"ဒါကြောင့် နုသွေးကိုချစ်ရတာ"

"ကိုနေက သိပ်သဝန်တိုတာပဲနော်"

ပန်းနုသွေးမှာ သဝန်တိုစွာဖြင့် ချုပ်ချယ်ပြောဆိုနေသော နေထက်ကိုအား ခပ်ညည်းညည်းလေး ပြောလိုက်၏။

"ချစ်တာကိုး"

"ကိုနေ သဝန်တိုတာ နုသွေး အနေခက်လာပြီ"

"သတိရတုန်း နုသွေးကို ပြောရဦးမယ်"

"ဘာချုပ်ချယ်မှု ထပ်ပြောမလို့လဲ ကိုနေ"

ပန်းနုသွေး ရယ်မောရင်း ချစ်သူကို နောက်ပြောင်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရည်းစားဘဝမှာ စိတ်ကောက်တာ ချစ်သူတွေ အတွက် အမိကပဲ"

"သိသားပဲ"

ပန်းနုသွေး မချိုမချဉ်ပြုံး၍ ပြောလိုက်လေသည်။

"စိတ်ကောက်တာ ကောက်နိုင်တယ်၊ တကယ်လို့ စိတ်ကောက်ပြေဖို့ တောင်းပန်ပြီးချော့ရင် စိတ်ကောက်ပြေကြေးနော်"

"ဘယ်ပြောနိုင်မလဲ"

"ပြောနိုင်ရမယ်လေ၊ ကိုနေက ချော့ရင် နုသွေးက ပြုံးနေပြီး ရှက်ရှက်နဲ့ ကိုနေကိုထုရင်တောင် ကိုနေက ရယ်ပြီး နုသွေးကို ပြန်ဖက်မှာပေါ့"

"နာနေပါဦးမယ် ကိုနေ"

"နာပါစေ"

"ကြောက်နေရပါလား"

ပန်းနုသွေးက ပခုံးလေးနှစ်ဖက်တွန့်ကာ ပြောလိုက်၏။

"ကြောက်ရမယ်လေ၊ နုသွေးကလည်း ကိုနေ မချင့်မရဲ ဖြစ်အောင် မလုပ်နဲ့"

"မလုပ်ပါဘူးနော်၊ နုသွေး နေတတ်သလိုပဲနေတာ"

"နုသွေး နေတတ်သလို နေပေမယ့် ကိုနေ့ ရင်ထဲမှာ အချစ်တွေ တိုးလာရတယ်"



"ဘယ်သူက တိုးခိုင်းလို့လဲ"

"ကိုယ့်ဘာသာတိုးတာ ဘာဖြစ်လဲ ... ဘာဖြစ်လဲ"

နေထက်ကိုက ချစ်သူကို စလိုက်ပြန်သည်။

"ဘာမှမဖြစ်ဘူး၊ ဆက်သာတိုးနေ ကိုထက်ရေ"

"ဟင် ... ထက်ထက်တို့ပါလား"

အတန်းအားချိန်မို့ နှစ်ဦးသား အတန်းထဲမှာပင် ထိုင်စကားပြောနေကြသည်။

သူတို့နားသို့ သူငယ်ချင်းများ ရောက်လာသည်ကို ပင် သတိမထားမိလိုက်ကြ။

"အနားလာတာ အသံလေး ဘာလေးပေးတာ မဟုတ်ဘူး"

ပန်းနုသွေးက သူငယ်ချင်းများကို အပြစ်တင်စကား ပြောလိုက်၏။

"ဟေ ... ငါတို့လာတာတောင် နင်တို့ မသိကြဘူးလား"

"မသိဘူး"

"ကောင်းရော"

နေထက် စကားကြောင့် ထက်ထက်နှင့် သီရိမှာ သူ့နှုတ်သူ့ရိုက်ပြီး ပြောလိုက်၏။

"သည်းကို သည်းတယ်"

"ချစ်တာကိုးဟ"

"နင်တို့ပဲ ချစ်နိုင်လွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အများအမြင်မှာ အဖြစ်သည်းတယ် ထင်တတ်ကြပေမယ့် ကိုယ်တွေ့ကြုံမှ ကိုယ်ချင်းစာတတ်ကြတာ သီရိ၊ နင်တို့က အတွဲမရှိတော့ ကိုယ်ချင်းမစာတတ်ဘူးပေါ့"

"ပြောမိတာ မှားပါတယ်"

"အပြောကောင်းလို့ နုသွေး တစ်ယောက် တစ်နေတည်း နေ ... နေတာပေါ့"

ထက်ထက်နှင့် သီရိတို့ စကားကို ပန်းနုသွေးပြုံးပြီး နားထောင်နေပါ၏။

"ရော့ ... နင်တို့ မျိုဖို့ဆို့ဖို့ မုန့်တွေ"

သီရိက လွယ်အိတ်ထဲမှ အာလူးကြော်၊ ငါးမုန့်ကြော်ထုပ်များကို ပန်းနုသွေးတို့ စားပွဲပေါ် ချပြီး ပြောလိုက်၏။

နေထက်ကိုက အာလူးကြော်ကို ကောက်ကာ ချစ်သူကို ဖွဲ့ကျွေးလိုက်၏။

"ငါတို့ရှေ့မှာ မသည်းပြနဲ့နော်၊ နုသွေးမှာ လက်ပါတယ် သူ့ဘာသာ စားပစေပေါ့"

"အေးလေ ... နင်တို့ အမြဲတွေ့နေရတာ မပျင်းဘူးလား နေထက်ကို"

ထက်ထက်က နေထက်ကိုအားကြည့်ပြီး မေးလိုက်သည်။

"မပျင်းပါဘူး၊ အချိန်တွေ အကုန်မြန်လွန်းလို့တောင် ဆွေးနေရတာနော် နုသွေး"



"အင်း"

နေထက်ကို စကားကို ပန်းနုသွေး ထောက်ခံလိုက်သည်။

"သူတို့ကိုကြည့်ပြီး ငါတော့ ပျင်းတယ်"

သီရိက ထက်ထက်ကို ပြောလိုက်သည်။

"ပျင်း မပျင်း သိချင်ရင် နင် ရည်းစားထားကြည့်ပါလား သီရိ"

နေထက်ကို စကားကြောင့် သီရိမှာ မျက်လုံးပြူးကာ ...

"ဆားနဲ့ပဲစားတော့မယ် နေထက်ကိုရေ၊ ရည်းစားတော့ မထားပါရစေနဲ့"

"ဘာလို့လဲ"

"နုသွေးကိုကြည့်ပြီး ရည်းစားထားချင်စိတ် ပျောက်သွားတယ်"

"ဘာဆိုင်လို့လဲ"

သီရိစကားကို ပန်းနုသွေး ဝင်ငြင်းလိုက်၏။

"ဆိုင်တာပေါ့၊ ဘယ်မှာ သူငယ်ချင်းတွေနဲ့ ပျော်ရတဲ့ အချိန် ရှိတော့လို့လဲ နုသွေး၊ တစ်ချိန်လုံး နေထက်ကိုနဲ့ပဲ နေနေတာ"

"သူငယ်ချင်းတွေထက် ချစ်သူနားနေရတာ ပိုပျော်စရာကောင်းလို့ပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုက ပန်းနုသွေးကို မျက်စိမှိတ်ပြ
သီရိကို ပြောလိုက်၏။

"နင် အလာနောက်ကျရင် နုသွေး ပူနေရပြီ၊ နင်ရော
မလာမချင်း မျက်စိမျက်နှာပျက်လို့၊ သူငယ်ချင်းတွေ
လည်း စကားမပြောနိုင်ဘဲ လည်ပင်း သစ်ကုလားအုပ်ဖြ
နေရတာ"

သီရိက ရှုံ့ရှုံ့မဲ့မဲ့ ပြောလိုက်၏။

"အဲဒါ ချစ်လို့ပေါ့၊ ချစ်သူကို စိုးရိမ်ပူပန်တတ်တ
ချစ်သူတွေရဲ့ ခံစားချက်ပဲ"

နေထက်ကိုက ချစ်သူကို ကျေနပ်စွာကြည့်ပြီး သ
ကို ပြောလိုက်သည်။

"အဲဒီ ခံစားချက်မျိုးတော့ မလိုချင်ပါဘူး"

"ဒါကြောင့် နင် ချစ်သူ မရှိတာ"

"ချစ်သူထားတာတို့၊ ယောကျ်ားယူတာတို့က ကိုယ့်အ
ကိုယ်ရှာကြတာပဲ"

"အလို့ ... သီရိက စာတွေ တော်တော်တတ်နေပါလာ

ပန်းနုသွေးက သီရိကို စလိုက်သည်။

"နင့်စကားက ငါပြောမယ့် စကားတောင် တွန့်သွား
နုသွေး"

"ဟား ... ဟား"

"နင်ပဲ စဉ်းစားကြည့် နုသွေး"



"ဘာစဉ်းစားရမှာလဲဟ"

"ရည်းစားရှိလို့ ပျော်ရတာနဲ့ ရည်းစားမရှိလို့ ပျော်ရတာ
ချင်းတောင် မတူဘူး"

"လင်းပါဦး ချာမကြီး"

"ရည်းစားနဲ့တွေ့တုန်း ပျော်ရတာတစ်မျိုး၊ ရည်းစား ကိုယ့်
မျက်စိကွယ်ရာ ရောက်သွားတာနဲ့ တခြားတစ်ယောက်
ယောက်နဲ့ တွဲနေမလား၊ ငါ့အပေါ် သစ္စာရှိပါ့မလား၊ ငါ့
စကား နားထောင့်ပါ့မလားဆိုပြီး ပူရပြီလေ"

"အင်းလေ ... ချစ်တော့ စိတ်ပူရတာပေါ့"

"ရည်းစားမရှိတဲ့သူတွေက ဒါတွေ ဘာမှပူစရာမလိုဘူး၊
ပျော်ပျော်ပဲ အနှောင်အဖွဲ့ မရှိဘဲ လွတ်လပ်တယ်"

သီရိစကားကို ပန်းနုသွေး မငြင်းရဲ၊ နေထက်ကိုနှင့်
ချစ်သူမဖြစ်ခင်က ပန်းနုသွေးတွင် သီရိ ပြောသကဲ့သို့ ဘာအပူ
အပင်မှ မရှိခဲ့၊ ချုပ်ချယ်မခံခဲ့ရ။

"ငါပြောတာမှန်လို့ နုသွေး ငြိမ်သွားပြီ၊ ငြိမ်ရမယ်လေ၊
ရည်းစားထားတယ် ဆိုကတည်းက ယောကျ်ားလေးကော၊
မိန်းကလေးပါ အချုပ်ချယ် ခံလိုက်ကြရတာပဲ၊ အိမ်ထောင်
ပြုရင်တော့ တကယ့်ကို အကျယ်ချုပ် ထောင်ကျတာပဲ"

"ဟုတ်ကဲ့ ချာမကြီး"

ပန်းနုသွေး ပြုံးစိစိ အမူအရာဖြင့် သီရိကို နောက်
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုနေတော့ နင် ပျော်နေမှာပေါ့ နုသွေး"

"အမြဲပျော်နေမယ့် နုသွေးလေ၊ မတွေ့ဘူးရင် ကြည့်ထား

"နင်တို့ အိမ်ထောင်ကျပြီးမှ ငါတို့ လာကြည့်မယ်"

"လာပေါ့"

"အမြဲပျော်နေရမလား၊ အမြဲငိုနေရမလားလို့"

"ဟာ ... ထက်တက်၊ နင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထား

ပန်းနုသွေးက ထက်ထက်ကို မျက်စောင်းထိုး ပြောလိုက်၏။

"ဟုတ်တယ်၊ ငါက နုသွေးကို အခုပုံစံအတိုင်း တစ်သ လုံး ချစ်သွား၊ အလိုလိုက်သွားမှာ"

နေထက်ကိုကလည်း ထက်ထက်နှင့် သီရိ ကြေညာလိုက်၏။

"သာခု ... သာခု ... နှစ်ခါပဲ ခေါ်ထားမယ်၊ နေထက် ကျောင်းပြီးရင် နင်တို့ ယူကြမှာ မဟုတ်လား"

"ဒါပေါ့"

"အဲဒီတော့မှ ငါတို့ လာကြည့်မယ်"

"လာကြည့်ရင် လာကြည့်၊ ဒါပေမဲ့ ညအိပ်တော့ လက် ခံဘူး"

"ဘာလို့လဲ"

နေထက်ကို စကားကြောင့် ထက်ထက် မေးလို ၏။



"နင်တို့ ချောင်းကြည့်မှာစိုးလို့"

"ဟာ ... ကောင်စုတ်"

ထက်ထက်က နေထက်ကို ဘာဆိုလိုမှန်း ရိပ်မိသွားပါသည်။

နေထက်ကိုအား လှမ်းရိုက်ပြီး ထက်ထက် ရယ်လိုက်သည်။

"နုသွေးကို ငါဖက်ထားတာမြင်ပြီး အားကျမှာစိုးလို့ပါ"

"ငါတို့ရှေ့ မဖက်နဲ့ပေါ့"

"အာမ မခံနိုင်ဘူး၊ နော် ... မိန်းမ"

နေထက်ကိုက ပန်းနုသွေးကို မျက်စိမှိတ်ပြပြီး ပြောလိုက်ပါ၏။

သည်တစ်ခါတော့ ပန်းနုသွေးက နေထက်ကိုဘက် မပါတော့။

"ဘာ မိန်းမလဲ၊ ကိုနေနဲ့ နုသွေး မယူရသေးဘူး၊ ပတ်ဝန်းကျင်ကကြားရင် နုသွေးကို အထင်သေးလိမ့်မယ်"

"နုသွေးက မိန်းမမို့ မိန်းမပြောတာ"

"ပြောပြန်ပြီလား"

ပန်းနုသွေးက နေထက်ကို လက်ကိုဆိတ်ဆွဲရင်း ပြောလိုက်၏။

"ကိုနေ ဆိုလိုတာက နုသွေး မိန်းမမို့ မိန်းမပြောတာ၊ နုသွေးကို ယောကျ်ား ပြောလို့ ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်ချည်းပဲ"

နေထက်ကို ဆင်ခြေပေးကောင်း၍ တော်ပေသေး သည်။

"ဟင်"

ထက်ထက်ထံမှ "ဟင်"ဆို၍ လှည့်ကြည့်မိကြသည်။

"ဘာဖြစ်တာလဲ ထက်ထက်"

"နင်တို့ ရန်ဖြစ်လို့ ပြီးပြီလား"

"အေး"

"မြန်လိုက်တာ"

"နုသွေးက ငါ့ကို စိတ်ဆင်းရဲမှာစိုးလို့ ကြာကြာ စိတ်မ ကောက်ဘူးနော် နုသွေး"

"အပိုတွေ မပြောနဲ့ နေထက်ကို၊ နုသွေးလောက် စိတ် ကောက်တဲ့သူ ရှိမယ်တောင် မထင်ဘူး"

"နုသွေးလား စိတ်မကောက်တာ"

"အခု မကောက်တော့ဘူးနော် နုသွေး"

နေထက်ကို ချစ်သူကို ပြုံး၍ စစ်ကူတောင်းနေပါ၏။

"အေး ... ဟုတ်တယ်၊ ငါနဲ့ကိုနေ စိတ်ကြာကြာမကောက် ကြေး ကတိပေးထားတယ်"

"ဒါဆို ငါတို့ကို မုန့်လိုက်ဝယ်ကျွေး"

"ဟာ ... ဘာဆိုင်လို့လဲ"

"နင်တို့နဲ့ စကားပြောရတာ ဗိုက်ဆာလာလို့"

"အချိန် မရှိတော့ဘူး၊ အတန်းတက်တော့မယ်"



ပန်းနုသွေးက နာရီကို ငုံ့ကြည့်ပြီး သူငယ်ချင်းကို ပြောလိုက်၏။

"တက္ကသိုလ်ကျောင်းသူ ပီသအောင် နောက်တစ်ချိန် ငါ တို့ အတန်းလစ်ပြီး မုန့်သွားစားကြမယ်"

"မှားပါတယ်"

ပန်းနုသွေး ရယ်ရင်း ပြောလိုက်၏။

"မှားတယ်ထင်ရင် ထကွာ၊ သွားစားကြမယ်၊ နေထက်ကို ကားပါလား"

"ပါတယ်"

"ဘယ်အထိ သွားစားမလို့လဲဟ၊ ကျောင်းထဲမှာပဲ စားကြ"

"တွေ့လား ထက်ထက်၊ နုသွေးက ငါတို့ကို ကျွေးရမှာ ပိုက်ဆံကုန်မှာ စိုးနေတယ်"

"နင်တို့ကလည်း အမြင်တော်ကြီးကျပြီး ကျွေးခိုင်းနေတာ ကိုး"

"ဒါက နင်နဲ့ နေထက်ကိုတို့ရဲ့ အကြိုမင်္ဂလာပွဲအတွက် ကျွေးခိုင်းနေတာလေ"

ထက်ထက် ရယ်ရင်း ပြောလိုက်သလို ပန်းနုသွေး ကလည်း မျက်စောင်းထိုးရင်း ...

"မင်္ဂလာက တစ်ခါပဲ ကျွေးရတာ၊ အခု အကြိုမင်္ဂလာက အခါတစ်ရာ မကတော့ဘူး ထက်ထက်ရေ"

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



# ၉ ၊ ၆

“ဖြေနိုင်လား နုသွေး”

စာမေးပွဲ အဖြေလွှာများအပ်ပြီး အခန်းထဲမှထွက်လာသော ပန်းနုသွေးကို အပြင်၌ စောင့်နေကြသည့် ထက်ထက်၊ သီရိနှင့် သိမ့်သိမ့်တို့ လှမ်းမေးလိုက်၏။

“ဖြေနိုင်တယ်၊ နင်တို့ကော”

“မဆိုးပါဘူး”

“အောင်နိုင်ပါတယ်”

“နင်တို့ အဖြေက အားမရလိုက်တာ၊ ငါတို့ ကြည့်ထားတာတွေ အားလုံးပါသားနဲ့”

“ပါတော့ ပါတယ်”

“မရလို့လား ထက်ထက်”

“နံပါတ်(၃)အပုဒ်က အစကို စဉ်းစားလို့မရတာနဲ့ ငါတော့ ချွေးပြန်သွားတာပဲ”



“ဖြစ်ရမယ်”

ပန်းနုသွေးက သီရိကို လှမ်းကြည့်ပြီး ပြောလိုက်လေသည်။

“ကိုနေကော မမြင်ပါလား”

“မမြင်တာ မရောက်သေးလို့ပေါ့”

ထက်ထက် စကားကြောင့် ပန်းနုသွေး မျက်စောင်းလှမ်းထိုးလိုက်၏။

“ဒါတော့ နင်ပြောမှလား”

“အေးလေ”

“စာမေးပွဲပြီးသွားတာ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကျသွားသလိုပဲ”

“ယာယီပေါ့ဟာ”

“ဘာလို့လဲ”

“နောက်တစ်နှစ် ကျန်သေးတယ်လေ”

“ကျောင်းဖွင့်ဖို့ အဝေးကြီး လိုသေးတယ်”

ထက်ထက်တို့နှင့် စကားပြောနေသော်လည်း ပန်းနုသွေး မျက်လုံးများက နေထက်ကိုအား မျှော်နေမိသည်။

“ဟိုမှာ ... ဖိုးသည်း လာပါပြီ”

သိမ့်သိမ့်က နေထက်ကိုအား ကြည့်ပြီး မေးငေါ့ပြလိုက်သည်။

“ဖြေနိုင်လား ကိုနေ”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖြေနိုင်တာပေါ့၊ နုသွေးကော"

"ဖြေနိုင်ပါတယ်"

"ငါတို့ကော မေးဦးလေ နေထက်ကို"

သီရိက နေထက်ကိုအား ရိလိုက်၏။ နေထက်ကိုက ပခုံးနှစ်ဖက်တွန့်ပြီး ...

"မမေးချင်လို့ တမင် မမေးတာ"

"သိသားပဲ"

"နင်တို့ ဖြေနိုင် မဖြေနိုင် အရေးမကြီးဘူး၊ နုသွေး ဖြေနိုင်ဖို့ အရေးကြီးတယ်"

"မှားပါတယ် နေထက်ကိုရယ်"

"နုသွေး"

"ဟင် ..."

"ကျောင်းပိတ်ရင် ခရီးထွက်ရအောင်"

"ဘယ်ကိုလဲ ကိုနေ"

"မေမေတို့ စီစဉ်နေတယ်၊ ဘုရားဖူးထွက်ဖို့လေ"

"ကိုနေက လိုက်သွားမှာလား"

"အင်း ..."

"နုသွေးကို အကြာကြီး ခွဲသွားမယ်ပေါ့"

"နုသွေးလည်း လိုက်ခဲ့ရမှာ"

နေထက်ကိုက အတူဟွဲလျှောက်ရင်း ပြောလိုက်၏။

"မေမေတို့က လက်မထပ်ခင် ထည့်မှာမဟုတ်ဘူး ကိုနေ"



"အန်တီတို့လည်း ပါမှာတဲ့"

"ဟင် ... ဟုတ်လား"

ပန်းနုသွေး ဝမ်းသာသွားလေသည်။

"မေမေနဲ့ အန်တီတို့က ကိုနေတို့ကို စာမေးပွဲအပြီး စောင့်နေတာတဲ့၊ ညက မေမေ ပြောတယ်"

"ဟာ ... ဖိုးသည်းနဲ့ မယ်သည်းကို မိဘတွေက အဆင်ပြေအောင် စီစဉ်ပေးလိုက်ပြန်ပြီ"

ထက်ထက်က ရှုံ့မဲ့ပြီး ပြောလိုက်၏။

"မနာလိုမရှိနဲ့လေ၊ သူ့ကုသိုလ်နဲ့သူ ဖြစ်တာပဲ"

ပန်းနုသွေး သဘောကျစွာ ရယ်ရင်း ပြောလိုက်ပါ၏။

"ငါတို့ ကင်တင်းမှာ တစ်ခုခု သွားစားကြရအောင်လား"

သိမ့်သိမ့်စကားကို ထက်ထက်နှင့် သီရိက ထောက်ခံကြသည်။

"အေး ... ကောင်းတယ်"

"ဒီတစ်ခါတော့ ငါတို့မကျွေးဘူးနော်၊ နင်တို့သုံးယောက်ကျွေး"

ပန်းနုသွေးက ထက်ထက်တို့ သုံးဦးကိုကြည့်ပြီး ပြောလိုက်သည်။

"ဟင်း ... ဟင်း ... နုသွေး ဦးသွားပြီ"

"နင် မပြောလည်း ကျောင်းပိတ်ခါနီး ငါတို့ ကျွေးမလို့ စဉ်းစားထားပြီးသားပါ နုသွေးရာ"

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်ရယ်ရင်း ပန်းနုသွေးကို ပြောလိုက်သည်။

"မယုံနဲ့ ကိုနေ၊ ဒီကောင်တွေက ရွှေတိဂုံဘုရား ဆီအိုးကွဲ သလို ဖောင်မျိုး"

ပန်းနုသွေး ရယ်ရင်း နေထက်ကိုအား ပြောလိုက်၏။

"နုသွေး ပြောတာ ကိုနေ နားမလည်ဘူး"

"ရွှေတိဂုံဘုရားပေါ် ဆီရောင်းတဲ့သူ တစ်ဦးက ဘုရားတက်ဖူးတယ်လေ၊ ဘုရားဖူးရင်းနဲ့ သူ့ဆီအိုးက ဘယ်လိုကွဲသွားလဲတော့ မသိဘူး၊ ဆီတွေ မှောက်ကျကုန်ပါရော၊ ဒါနဲ့ ဆီသည်က ဆီတွေကို ပြန်ယူလို့ မရတာနဲ့ အရှင်ဘုရားကို ဆီလှူပါတယ်လို့ ပြောသလိုပဲ၊ နုသွေးက ဦးအောင် သူတို့ကို ကျွေးရမယ်ပြောလို့ ကျွေးမယ်ဖြစ်တာလေ"

ပန်းနုသွေး စကားဆုံးမှ နေထက်ကို နားလည်သဘောပေါက်သွားသည်။

"နုသွေး သူငယ်ချင်းတွေအကြောင်း နုသွေး ပိုသိတာပေါ့၊ ကိုနေကတော့ မသိဘူး"

နေထက်ကိုက သီရိတို့ကို လှမ်းကြည့်ကာ ရယ်ရင်း ပန်းနုသွေးကို ပြောလိုက်၏။

"စကားမများနဲ့တော့ နုသွေး၊ သွားစားမယ်၊ ရွှေတိဂုံဘုရားဆီအိုးပဲကွဲကွဲ၊ စားရဖို့က အဓိက မဟုတ်လား"



"ဒါပေါ့"

"လာ ... အင်းလျားကန်ဘက်က ဆိုင်တွေမှာ သွားစားမယ်"

"ဘယ်ရမလဲ ထက်ထက်"

"ဘာလို့လဲဟ"

"ငါတို့ကျတော့ ဟိုတယ်တွေမှာ ကျွေးခိုင်းတယ်၊ နင်တို့ကျွေးရမယ့်အခါကျမှ ဘူးသီးကြော်ဆိုင်သွားလို့ ဘယ်ရမလဲ"

"ဟင်း ... ဟင်း ... အင်းယျားကန်ဘက်က ဆိုင်တွေမှာ သွားစားရင် သဘောတူလားလို့ မေးမှာပါ၊ နင်က စကားကို အစအဆုံး နားမထောင်ဘဲ ဖြတ်ပြောတာကိုး"

"တွေ့လား ကိုနေ၊ ဒီကောင်တွေ လျှောချပြန်ပြီ"

စာမေးပွဲပြီးသွားပြီမို့ အားလုံး ရင်ထဲပေါ့ပါး ပျော်ရွှင်နေကြလေသည်။

ကားရပ်ထားရာသို့ လမ်းလျှောက်ထွက်လာရသည်။

"နုသွေး"

"ဘာလဲဟ"

"နင်တို့နဲ့အတူ ငါတို့လည်း လိုက်မယ်လေ"

"ဘယ်ကိုလဲ"

"ဘုရားဖူး"

"မလိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့စရိတ်နဲ့ ငါတို့လိုက်မှာပေါ့ဟ"

"နင်တို့ပါရင် ရှုပ်တယ်၊ မလွတ်လပ်ဘူး"

နေထက်ကိုက နောက်ပြောင် ပြောဆိုလိုက်လေသည်။

"ကိုနေ ပြောတာ ဟုတ်တယ်၊ ငါတို့နှစ်ယောက် လွတ်လပ်မှာ မဟုတ်ဘူး"

ပန်းနုသွေး စကားအဆုံးတွင် သူငယ်ချင်းများက မဲ့ရွဲ့ကာ ...

"ဖြစ်နေလိုက်ကြတာ၊ ဒီလောက် လွတ်လပ်ချင်ရင် ငရဲပြည်သွားနေကြ"

"ငရဲပြည်က ပူတယ်"

"ဒါဆို ရေခဲတိုက်ထဲ သွားနေ"

ထက်ထက်စကားကို ပန်းနုသွေး ပြန်လည်ချေပ၍ သီရိက ဝင်ပြောလိုက်၏။

"ဟုတ်တယ်၊ ငါနဲ့ ကိုနေက အအေးခန်းထဲမှာ တစ်နေ့လုံး နေမှာ ရေခဲတိုက် မဟုတ်ဘူးနော်၊ လေအေးစက်ဖွင့်ပြီး ကားထဲမှာ ထိုင်နေမှာကို ပြောတာ"

ရယ်မောရင်း ပန်းနုသွေးက ပြောလိုက်လေသည်။

"နင်တို့နှစ်ယောက် ဒီလောက် အဖြစ်သည်းနေကြရင် ယူလိုက်ကြပါလား"

"မိဘတွေ ကြည့်စီစဉ်လိမ့်မယ်၊ ဒါ ငါတို့အပူ မဟုတ်ဘူး"



ပန်းနုသွေးက နေထက်ကို လက်ကိုဖယ်ကာ ပြောလိုက်သည်။

"ဘာလဲ၊ ကောင်လေးတွေ မငမ်းမှာစိုးလို့ လက်တွဲဖြုတ်တာလား နုသွေး"

"မဟုတ်ပါဘူး၊ ကိုနေကလည်း"

"ဟား ... ဟား ... နေထက်ကိုကလည်း အရမ်းသဝန်တိုတတ်တဲ့သူပဲ"

"သဝန်တိုတာ ချစ်လွန်းလို့"

"ခုနေတော့ ချစ်လွန်းလို့ပဲ ယူဆမှာပေါ့၊ ကြာလာတော့ သဝန်တိုလွန်းလို့ နင် အနေခက်လိမ့်မယ် နုသွေး"

"ထက်ထက် နုသွေးကို ချွန်တွန်းလုပ်နေပြန်ပြီ"

ပန်းနုသွေး တွေဝေသွားမည်စိုး၍ နေထက်ကို ဝင်ပြောလိုက်၏။

"နုသွေးက ကိုနေ သဝန်တိုတာကိုပဲ သဘောကျမနေတာပါ"

ပန်းနုသွေး နေထက်ကိုအားကြည့်ပြီး ပြောလိုက်၏။

"အေးပါ ... နောက်မှ နေထက်ကို သဝန်တိုလွန်းလို့ နင် စိတ်ညစ်တယ်ဆိုတဲ့စကား ငါတို့ လာမညည်းနဲ့ နုသွေး"

"မညည်းဘူး"

"ထက်တက်တို့ ကျွေးတာ အဝစားရမယ်လေ၊ နုသွေး စကားသိပ်မပြောနဲ့ မစားနိုင်ဘဲ နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုက မခံချင်အောင်စရင်း ကားတံခါးကို သော့ဖွင့်လိုက်ပါတော့၏။

"စူဇာကပုဏ္ဏားက အရှုံးပေးရအောင် စားရအောင်နော် ကိုနေ"

❋ ❖ ❋



# ၉ ၈ ၁

"သက်ပြင်းချလှချည်လား ကိုနေ"

"ကျောင်းတွေ ပိတ်ထားတော့ ကိုနေနဲ့ နုသွေးတို့အတွေ့ နည်းသွားတာ တွေးမိလို့ပါ"

"ကိုနေ အိမ်လာလည်လို့ ရတာပဲ"

"နေ့တိုင်းလာလို့ ကောင်းပါ့မလား"

"ကောင်းပါတယ်"

"နုသွေးမိဘတွေက ကြာရင် ငြိုငြင်လာမှာနော်"

နေထက်ကိုစကားကို ပန်းနုသွေး မငြင်းရဲပေ။

"ကိုနေ့ကို ဖေဖေတို့က ချစ်ပါတယ်"

"ကိုနေတော့ လူကြီးတွေဖွင့်ပြောပြီး လက်ထပ်ချင်ပြီ"

"ဟာ ... မလောပါနဲ့ဦး၊ ကျောင်းပြီးဖို့ တစ်နှစ်ပဲကျန်တော့တာ"

ပန်းနုသွေးက ချစ်သူကို ဖျောင်းဖျပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေတော့ နုသွေးကို နာရီနဲ့အမျှ သတိရနေတေ
မယ်"

"တစ်မြို့တည်းသားတွေပဲ ကိုနေရယ်၊ ဖုန်းလည်းဆက်
ရတယ်၊ လူချင်းလည်း တွေ့နိုင်တာပဲ"

"ထက်ထက်တို့ ပြောတာ မှန်တယ်နော် နုသွေး"

"ဘာမှန်တာလဲ ကိုနေ"

"ရည်းစားထားတာ ကိုယ့်အပူ ကိုယ်ရှာတယ်ဆိုတာလေ"

"ကိုနေက အဲလို ထင်နေပြီလား"

"ကျောင်းပိတ်တော့ လွမ်းနေမှာကိုး"

"နုသွေးကတော့ လွမ်းရတာတို့ အပူရှာဘယ်လို့ မယူ
ဘူး၊ ကိုနေ့ကို လွမ်းရလေ ကိုနေ့အပေါ် ဘယ်လော
ချစ်တယ်ဆိုတာ ပိုသိလာရလေပဲ"

ပန်းနုသွေးက နေထက်ကို စကားကို ချေပရ
ပြောလိုက်သည်။

"လွမ်းတယ်ဆိုကတည်းက ချစ်လို့ပေါ့ နုသွေးရယ်၊ မချ
ရင် လွမ်းပါ့မလား"

နေထက်ကို ပြုံး၍ ချစ်သူကိုကြည့်ပြီး ပြောလို
သည်။

"ကိုနေ"

"ဟင်"

"ကျောင်းပိတ်ထားတယ်ဆိုပြီး လျှောက်မလည်နဲ့ဦးနော်"



"လည်စရာ နုသွေးဆီပဲ ရှိတယ်"

"ကိုနေ့ သူငယ်ချင်းတွေကကော"

"မိန်းကလေးကို ပြောတာပါ"

"နုသွေးကကော ယောကျ်ားလေး သူငယ်ချင်းထားလို့လား"

"နုသွေးက ထားချင်သေးလို့လား"

"နုသွေးက အိမ်ပြင်ထွက်လည်တတ်တဲ့သူ မဟုတ်ဘူးနော်"

"ကိုနေ မပါဘဲ ဘယ်မှမလည်တာ ကောင်းတယ်"

"ဘာပြုလို့"

"နုသွေးကို ကောင်လေးတွေ ဝိုင်းကြည့်မှာ မခံနိုင်လို့"

သဝန်တိုသော နေထက်ကို စကားကို ပန်းနုသွေး
ပြုံးလိုက်၏။

"ကိုနေပဲ သဝန်တိုနေ၊ နုသွေးကတော့ သဝန်မတိုရဘူး"

"ကိုနေက နုသွေး သဝန်မတိုရအောင်ကို နေတာလေ"

ပန်းနုသွေး မျက်စောင်းထိုးလိုက်၏။

"နုသွေးကကော ကိုနေ သဝန်တိုရအောင် နေ,နေလို့လား"

"နုသွေး မနေပေမယ့် ကောင်လေးတွေက ငမ်းကြတယ်
ဗျ"

"ဒါတော့ မျက်စိပါရင် ကြည့်မှာပေါ့၊ ကိုနေကော တခြား
ကောင်မလေးတွေကို ငမ်းတာပဲ မို့လား"

ပန်းနုသွေးက မျက်စောင်းထိုးရင်း ချစ်သူကို မကျေ
မနပ် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုက ချစ်သူစကားကို ရယ်လိုက်ပြီး

"ကိုနေက ငမ်းတာမဟုတ်ပါဘူး၊ လေ့လာတာပါ"

"ဘာလေ့လာတာလဲ"

"နုသွေးနဲ့ သူတို့လေးတွေနဲ့ ဘယ်သူပိုချောလဲ ဆိုတာ [illegible] လေ့လာတာ"

"ကိုနေပဲ အပြောကောင်း"

ပန်းနုသွေးထံမှ ချစ်မျက်စောင်းလေး ထပ်ရော[illegible] လာသည်။

"တကယ်ပြောတာ၊ နုသွေးလောက် ဘယ်သူမှ မချော[illegible] ဘူး"

"ယူလိုက်ပြန်ပြီ ... တစ်မှတ်"

နေထက်ကိုအား ရယ်ရင်း ပန်းနုသွေး ပြောလိုက်[illegible]

"နုသွေး"

"ဟင် ..."

"ကိုနေ ဒီနေ့လာရင် နောက်နေ့ နုသွေး လာခဲ့ပါလာ[illegible]

"ဘယ်ကိုလဲ"

"ကိုနေတို့ အိမ်ကိုပေါ့"

"နုသွေးက မိန်းကလေးပါ၊ ယောကျ်ားလေးအိမ်ကို မ[illegible] သေးခင် ခဏခဏသွားတာ နုသွေးကို အထင်သေးမ[illegible] နုသွေးလည်း မလာချင်ဘူး"

"ကိုနေ့အတွက်တော့ အချိန်တွေ ကုန်ခဲတော့မှာပဲ"



နေထက်ကို ခပ်ညည်းညည်းလေး ပြောလိုက်လေသည်။

"ဖြစ်ရပြန်ပြီ၊ ကိုနေပဲ နုသွေးနဲ့တွေ့ရတာ အချိန်ကုန်မြန်တယ်လို့ ပြောခဲ့ပြီးတော့"

"ကျောင်းတွေပိတ်တော့ အချိန်ကုန်ခဲတာပေါ့"

"ကိုနေက ဆန္ဒစောနေလို့ပါ"

"ကိုနေက နုသွေး ချစ်တာထက် ပိုချစ်တော့ နုသွေးနဲ့ နီးဖို့အတွက် အချိန်တွေကို ဆွဲချလို့ရရင် ဆွဲချလိုက်ချင်တာ"

ချစ်သူစကားကြောင့် ပန်းနုသွေး မျက်နှာတွင် ပြုံးယောင်သမ်းသွား၏။

"ဒီလောက်တောင် နုသွေးကို ချစ်လား"

"ဒီထက်မက ပိုချစ်သေးတယ်"

"ကိုနေ့အချစ်ကိုရတာ နုသွေး ကံကောင်းတယ်နော်"

"နုသွေးအချစ်ကိုရတဲ့ ကိုနေလည်း ကံကောင်းတာပဲပေါ့"

"နုသွေးအချစ်ကို ယုံတယ်လား"

"ယုံတာပေါ့၊ နုသွေးက ကိုနေ့ကိုချစ်လို့ နွဲ့ဆိုးဆိုးတာပဲ ရှိတာ၊ ကိုနေ့အပေါ် အမြဲသစ္စာရှိနေမယ် ဆိုတာ သိနေတယ်"

"ဒီအသိကို တစ်သက်လုံးသိဖို့ လိုမယ်နော် ... ကိုနေ"

"စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးက ကိုနေ မကြိုက်တာဆို ဘာမှမလုပ်ဘူး၊ ကိုနေ့ကသာ ..."

"ဘာလုပ်လို့လဲ"

"နုသွေးရှေ့မှာ မိန်းကလေးတွေနဲ့ ရောတာ"

"ကိုနေ့ သီက္ခာကို မစောကားနဲ့ နုသွေး"

"ထက်ထက်တို့ သီရိတို့နဲ့ မရောဘူးလား"

"ဒါက နုသွေးသူငယ်ချင်းတွေပဲ"

"နုသွေးကလည်း နုသွေးရှေ့မှာ ကိုနေ မိန်းကလေးတွေနဲ့ ရောတာ လို့ပဲ ပြောတာ"

"နုသွေး မကြိုက်ရင် ကိုနေ မရောတော့ဘူး"

"စိတ်ဆိုးတယ်ပေါ့"

"မဆိုးပါဘူး၊ တစ်ယောက်ကို တစ်ယောက် သံသယမရှိစေချင်ဘူး၊ အကြွင်းမဲ့ ယုံစေချင်လို့ပါ"

"ဘယ်သူက မယုံဘူးပြောလို့လဲ"

"နုသွေးကို တစ်သက်မှာ တစ်ခါချစ်တဲ့ အချစ်မျိုးနဲ့ ချစ်တာပါ"

"ယုံပါတယ်ဆိုမှ"

"ဒါဆို ပြန်လျော်ပေး"

"ဘာလျော်ရမှာလဲ"

"အနမ်းတစ်ကုဋေ"

"ဟာ ... ကိုနေကလည်း"



"မပေးချင်ဘူးပေါ့"

"ပေးချင်ပါတယ်"

"ဒါဖြင့် ..."

နေထက်ကိုက ပါးကို ပန်းနုသွေးနား တိုးပေးလိုက်သည်။

"အကြွေးမှတ်ထားနော်"

"ဘယ်တော့ ဆပ်မှာလဲ"

"မင်္ဂလာဆောင်ပြီးမှ"

"အချစ်ကို အကြွေးမရဘူး"

နေထက်ကိုက ပန်းနုသွေးအား မျက်စိမှိတ်ပြပြီး ပြောလိုက်သည်။

"နုသွေးတို့တော့ အကြွေးပဲ"

"အကြွေးဆို အတိုးပါပေးနေရမယ်နော် ... နုသွေး"

"ပေးမယ်"

"နုသွေးနဲ့ လက်ထပ်ဖို့က တစ်နှစ်လိုသေးတာ၊ အချစ်အတိုးတွေ အရမ်းတက်နေမှာပေါ့"

"ကိုနေက အတိုးဘယ်လောက်ယူမလို့လဲ"

"တစ်လကို တစ်ထောင့်ငါးရာ"

"မများဘူးလား"

"မများဘူး"

"အရင်းထက် အတိုးက များနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ထုံးစံပဲ"

နေထက်ကို ပြုံးစိစိဖြင့် ပြောလိုက်လေသည်။

"ချစ်တီးသေလို့ ဝင်စားတာလားဟင်"

ပန်းနုသွေး ရယ်ပြီး နောက်ပြောင်လိုက်၏။

"သေချာတယ်"

"တစ်နှစ်ဆို အနမ်းပေါင်း တစ်သောင်းရှစ်ထောင်တော်

ပေးရမှာပေါ့"

"ဒါပေါ့"

"ဖြစ်ပါတယ်၊ အကြွေးမှတ်ထား"

"အကြွေးတွေ များနေရင် လူပါသိမ်းလိုက်တော့မှာနော်"

"ကြောက်နေရပါလား"

ပန်းနုသွေး ပခုံးနှစ်ဖက်တွန့်ပြီး ခပ်ချွဲချွဲလေး ပြေ

လိုက်၏။

"ကိုနေ ကျေနပ်အောင် အမှတ်တရ အနမ်းလေးပေးပါ

နုသွေးရယ်"

"ဟာ ... ကိုနေကလည်း"

"ကျောင်းပိတ်ရက် နုသွေးအနမ်းလေးတွေ သိမ်းထားချ

လို့ပါ"

"ကိုနေ စကားအားကြီးတတ်တယ်"

ပန်းနုသွေးမှာ နေထက်ကို စကားကြောင့် အခက်

တွေ့သွားရပါ၏။



"ကိုနေ့ကို ချစ်ရင် ..."

သိပ်အနမ်းခံချင်သော ချစ်သူအလိုကျ ပန်းနုသွေး

ပါးပြင်ကို နမ်းလိုက်၏။

"အားပါး"

နေထက်ကိုထံမှ ထိတ်လန့်တကြား အသံကြောင့်

ပန်းနုသွေး လန့်သွား၏။

"ဘာဖြစ်တာလဲ ကိုနေ"

"နုသွေးရဲ့အနမ်းက ကိုနေ့ရင်ထဲကို စီးဝင်သွားလို့ပါ"

ပန်းနုသွေး မျက်စောင်းထိုးလိုက်ပါလေ၏။

"ဘာဖြစ်သွားတာလဲလို့ လန့်လိုက်တာ"

"ချစ်သူရဲ့အနမ်းက ဆွေမျိုးမေ့သွားစေလို့ပါ"

နေထက်ကို စကားကို ပန်းနုသွေး ကျေနပ်သွား

ပါ၏။

"ဒါက ကိုနေ့ရဲ့ အမှတ်တရ အနမ်း"

"အယ် ... ကိုနေ"

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



# ၁၀

"မာလာရေ ..."

"ပြောလေ သူဇာ"

နေထက်ကိုမိခင် ဒေါ်သူဇာက ပန်းနုသွေး၏မိခင် ဒေါ်မာလာကို ခေါ်လိုက်သည်။

ဒေါ်မာလာကလည်း ဒေါ်သူဇာကိုကြည့်ကာ ပြန်ပြောလိုက်သည်။

"ငါတို့အစီစဉ် အောင်မြင်တယ်နော်"

"ဘာ အစီစဉ်လဲ"

ဒေါ်သူဇာ စကားကို ဒေါ်မာလာ နားမလည်၍ ပြန်မေးလိုက်သည်။

"နင်က မေ့တတ်လိုက်တာ"

"အသက်ကြီးလာတော့ မေ့လာပြီလေ"

"နင်နဲ့ ငါတို့ သားတစ်ယောက် သမီးတစ်ယောက် မွေးပေးရင် ပေးစားမယ် ဆိုတာလေ"



"မမေ့ပါဘူး သူဇာ"

"ကလေးတွေ မိဘစီစဉ်တာ လက်ခံသဘောတူပါ့မလား စိုးရိမ်နေမိတာ"

"ဟုတ်ပ၊ မိဘကတောင် မပြောရသေးဘူး၊ သူတို့က ချစ်နေကြပြီ"

ဒေါ်သူဇာနှင့် ဒေါ်မာလာတို့ ပြောဆိုနေသည်ကို လူငယ်နှစ်ဦး နားထောင်ပြီး ပြုံးလိုက်ကြသည်။

"လူကြီးတွေကော၊ လူငယ်တွေပါ စိတ်ချမ်းသာသွားကြရပြီပေါ့ သူဇာ"

"ဟုတ်တယ်၊ သူတို့လူငယ်တွေ ချစ်သူရှိသွားမှာ စိုးရိမ်နေလိုက်ရတာ"

"ငါလည်း နင့်လိုပါပဲ သူဇာ"

ဒေါ်မာလာနှင့် ဒေါ်သူဇာတို့မှာ သူငယ်ချင်းများပီ တရင်းတနှီး ပြောဆိုနေကြ၏။

"သမီးက သူ့မှာ ချစ်သူရှိတယ် ပြောတုန်းက ရင်ထိတ်သွားတာပဲ၊ နင့်သားနဲ့ပြောမှ စိတ်အေးသွားတာ"

"ငါကောပဲ မာလာ"

"ကလေးတွေက သိပ်ချစ်ကြတာ၊ ငါ့သားက ဖိုးသည်းလေ"

ဒေါ်သူဇာက သားဖြစ်သူ နေထက်ကိုအား လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ငါ့သမီးကလည်း ချစ်ပါတယ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက နင့်သမီးကို ပိုချစ်တယ်၊ ဂရုစိုက်လိုက်တာလည်းလွန်ရော၊ သည်းလိုက်တာလည်း အရမ်းပဲ၊ နင့်သမီးလည်းဖြစ်၊ ငယ်ငယ်လေးကတည်းက ငါ့သမီးလို သံယောဇဉ်နဲ့ ချစ်လာတဲ့သူမို့ပေါ့"

ဒေါ်သူဇာ စကားကြောင့် ဒေါ်မာလာ ရယ်လိုက်၏။

"သိတယ် သူဇာ ... သိတယ်"

"တခြား မိန်းကလေးတစ်ယောက်ကိုချစ်ပြီး အခုပုံစံမျိုးသည်းနေရင် ငါ တော်တော် အမြင်ကတ်မိမှာပဲ မာလာ"

"ခုကော ငါ့သမီးအပေါ် နည်းနည်းလေးမှ အမြင်မကတ်ဘူးလား"

"ငါ ပြောပြီးပြီလေ"

"ယုံပါတယ်ဟာ"

"ကိုသိန်းစိုးကို ပြောထားဦး"

"ဘာပြောထားရမှာလဲ"

"ငါတို့လာပြီး သမီးတောင်းတဲ့အခါ မျက်နှာမပျက်နဲ့လို့"

"စိတ်ချ၊ သူ့အဖေက ဝမ်းနည်းစကား ပြောတယ် သူဇာ"

"ဘာလို့လဲ"

ဒေါ်မာလာ စကားကြောင့် ဒေါ်သူဇာ မေးလိုက်၏။

"ကိုယ့်သမီးကို နို့နံ့တောင် မစင်သေးဘူး ယူဆထားတာတဲ့၊ သမီးက ချစ်သူတောင် ထားနေပြီတဲ့လေ"

မိခင် ဒေါ်မာလာ စကားကြောင့် ပန်းနုသွေး ရှက်သွားကာ ချစ်သူကို လှမ်းကြည့်လိုက်လေသည်။



နေထက်ကိုက ကျေနပ်စွာ ချစ်သူကို ပြုံးပြလိုက်ပါ၏။

"အဖေတွေက သမီးကို ပိုချစ်တတ်ကြတာပဲ"

"သမီးက ငါတို့ထက် ချစ်ရမယ့်သူ ရှိသွားပြီ၊ ငါတို့အပေါ် အချစ်လျော့သွားပြီဆိုပြီး စိတ်မကောင်း ဖြစ်နေတာ"

ဒေါ်မာလာကိုကြည့်ပြီး ဒေါ်သူဇာ ပြုံးကာ ပြောလိုက်သည်။

"မဖြစ်နဲ့ မာလာရေ၊ ကိုယ့်သားသမီး အရွယ်ရောက်လာပြီး ချစ်သူတွေ့လာရင် မိဘတိုင်း ခံစားရတာချည်းပဲ၊ ငါလည်း ခံစားခဲ့ရပြီးပြီ"

"နင် ခံစားရတယ် ဟုတ်လား သူဇာ"

"အေး ... ငါ့သားကို မေးဖူးတယ်၊ မေမေတို့နဲ့ နုသွေး ဘယ်သူ့ကို ပိုချစ်လဲဆိုတော့ နုသွေးကိုတဲ့"

ဒေါ်သူဇာစကားကြောင့် ပန်းနုသွေးက ချစ်သူကို ကျေနပ်စွာ ကြည့်မိ၏။

"ကြားစက ငါ စိတ်မကောင်းဖြစ်သွားတယ်၊ ပြန်စဉ်းစားမှ ငါ့မိဘတွေလည်း ငါ့လိုပဲ ခံစားရမှာပဲ၊ သံသရာတစ်ပတ်လည်စမြဲပါလားလို့ တွေးပြီး စိတ်ဖြေရတယ်"

"ငါလည်း သမီးအဖေကို နားချရတာပဲ၊ နင်ပြောသလို သံသရာတစ်ပတ်လည်တာပဲလို့၊ ငါတို့တုန်းကလည်း မိဘရင်ခွင်ထဲက ခွဲပြီး မိဘထက် ပိုချစ်ခဲ့ကြတာ၊ သူများ

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုယူခဲ့လို့ မိဘဖြစ်လာတာ၊ ကိုယ့်သမီးလည်း ပြန် ပေးရမှာပေါ့လို့ ပြောလိုက်တယ်"

"ကိုသိန်းစိုး ငြိမ်သွားလား"

"ငြိမ်ရမယ်လေ၊ နေထက်ကိုဆိုတာ သူဇာ့သားပဲ၊ အတွင်း သိတွေလို့၊ စိတ်မကောင်းမဖြစ်နဲ့လို့"

"ဟင်း ဟင်း ... ဒါမျိုးဆိုတာ မိန်းကလေးရှင့် မိဘတွေ ပိုခံစားရတာပေါ့၊ သားအဖေကတော့ သား ရည်းစားရှိတာကို ပဲ ပျော်နေတာ"

"သူက သားရှင်ကိုး သူဇာ"

"သားရှင်ဆိုလို့ နင်တို့သားကြီးကော ရှိသေးလား"

"ရှိတာပေါ့ဟ"

ပန်းနုသွေး ရှေ့တွင် ဒေါ်သူဇာ လွှတ်ခနဲ မေးလိုက်၍ ဒေါ်မာလာ မျက်နှာပျက်သွားပါ၏။

ဒေါ်သူဇာက ရယ်ရင်း ...

"ရှိမှန်းတော့ သိတာပေါ့၊ ငါမေးတာ မိန်းမရပြီလားလို့"

"ရည်းစားတောင်မရှိသေးဘူး"

"သားကြီးက အားကိုးရတယ်နော်"

"ကိုကိုလား၊ နုသွေးထက် မိဘအပေါ် ပိုသိတတ်တယ်၊ ယောကျ်ားလေးသာဆိုတယ် အသုံးအဖြုန်းမရှိဘူး၊ နုသွေး အသုံးများရင်တောင် ဆုံးမနေတာ"

"ကောင်းတာပေါ့"



"သူ့ကိုယ်သူ လူကြီးလုပ်ပြီး နေရာတကာ ဆုံးမချင်နေတာ၊ ကိုကို့ကို နုသွေး ချစ်လည်းချစ်၊ မုန်းလည်းမုန်းတာ"

ငြိမ်နားထောင်နေသော ပန်းနုသွေးက ဝင်ပြောလိုက် ၏။

"ဘာလို့ မုန်းတာလဲ"

"သူ စိတ်လိုတဲ့အခါ အလိုလိုက်တယ်၊ တစ်ခါတလေ ဘာမဟုတ်တာလေးနဲ့ ဆူချင်ဆူနေတာ၊ နုသွေးကို အလို လိုက်ရင် ချစ်တယ်၊ အလိုမလိုက်ရင် မုန်းတယ်"

ပန်းနုသွေး စကားကို ရယ်ပြီး ဒေါ်သူဇာက နေထက် ကိုဘက် လှည့်ကြည့်လိုက်၏။

"ကြားတယ်နော် ... သား၊ နုသွေး အမုန်းမခံချင်ရင် အမြဲ အလိုလိုက်"

"စိတ်ချပါ မေမေ"

"မုန်းရင် မိန်းမပေးစားလိုက်ပေါ့"

"ကိုကို မိန်းမယူလို့ မဖြစ်ပါဘူး"

"ဘာလို့လဲ သမီး"

"ကိုကိုက သိပ်အေးတာ၊ ကိုကို့မိန်းမက ကိုကို့အပေါ် ဗိုလ်ကျအနိုင်ယူမှာ သေချာတယ်၊ နုသွေးက ပြောမိမှာ၊ ဒီအတိုင်းနေတာပဲ ကောင်းပါတယ်နော် မေမေ"

"သမီးက သူသာ ဗိုလ်ကျချင်တာ၊ သူ့အစ်ကို အနိုင်ခံရ မှာတော့စိုးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးကို ချစ်စနိုး အမူအရာဖြင့် ဒေါ်သူဇာ လှမ်းကြည့်လိုက်သည်။

"ငါ့သားနဲ့ နင့်သမီး သိပ်လိုက်တာပဲနော် မာလာ"

"နေနဲ့လ ရွှေနဲ့မြပဲ သူဇာရေ"

"ဟဲ ဟဲ ... မေမေတို့က ချဉ်လိုက်တဲ့ ကိုယ့်ငါးချဉ်တွေ"

"သားနဲ့သမီးတို့ ခြံထဲသွားကြည့်ပါလား၊ သမီးကြိုက်တဲ့ သစ်ခွတွေ ဝယ်ထားတယ်"

"ဟုတ်လား ... ဒါဆို သွားကြည့်မယ်နော် အန်တီ"

"အေး ... သွားကြည့်၊ သား လိုက်ပြလိုက်ပါ"

နှစ်ဦးသား ဧည့်ခန်းထဲမှ ထွက်သွားကြလေသည်။

"မာလာ့ကို မေးရဦးမယ်"

"ဘာလဲ သူဇာ"

"မောင်ထိုက်အောင် မွေးစားသားမှန်း နုသွေး သိလား"

"မသိဘူး၊ ငါတို့ကလည်း အသိမပေးဘူး"

"ငါက သိတယ်ထင်လို့ လွှတ်ခနဲပြောမိတာ နင် မျက်နှာပျက်တာတွေ့မှ စကားထိန်းလိုက်ရတာ"

"သမီး မသိပါဘူး၊ သံသယလည်း မရှိဘူး၊ သူတို့က မောင်နှမအရင်းလို ဆက်ဆံတာ၊ သားကြီးက တော်တယ် သမီးအပေါ်လည်း အစ်ကိုရင်းတစ်ယောက်လို ပြောဆိုဆဲ မတာ၊ ငါတို့အပေါ်လည်း မိဘအရင်းလို သံယောဇဉ် တယ်"



"ဟုတ်တယ်"

"ငါ့မှာ ဝမ်းနဲ့ လွယ်မမွေးရုံကလွဲပြီး သားအရင်းလို ချစ်ခဲ့ရတာ"

"တချို့ မွေးစားသားတွေက ဗီဇဆိုးပြီး ပုန်ကန်တာများတယ်၊ နင် ကံကောင်းတယ် မာလာ"

"သူ့မွေးရာပါ ဗီဇကိုက ကောင်းလို့ပါ၊ သားကြီးအကြောင်း နင့်သားကို ပြောထားသေးလား သူဇာ"

"မပြောဘူး"

"မပြောတဲ့လက်စနဲ့ မပြောမိပါစေနဲ့"

"အေးပါဟ"

"ကလေးတွေ စိတ်ဝမ်းကွဲမှာစိုးလို့"

"စိတ်ချပါ မာလာရာ၊ နင်နဲ့ငါက ပြောရမယ့်သူတွေမှ မဟုတ်တာ"

ဒေါ်မာလာကို ပြုံး၍ ဒေါ်သူဇာ ပြောလိုက်၏။

"သူငယ်ချင်းဘဝကနေ ခမည်းခမက်တော်ရတော့မယ့် သူတွေလို့ နင်ပြောမလို့လား သူဇာ"

"ဒါပေါ့"

"ကလေးတွေကိစ္စကို ဘယ်လို စီစဉ်ချင်လဲ မာလာ"

"ကျောင်းပြီးမှ စီစဉ်ရအောင်"

"ငါ့သားက ကျောင်းမပြီးခင်တောင် လက်ထပ်ချင်နေတာ"

"နင့်သားက သူ့အဖေနဲ့တူလို့ သည်းတာနေမှာပေါ့သူဇာ"

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံး သူငယ်ချင်းနှစ်ဦးမှာ ရယ်မောစရာမျ
ပြောရင်း ရယ်လိုက်ကြပါသည်။

"နင်တို့ဝုန်းကကော မသည်းလို့လား မာလာရာ"

"ဟင်း ဟင်း ... ဒါကြောင့် ကလေးတွေ သည်းတာ
ခွင့်လွှတ်ထားတာပေါ့ သူဇာ"

❋ ❖ ❋



( ၁၁ )

"စာရွေးရမယ်ဟေ့"

ကိုထိုက်အောင် စကားသံကို မီးဖိုထဲတွင် ဟင်းချက်
ပင်နေသော ပန်းနုသွေး မကြားလိုက်ပေ။

ထိုက်အောင်က မီးဖိုထဲထိ ဝင်လာကာ ...

"စာလာတယ် ဘယ်သူ့ဆီကလဲ မသိဘူး ရွေးရမယ်"

ပန်းနုသွေးရှေ့တွင် စာထောင်ပြကာ ပြောလာ၍
ပန်းနုသွေး ဝမ်းသာသွား၏။

"နုသွေးစာလား ကိုကို"

"သိဘူး"

"ပြစမ်းပါဦး"

"စာတစ်စောင် ငါးဆယ်နော်၊ စာငါးစောင်ဆိုတော့ နှစ်ရာ
ငါးဆယ်ပဲ"

"နုသွေး စာတွေပေါ့နော် ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ စာလာစရာဆိုလို့ ကိုကိုနဲ့ နုသွေးပဲရှိတာ ကိုကို့စာမဟုတ်ရင် နုသွေးစာပေါ့"

"နုသွေးစာဆိုရင် ပေးလေ"

"ဘယ်ရမလဲ ... ရွေးရမယ်"

"ကိုကို ဈေးကြီးတယ်"

"ဈေးမဆစ်ကြေးလေ"

"ငါးစောင် ငါးဆယ်ယူပေါ့"

"မရဘူး"

ပန်းနုသွေးက ထိုက်အောင်နားတိုးလာကာ ပြော လိုက်သည်။

ထိုက်အောင်က စာတွေကို လက်နောက်ပစ်ပြီး ဝှက်လိုက်၏။

"လုမယ်မကြံနဲ့နော်၊ စုတ်သွားရင် နမြောစရာကြီးဖြစ်သွား မှာပေါ့"

"နေပေါ့ ... နုသွေး သူငယ်ချင်းတွေဆီကစာပဲ မဖတ် လည်း အရေးမကြီးပါဘူး"

ပန်းနုသွေးက မူပြီး မိခင်နားတွင် သွားထိုင်လိုက် သည်။

ရင်ထဲကတော့ ချစ်သူစာ ဖြစ်မည်ဟု သိနေပါ၏။

နေထက်ကိုမှာ ဖခင်ဖြစ်သူနှင့်အတူ မန္တလေးသို့ ခရီးထွက်သွားရသည်။



မန္တလေးမှစာရေးမည်ဟု ပြောထား၍ ပန်းနုသွေး မျှော်နေမိသည်။

"သူငယ်ချင်းတွေဆီက စာဆိုရင် ကိုကို ဖောက်ဖတ်လိုက် မယ်"

"ကိုကိုနော်"

"နုသွေး သူငယ်ချင်းတွေ ဘယ်လောက်ပေါလဲဆိုတာ သိ ချင်လို့၊ နုသွေး မျက်စိသြောင်း သက်သာအောင် ကိုကို ဖတ်ပြမယ်"

ထိုက်အောင်က စာအိတ်တွေကို ထောင်ကြည့်လိုက်၊ ပန်းနုသွေးကို ကြည့်လိုက်ဖြင့် စနေလေသည်။

"စာအိတ်ထောင့်မှာ နံပါတ်စဉ်တွေတောင် ထိုးထားတယ်၊ တစ် နှစ် သုံး လေး ငါးတဲ့"

နံပါတ်စဉ်ထိုးထားသည်ဆို၍ ထိုက်အောင် လက်ထဲ မှ စာများယူရန် ကြိုးစားသည်။

"ဘယ်ရမလဲ၊ နုသွေးလောက်မပါးရင် နင့်အစ်ကို မဖြစ် ဘူး"

ချစ်သူဆီမှ စာများဖြစ်ကြောင်း ရိပ်မိ၍ ပန်းနုသွေး ဖတ်ချင်လှပြီ။

ပန်းနုသွေးက မိခင်ဘက်လှည့်ကာ စစ်ကူတောင်း လေသည်။

"မေမေ့သားကို ပြောပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိစ္စ ကိုယ်ရှင်းပေါ့"

ဒေါ်မာလာ ရယ်ပြီး ပန်းနုသွေးကို ပြောလိုက်၏။

"ဟာ ... မေမေကလဲ၊ နုသွေး တောင်းနေတာ ပေးမှမပေး ဘဲ"

"ပေးအောင်တောင်းပေါ့"

"မေမေက ကိုကို့ဘက်ကချည်းပဲ"

"သမီးက ကပ်စေးနဲနေတာကိုး၊ သားကြီးတောင်းတာ ပေးလိုက်ပေါ့"

"သက်သက်ခေါင်းပုံဖြတ်တာ မေမေ"

ပန်းနုသွေးက ကိုက်အောင်ကို မျက်စောင်းထိုးကာ မကျေမနပ်ပြောလိုက်၏။

"ဒါတော့ သမီးတို့မောင်နှမ စည်းကမ်းပဲလေ"

"မေမေကလဲ"

"သားပစ္စည်းတွေ သမီး ဖွက်ထားပြီး ပြန်လိုချင်ရင် သား ဆီက ပိုက်ဆံတောင်းတာတွေ မေ့သွားပြီလား၊ သမီး အလှည့်ကျတော့လည်း ပေးလိုက်ပေါ့"

ဒေါ်မာလာ စကားကြောင့် ပန်းနုသွေး နှုတ်ခမ်းစူ သွားသည်။

"မေမေ့စစ်ကူတောင်းမှ ပိုဆိုးသွားပြီ"

"ဘယ်ကစာမို့လဲ သမီး"

ဒေါ်မာလာ မသိချင်ဟန်ဆောင်ကာ မေးလိုက်သည်။



"သူ့ချစ်သူဆီက စာလေ"

"ဩော် ... ဒါဆို တောင်းသလောက်နဲ့ ရွေးလိုက်ပေါ့ သမီးရယ်"

"ဟင့်အင်း"

"မေမေ ကြားတယ်နော်၊ စာမရွေးရင် ပိုင်ရှင်မဲ့ဖြစ်သွားပြီ၊ ကျွန်တော် ဖတ်ခွင့်ရှိတယ်"

"ကိုကို"

ပန်းနုသွေး ဒေါသဖြင့် အော်လိုက်၏။

"ဘာလဲဟ"

"နုသွေးစာတွေ ပေးမလား မပေးဘူးလား"

"ပိုက်ဆံပေးရင် ပေးမယ်"

"မပေးဘူး"

"ဒါဆို ... ကိုကိုလည်း မပေးဘူး"

ပန်းနုသွေးက ဒေါသဖြစ်နေ၍ ထိုက်အောင် လက် မောင်းကို ဖမ်းကိုက်လိုက်၏။

ထိုက်အောင်က ပန်းနုသွေးကို စနေခြင်းပေ။

သို့သော် ပန်းနုသွေးမှာ ချစ်သူဆီက စာမှန်းသိ၍ အစမခံနိုင်အောင် ဖြစ်နေမှန်း သူမကိုယ်သူမ မသိ။

"အား ..."

ထိုက်အောင် နာကျင်စွာ အော်လိုက်၏။ စိတ်ဆိုး ဆိုးနှင့် ကိုက်လိုက်၍ လက်တွင် သွေးစို့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သမီး"

ဒေါ်မာလာမှာ မမျှော်လင့်ဘဲ ဖြစ်သွား၍ ဝင်ဆွဲချိန် မရလိုက်။

"ဘာမှ မဖြစ်ပါဘူး မေမေ၊ သားက အစလွန်သွားတာ"

"စာက ဘယ်လောက်အရေးကြီးလို့လဲ နုသွေး၊ ကိုယ့်အစ်ကိုက ချစ်လို့ကျီစားတာ မသိဘူးလား"

ဒေါ်မာလာက ပန်းနုသွေးကို ဆူလိုက်သည်။ ပန်းနုသွေး ငြိမ်သွားပါ၏။

"ကိုကိုက စိတ်ဆိုးအောင် စတာကိုး"

"စမုန်းသိရင် မကိုက်နဲ့ပေါ့"

"နုသွေးကို ခွင့်လွှတ်နော် ကိုကို"

"ကိုကို ခွင့်လွှတ်ပြီးသားပါ၊ ရော့ ... နုသွေး စာတွေ"

ပန်းနုသွေးက ထိုက်အောင် လှမ်းပေးသော စာများကိုယူရင်း ...

"သိပ်နာနေလား ကိုကို"

"စပ်ဖျဉ်းဖျဉ်းဖြစ်နေတယ်"

"ယောက်ျားပဲ၊ အောင့်ခံလိုက်နော် ... တာ့တာ"

ပန်းနုသွေးက အခန်းထဲရောက်သည်နှင့် စာများကို ရင်ခွင်ပိုက်ကာ အိပ်ရာပေါ်လှဲချလိုက်၏။ စာအိတ်ကို လှလှပပလေးဖြစ်အောင် ကတ်ကြေးဖြင့် ဖောက်လိုက်သည်။



"စာမလာလို့ စိတ်ဆိုးနေတာ၊ သူက တစ်ခါတည်း စာတွေ အများကြီးထည့်လိုက်တာကိုး"

ပန်းနုသွေးက ချစ်သူအပေါ် စိတ်ဆိုးပြေသွားလေသည်။

**ကိုနေရဲ့ အချစ်ဆုံး နုသွေး**

တအားကြီးကို လွမ်းတာပဲကွယ်၊ ဖေဖေခေါ်လို့ လိုက်ခဲ့ရပေမယ့် ကိုနေ့စိတ်က နုသွေးနားမှာ ကျန်ခဲ့ပြီးသားပါ၊ နုသွေးနဲ့ ခွဲလာရတဲ့ အချိန်ကစပြီး ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေရတယ်၊ ခုလို ခွဲသွားမှ နုသွေးအပေါ်ချစ်တဲ့ ကိုနေ့အချစ်က ပိုပေါ်လွင်လာတယ် ...

နုသွေးကော ကိုနေ့ကို လွမ်းနေမှာပဲနော်၊ ကိုနေနဲ့ နုသွေးက နှစ်ကိုယ့်တစ်စိတ်မဟုတ်လား၊ ကိုနေ လွမ်းသလို နုသွေးလည်း လွမ်းမယ်ဆိုတာ သိနေတယ်လေ ...

နုသွေးနဲ့ ခေတ္တခွဲခွာလာရမှ နုသွေးကို သိပ်ချစ်မှန်း ပိုသိလာရတယ်၊ စိတ်ကူးနဲ့ ကိုနေနဲ့ နုသွေးတို့ ကွဲကြည့်တယ်၊ ရင်ထဲမှာ နာကျင်အောင် ခံစားသွားရတယ်၊ ကိုနေ့ကို ဘယ်တော့မှ ခွဲမသွားနဲ့ မုန်းမသွားနဲ့နော် ...

ကိုနေနဲ့ နုသွေး သိပ်ချစ်ကြသလို မိဘတွေကလည်း သဘောတူပြီးသား၊ ကျောင်းပြီးရင် ပေးစားမယ်ဆိုတာ သိသားနဲ့ အတွေးချော်ကြည့်မိတာပါ ...

www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ရင် သိပ်စိတ်ညစ်ရတယ်တဲ့၊ ကိုနေ့ကိုတော့ စိတ်ညစ်အောင်မလုပ်နဲ့နော်၊ ကိုနေတော့ နုသွေးကို လွမ်းတိုင်း နုသွေးဓာတ်ပုံလေးကို ထုတ်ကြည့်ပြီး မွှေးမွှေးပေးရတာ မမောတမ်းပဲ"

ပန်းနုသွေး နေထက်ကို စာကိုဖတ်ပြီး ကြည်နူးသွားရသည်။

"သိပ်ပိုတဲ့ ကိုနေ"

ကျေနပ်စွာပြောလိုက်ပြီး စာကို ဆက်ဖတ်လိုက်၏။

ဖေဖေက ဆယ်ရက်ဆိုပြီး နောက်တစ်ပတ်နေရဦးမယ်တဲ့ နုသွေးရယ်၊ နုသွေးနဲ့ ခွဲလာရတာ တစ်ပတ်ပဲရှိသေးတယ်၊ ကိုနေ အရမ်းလွမ်းနေရပြီ ...

နုသွေးလည်း ကိုနေ့ကို မျှော်နေပြီမို့လား၊ ကိုနေက နုသွေးစိတ်ကို သိနေတယ်လေ၊ ကိုနေ ဘယ်မိန်းကလေးနဲ့မှ မရောသလို နုသွေးလည်း ယောကျ်ားလေးတွေနဲ့မရောနဲ့ စကားမပြောနဲ့နော်၊ ကိုနေက သဝန်တိုတယ်ဗျ ...

နုသွေး ပြောဖူးတယ်လေ၊ နုသွေးနဲ့ချစ်ပြီးမှ မိန်းကလေးနဲ့ ပတ်သက်ပြီး ကြားရရင် ဘယ်လောက်ချစ်ချစ် ပြန်လှည့်မကြည့်ဘူးတဲ့၊ ကိုနေလည်း နုသွေးလိုပဲနော်၊ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဗျ ...

ကိုနေ ရင်ထဲမှာ ငယ်ငယ်လေးကတည်းက ကြီးလာရင် နုသွေးကိုယူမယ်၊ နုသွေးနဲ့ပဲချစ်မယ်ဆိုတဲ့ အစွဲလမ်းနဲ့ ချစ်ခဲ့ရတာပါ ...



နုသွေးနဲ့ ကိုနေတို့ ပြန်မဆုံခင်ကကော ပြန်ဆုံပြီးမှကော ကိုနေချစ်တာ နုသွေးတစ်ယောက်တည်းကိုပါ၊ အဲဒါ နုသွေးသိပါတယ်၊ ကိုနေ့ရင်ထဲမှာ နုသွေးပဲရှိတယ်၊ ကိုနေချစ်သလို သစ္စာရှိသလို နုသွေးကလည်း ချစ်နေသစ္စာရှိနေမယ်လို့ ယုံကြည်ထားတယ် ...

ဒီနေ့ နုသွေးကြိုက်တဲ့ ပုစွန်တုပ်ကြော်နဲ့ စားရတော့ နုသွေးကို ပိုသတိရတယ်။ ရင်ထဲမှာ ရှိတဲ့အချစ်တွေသာ ပြောရမယ်ဆိုရင် တစ်ထောင့်တစ်ညပုံပြင်က အရှုံးပေးရမယ် သိလား ...

နုသွေးကို သိပ်ချစ်တယ် ...

အိပ်မက်ထဲ လာခဲ့မယ်နော် ...

စာထဲကနေ အနမ်းတွေ ပေးလိုက်တယ်နော်၊ ကောင်းကောင်းသိမ်းထား ...

**နုသွေးရဲ့ အချစ်ဆုံး**

**ကိုနေ**

နေထက်ကို စာဆုံးသွားသော်လည်း ပန်းနုသွေးမှာ ဖတ်မဝဖြစ်နေရပါ၏။

"နုသွေးကလည်း သိပ်ချစ်ပါတယ် ...၊ နုသွေး အိပ်မက်ထဲကို ကိုနေ အမြဲလာနေကျပါ"

ပန်းနုသွေး ရင်ထဲမှ တိုးတိုးလေး ပြောလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုထံမှ အကြင်နာများဖြင့် ရေးထားသော စာကိုဖတ်ပြီး ပန်းနုသွေးမှာ ချစ်သူအပေါ် အချစ်အမှတ်တွေ တိုးနေပါတော့၏။

"မြန်မြန်သာ လာပါတော့ ကိုနေရယ်၊ နုသွေး လွမ်းလှပြီ"

ချစ်သူဓာတ်ပုံလေးကို ရင်ခွင်ပိုက်ပြီး ပန်းနုသွေး တမ်းတမ်းတတ ပြောလိုက်ပါတော့သည်။

❋ ❖ ❋



# ၁၂

"သိပ်ချစ်ရတဲ့ ကိုနေ ...

သိပ်သတိရတယ်ဆိုတာကို နေ့တိုင်း ပြောနေရင် ရိုးသွားမလားဟင်၊ တကယ်ပဲ ကိုနေ့ကို သတိရနေတယ်၊ နုသွေးတော့ ကိုနေ ပြန်မလာမချင်း အချစ်ရူးလေး ဖြစ်နေရပြီ ...

ကိုနေနဲ့ နုသွေးတို့ မတွေ့ရတာ ဆယ်ရက်ကြီးများတောင် ရှိသွားပြီ၊ ကိုနေ ဖုန်းဆက်လို့ ကိုနေ အသံလေးကြားနေရလို့ တော်သေးတာပေါ့၊ လူလည်းမတွေ့ရ၊ အသံလည်း မကြားရရင် နုသွေး သေသွားနိုင်တယ် သိလား...

"မိခ္လဲလေး"

"ဟင် ..."

ပန်းနုသွေး စာရေးနေ၍ အခန်းထဲသို့ ဝင်လာသံပင် မကြားလိုက်ရ။

www.burmeseclassic.com

www.burmeseclassic.com



သီရိနှင့် ထက်ထက်တို့ အသံကြား၍ ပန်းနုသွေး စာရေးစက္ကူကို ပိတ်လိုက်သည်။

"လုပ်မနေနဲ့ အားလုံးဖတ်ပြီးပြီ"

"ခွေးစုတ်တွေ"

"ဘာ ခွေးစုတ်တွေလဲ၊ ငါတို့ကတော့ နင်မျှော်နေမယ်ထင်ပြီး စုလာကြတာ၊ နင်က ချွဲပိုလုပ်နေတာကိုး"

"လုပ်ရမှာပေါ့ဟ၊ ငါ့ချစ်သူ ငါချွဲတာ နင်တို့က တရားခံ မလို့လား"

"အေး ..."

ထက်ထက် ရယ်ရင်း ဖြေလိုက်၏။

"နင်တို့ ဝင်လာတာ ငါ သိတောင်မသိဘူး"

"ဘယ်သိပါ့မလဲ၊ နင်က နင့်အတွေးနဲ့ နင် စာရေးနေတာကိုး၊ နင့်နား လက်ပစ်ဗုံးဖောက်ရင်တောင် သိမှာမဟုတ်ဘူး"

"အတော်ပဲ ငါပျင်းနေတုန်း၊ နင်တို့ ရောက်လာကြတာ"

"သြော် ... ငါတို့က နင့်အတွက် ပျော်တော်ဆက်ရမှာပေါ့"

"ဒါပေါ့"

"တရားကျဖို့ ကောင်းလိုက်တာ"

ထက်ထက်နှင့် သီရိတို့က ပြုံးရယ်ပြီး ပြောလိုက်၏။

"နေထက်ကို ဘယ်သွားလို့လဲ"

"မန္တလေးကို"



"ဒါကြောင့် နင် ဆွေးနေတယ်ပေါ့"

"အင်း ..."

"ဒီစာက ထည့်မလို့လား"

"ဟင့်အင်း"

"မထည့်ရင် ဘာလို့ရေးထားတာလဲ"

"သူ သွားနေတဲ့ရက်တိုင်း ငါ့ရဲ့အချစ်တွေ ရေးထားတာ၊ သူပြန်လာရင် ဖတ်ရအောင်လို့"

ပန်းနုသွေး စကားကြောင့် သီရိ ရှုံ့မဲ့ပြီး လက်ဖျား ခါလိုက်၏။

"နင်တို့ကတော့ စံပဲ နုသွေး"

"နင်တို့အချစ်က ကြောက်စရာကြီးနော်၊ သိပ်ချစ်ကြရင် အမျက်ကြီးတတ်တယ် သတိထား"

"ဘာစကားလဲဟ"

"နင်ကော နေထက်ကိုပါ တခြားစုံတွဲတစ်ယောက်ထက် ပိုချစ်ကြတယ်၊ တစ်ဖက်စွန်းရောက်နေကြတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့၊ နင်ကော နေထက်ကိုပါ တစ်ယောက်မကြိုက်တာ တစ်ယောက် လုပ်မိရင် လွမ်းစရာလေးတွေ ဖြစ်သွားမယ်နော် နုသွေး"

"ခုချိန်ထိတော့ သူကော ငါပါ တစ်ယောက်မကြိုက်တာ တစ်ယောက်က ရှောင်နေကြသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စကား နောက်မှပြော၊ ငါတို့ကို တစ်ခုခု အရင် ကျွေး၊ နင်ဆီက စားရတာ ကြာပြီ"

"ငတ်ကြီးကျတဲ့ အကျင့်ကတော့ မပျောက်သေးဘူး"

"နင့်သူငယ်ချင်းပဲ၊ နင်နဲ့ တူမှာပေါ့"

"စကားနောက်မှပြော၊ ခု ငါတို့ဆာတယ်"

"သီရိနော်၊ ငတ်ကြီးကျတာ ကိုကို သိရင် မကြိုက်ဘဲနေမယ်"

ပန်းနုသွေး ရယ်မောရင်း သီရိကို နောက်ပြောင်လိုက်သည်။

"နင့်အစ်ကို ကြိုက်အောင် ဣန္ဒြေလေးနဲ့ အငတ်ခံရမှာလား နုသွေး"

"အေး _"

"ဝေးသေး၊ ငါတို့က စားစရာရှိရင် အဝစား၊ ဝတ်စရာတွေ့ရင် အကုန်ဝတ်၊ ရယ်စရာရှိလည်း ဟအားရယ်ရမှ နေရာတကာ ဣန္ဒြေမလုပ်နိုင်ဘူး"

"မှားပါတယ်"

"ငါတို့ ခံယူထားတာက အကျင့်စာရိတ္တ မပျက်ပြားတာကို ဣန္ဒြေလို့ ခေါ်တာ"

"ထက်ထက် ပြောတာ မှန်တယ်"

သူငယ်ချင်းများ အတိုင်အဖောက်ညီစွာ ပြောနေသည်ကို နားထောင်ပြီး ပန်းနုသွေး ပခုံးတွန့်လိုက်သည်။



"ငါက ပျော်လို့ပြောတာ၊ လာ ... ထမင်းစားခန်းသွားမယ်"

ပန်းနုသွေး ခေါင်းဆောင်ပြီး အခန်းထဲမှ ထွက်လာကြသည်။

"မေမေ"

"ဘာလဲ သမီး"

"ဒီကောင်တွေ ဆာလို့တဲ့"

"ဆာရင် ကြိုက်တာ သွားစားကြလေ၊ ရေခဲသေတ္တာထဲမှာ မုန့်တွေလည်းရှိတယ်၊ အိုးထဲမှာ ဟင်းတွေလည်းရှိတယ်"

"ရှိတာ အကုန်စားသွားမယ် အန်တီ"

"စား ... စား"

ဒေါ်မာလာ ရယ်မော ပြောဆိုလိုက်၏။

"အကုန်တော့ မကျွေးနိုင်ဘူး"

ပန်းနုသွေး သူငယ်ချင်းများကို စလိုက်ပါ၏။

"အန်တီက သဘောကောင်းတယ်၊ နင်က ပုပ်တယ်"

"ဟေ ... ကျွေးလည်း ကျွေးရသေးတယ်၊ ပုပ်တယ်လည်း အပြောခံရရင် မကျွေးတော့ဘူး"

"နင် မကျွေးလည်း စားမှာပဲ"

လူငယ်များ ပျော်ရွှင်နေသည်ကို ကြည့်ပြီး ဒေါ်မာလာ န်းထဲမှ ထွက်လာခဲ့၏။

"မိသိမ့်လည်း မပါလာပါလားဟ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဝင်ခေါ်သေးတယ်၊ အပြင်သွားနေတယ်တဲ့

ပန်းနုသွေးတို့ သူငယ်ချင်းတစ်သိုက်မှာ စားသော ရင်း စကားပြောကြနှင့် ဆူညံနေပါ၏။

တစ်ဦးစားနေသောမုန့်ကို လိုက်လုစားပြီး ပျော် ကြ၏။

"ငါတို့ ကျောင်းပိတ်ထားကတည်းက ဒီလို မပျော်ရ ကြာပြီနော် နုသွေး"

"နင်တို့မှ မလာတာ"

"နင်ကကော လာလို့လား"

"နုသွေးက နေထက်ကိုနဲ့ တွေ့နေရရင် တစ်ကမ္ဘာ မေ့နေတာ"

ထက်ထက်နှင့် သီရိက စကားနာထိုးလိုက်ကြ

"နင့်အစ်ကိုလည်း မမြင်ပါလား နုသွေး"

သီရိ အမေးကြောင့် ပန်းနုသွေး မချိုမချဉ်ပြုံး

"တွေ့ချင်လို့လား"

"တွေ့ချင်တာပေါ့ဟ"

သီရိကလည်း ခပ်လောင်လောင်ပင်။

"တွေ့ချင်ရင် ဒီမှာ ညအိပ်စောင့်၊ ကိုကိုက ဖေဖေနဲ့ တစ်နေကုန် လုပ်နေတာ"

"သနားလိုက်တာ"



သီရိက တမင်နောက်ပြောင် ပြောဆိုလိုက်၏။

စားသောက်ပြီးသည်နှင့် ဧည့်ခန်းထဲတွင်ထိုင်ကာ ချင်းဖွင့်ကြပါ၏။

"ဟော ... ကိုကို ပြန်လာတယ်၊ သီရိ ... သွားကြိုလိုက် လေ"

ပန်းနုသွေး စကားကို တကယ်ထင်ပြီး သီရိက က်လေးပုနေပါ၏။

"အလကား သီရိ၊ နုသွေး လိမ်တာ"

"နုသွေး အစုတ်ပလုတ်၊ ငါက သူငယ်ချင်း အချင်းချင်း စ,တာ"

သီရိက ပန်းနုသွေးကို လိုက်ရိုက်ပါတော့သည်။

"စိမ် ... စိမ်"

ပန်းနုသွေးက ရှေ့မှပြေးပြီး သီရိက နောက်မှလိုက် နလေသည်။

"ဟုတ်ပြီ ... နုသွေး ပြေး ... ပြေး၊ လွတ်အောင်ပြေး၊ သီရိ ကလည်း မိအောင်ဖမ်း"

အားပေးသူက အားပေး၊ ပြေးသူကပြေး၊ လိုက်သူ လိုက်နှင့် တဝုန်းဝုန်းဖြင့် ဆူညံနေပါ၏။

ခြံကျယ်သည်မို့ တော်သေးသည်။

"နုသွေးရေ ... နုသွေး"

www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရာမှ အပြင်မှ ခေါ်သံကြောင့် ပန်းနု
အပြေးရပ်သွား၏။

သီရိက ပန်းနုသွေးကို လှမ်းဖက်ရင်း "မိပြုံ
အော်လိုက်သည်။

"မိမနေနဲ့၊ ကိုကို တကယ်ပြန်လာတာ၊ တံခါးသွာ
လိုက်မယ်"

သီရိ ဧည့်ခန်းထဲတွင် ခပ်တည်တည်လေး သွာ
နေလိုက်၏။

"နုသွေး သူငယ်ချင်းတွေ ရောက်နေတာကိုး"

"ကိုကို ကြိုက်တာ ရွေးနိုင်တယ်နော်၊ နုသွေး သူငယ်
တွေဆို ဘယ်သူနဲ့မဆို သဘောတူတယ်"

"ဟာ . ..."

ပန်းနုသွေး စကားကြောင့် ထိုက်အောင် ရှက်
ပါ၏။

"နုသွေးမှ ရှာမပေးရင် ကိုကို ငှက်ပျောတုံးဖက်ပြီး
နေမှာစိုးလို့"

ပန်းနုသွေး စကားကြောင့် ထိုက်အောင်က
ထက်နှင့် သီရိပါ အနေခက်သွားကြရသည်။

"ဖိုင်တွဲတစ်ခု ကျန်ခဲ့လို့ ကိုကို လာယူတာ"

"ဩော် ... နုသွေး သူငယ်ချင်းတွေ ရောက်နေတာ ကို
စိတ်ကသိပြီး လာတာလားလို့ပါ"



ပန်းနုသွေး အစလွှန်ပြီး ထိုက်အောင် မျက်နှာရဲလာ
ကာ ဧည့်ခန်းထဲမှ လစ်သွားပါတော့၏။

"ဟား ဟား ... ငါ့အစ်ကိုက သိပ်ရိုးတာ တွေ့ပြီမို့လား၊
ယောက်မတော်ချင်ရင် မဲနှိုက်ပေးမယ်"

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၃ )

"ဟယ် ... ကိုနေ ပြန်လာပြီ"

အိမ်ရှေ့တွင် ကားရပ်၍ နေထက်ကို ဆင်းလာသည်ကို တွေ့ရ၍ ပန်းနုသွေး ပျော်သွားသည်။

ပန်းနုသွေး လှေကားပေါ်မှ အပြေးလေး ဆင်းလိုက်ပါ၏။

"ဖြည်းဖြည်းသွားပါ သမီးရယ်"

ဒေါ်မာလာက ပျာယာခတ်နေသော ပန်းနုသွေးကို ဝင်ပြောလိုက်သည်။

အထုပ်အပိုး တစ်ပွေ့တစ်ပိုက်ဖြင့် ပြုံးရယ်ကာ ကားပေါ်မှ ဆင်းလာသော နေထက်ကိုအား တွေ့ရပါ၏။

ပန်းနုသွေးက နေထက်ကို လက်ထဲမှပစ္စည်းအချို့ကို လှမ်းယူကာ ယှဉ်တွဲတက်လာခဲ့ကြ၏။

"ကိုနေကလည်း ကြာလိုက်တာ"



"နုသွေး မျှော်နေမယ်ဆိုတာ ကိုနေ သိပါတယ်၊ ဖေဖေ့ကိစ္စက မပြီးသေးလို့ ပြီးအောင် စောင့်နေရတာ"

"အန်တီ နေကောင်းတယ်နော်"

နေထက်ကိုက ဒေါ်မာလာအား ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ကောင်းပါတယ်၊ သားမေမေ မပါဘူးလား"

"မပါဘူး အန်တီ"

"သမီးက သားကို မျှော်နေတာ"

"ပြန်ရောက်ရောက်ချင်း လာခဲ့တာ၊ အန်တီတို့အတွက် လက်ဆောင်တွေ"

နေထက်ကိုကလက်ဆောင်ပစ္စည်းများကို ဒေါ်မာလာထံ လှမ်းပေးလိုက်၏။

"အများကြီးပါလား"

ဒေါ်မာလာက ပစ္စည်းတွေကိုကြည့်ပြီး အားနာစွာ ပြောလိုက်သည်။

"မေမေ ပေးလိုက်တာ အန်တီ၊ ထိုးမုန့် လမုန့်တွေအများကြီးပါတယ်"

"အများကြီးပါတော့ ... အများကြီး စားရတာပေါ့ဟာ၊ စိတ်မဆိုးပါဘူး"

ထက်ထက်၊ သီရိနှင့် သိမ့်သိမ့်တို့ ထမင်းစားခန်းထဲမှ ထွက်လာပြီး ပြောလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"နုသွေး သူငယ်ချင်းတွေ ရောက်နေကြတယ်လား"

"ဟုတ်တယ်"

"နုသွေး သနားပါတယ်"

"နုသွေးကို ဘာလို့ သနားရမှာလဲ"

ထက်ထက်က နေထက်ကိုစကားကို နားမလည်

မေးလိုက်သည်။

"နင်တို့ဒဏ်ကို ငါ့ချစ်သူလေး ခံရမှာကို တွေးမိလို့ပါ

"ဒါကြောင့် နင့်ကို ဖိုးသည်းဘွဲ့ပေးတာ နေထက်ကို"

"နေထက်ကိုက နုသွေးဆီမှ အမှတ်ပြည့် ယူနေပြီပေ

"ဟုတ်တယ် ကိုနေရယ်၊ ဒီကောင်တွေဒဏ် နုသွေးခံ

ရတယ်"

ပန်းနုသွေးက ရယ်ချင်စိတ်ကို မျိုသိပ်ရင်း မျက်

ငယ်လေးဖြင့် ပြောလိုက်လေသည်။

"နင်တို့သည်းနေတာ အမြင်ကတ်ဖို့ ကောင်းနေပြီ"

ထက်ထက် မျက်စောင်းထိုးရင်း ပြောလိုက်

သည်။

"အမြင်ကတ်ရင် အခန်းထဲ သွားနေကြ၊ အပြင်မထွက်

ကြနဲ့၊ ငါပြန်မှ ထွက်ခဲ့"

ဒေါ်မာလာက လူငယ်များ လွတ်လပ်စွာ ပြော

နိုင်ရန်အတွက် ပစ္စည်းများယူပြီး ထွက်သွားလေပြီ။

"သွားဘူး"



"ဟာဗျာ ... နင်တို့ကို သွားဖို့ပြောနေတာ၊ အရိပ်ပြလို့ အကောင်မထင်ဘူး"

နေထက်ကို စကားကြောင့် ထက်ထက်တို့အုပ်စု ရှုံ့မဲ့သွားကြသည်။

နေထက်ကို ပြုံး၍ ထက်ထက်တို့ကို ပြောလိုက်၏။

"အမြင်ကတ်လို့ ငါတို့ တမင်နေနေတာ"

"မှားပါတယ်"

"ဒီလို မကျီစားကြေးလေ"

ပန်းနုသွေးက ထက်ထက်ကိုကြည့်ပြီး ပြောသလို နေထက်ကိုကလည်း ...

"နင်တို့ မုန့်စားချင် သွားစားကြ"

"စားဘူး"

"အချိန်က ငါတို့အတွက် တန်ဖိုးရှိတယ်"

"ရှိရှိပေါ့"

"နင်တို့ သိသိသာသာ ရှောင်ပေးသင့်တယ်ဟာ"

"ရှောင်ပါဘူး"

"မှားပါတယ်"

ပန်းနုသွေးက ချစ်သူနှင့် သူငယ်ချင်းများကိုကြည့် ပြီး ရယ်နေလေသည်။

"ဝင့်လိုက်မှာ မကြောက်ကြဘူးလား"

"မကြောက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးကိုင်တာလား"

"ကိုင်ကိုင်ပဲ"

"နုသွေးကို ပြောစရာရှိလို့ပါ"

"ငါတို့ရှေ့မှာပြော"

"ငါ့ရည်းစား ငါချစ်တဲ့အကြောင်းပြောမှာ နင်တို့ရှေ့မှာ ပြောရမှာလား"

"ပြောပေါ့၊ ခါတိုင်းလည်း ပြောနေကြပဲ၊ နင်တို့စကားတွေ ငါတို့ မကြားချင်မှအဆုံး"

တမင် အနိုင်လုပြီး ပြောနေသော သူငယ်ချင်းများကိုတစ်လှည့်၊ စိတ်ညစ်နေသော နေထက်ကိုအားတစ်လှည့် ကြည့်ပြီး ပန်းနုသွေး ကြားဝင်လိုက်၏။

"နင်တို့ကလည်း ကိုနေက ငါ့ကို ပြောစရာရှိလို့တဲ့၊ ငါ့အခန်းထဲ သွားနေကြတာ၊ ငါနဲ့ ကိုနေ ခွဲနေရတာ နှစ်ပတ်ကြီးများတောင် ပြောစရာရှိတယ်"

"တော်တော်အဖြစ်သည်းတယ်"

သီရိတို့ မကျေမနပ်ပြောရင်း ထွက်သွားကြလေသည်။

နေထက်ကိုက ပန်းနုသွေးနှင့် ပူးကပ်စွာထိုင်ရင်း ဖက်လိုက်ပါ၏။

"ကိုနေကလည်း"

"ဘာဖြစ်လို့လဲ နုသွေး"



"သူတို့ပြောစရာ ဖြစ်အောင်လို့"

"သူတို့ကမှ အလိုက်မသိကြတာ"

"ကိုနေကို တမင်ညစ်နေကြတာ"

"သိသားပဲ"

"သိလို့သာပေါ့"

"ကိုနေက နုသွေးကို သိပ်ချစ်လို့ တွေ့ချင်ဇောနဲ့ လာခဲ့တာ၊ သူတို့နဲ့တွေ့ဖို့မှ မဟုတ်တာ"

"ရှူး ... တိုးတိုး"

ပန်းနုသွေးက နေထက်ကိုပါးစပ်ကို လက်ညှိုးလေးဖြင့်ပိတ်ပြီး ပြောလိုက်၏။

"ဘာလို့လဲ"

"ပြန်လာပြီး တမင်အရွဲ့တိုက်နေကြမယ်"

နေထက်ကိုက ပန်းနုသွေး လက်ကလေးကို ဖွဖွလေးနမ်းပြီး ...

"သိပ်ချစ်တာပဲ ... နုသွေးရယ်"

"ဘယ်လောက် ချစ်လဲ"

"ဒီလောက် ချစ်တယ်"

နေထက်ကို ပန်းနုသွေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း အနမ်းမိုး ရွာလိုက်ပါ၏။

ချစ်သူကို လွှတ်ထွက်သွားမှာ စိုးသည့်အလား

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကို ဖက်ထားလိုက်သည်။

"လွှတ်တော့ကွယ်"

"မလွှတ်ချင်သေးဘူး"

"နုသွေး အသက်ရှူကျပ်လာပြီ"

"နည်းနည်းလျှော့ပေးမယ်"

"အကုန်လွှတ်ပေးပါ"

"နုသွေးက ကိုနေဖက်တာ မကြိုက်တော့လို့လား"

နေထက်ကိုက ပန်းနုသွေးကို ကြည့်ပြီး စကားနာထိုးလိုက်ပါ၏။

ပန်းနုသွေး မျက်နှာညှိုးငယ်သွားရင်း နေထက်ကိုအားကြည့်ကာ ...

"နုသွေး ကိုနေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုနေသိပါတယ်"

"သိပ်သိတာပေါ့"

"ဘာလို့ နုသွေး စိတ်မကောင်းအောင် စကားနာထိုးရတာလဲ"

"ကိုနေက ချစ်လို့"

"ကိုနေရဲ့ ကြင်နာယုယမှုကို နုသွေး တစ်သက်လုံး လိုချင်ပါတယ်"

"ဒါဆို ဘာလို့ လွှတ်ခိုင်းလဲ"

"မေမေတို့ပဲ ဝင်လာ ဝင်လာ၊ ထက်ထက်တို့ပဲ လာလာ



မြင်သွားရင် မကောင်းလို့ပါ"

ပန်းနုသွေး စကားကြောင့် နေထက်ကို စကားမှားသွားမှန်း သတိရ၍ တောင်းပန်လိုက်၏။

"ကိုနေ မှားသွားတယ်၊ ကိုယ့်ချစ်သူကို ယုယကြင်နာတဲ့စိတ်တွေ များသွားလို့"

"နုသွေး နားလည်ပါတယ်"

"နုသွေး သူငယ်ချင်းတွေလည်း ရှိနေတာ၊ ပါးစပ်ကမပြောတောင် နုသွေးကို အထင်သေးသွားနိုင်တာ ကိုနေ မစဉ်းစားမိဘူး"

"ရပါတယ်၊ နုသွေးက ကိုနေ့ကို မယုယနိုင်လို့ စိတ်မကောင်း ဖြစ်မိတယ်"

"နုသွေးကို နားလည်ပါတယ်၊ ကိုနေတို့ လက်ထပ်ပြီးရင်သာ အပြည့်အဝ ပျော်ကြမယ်နော်"

"နားရှက်စရာ မပြောနဲ့လေ"

နေထက်ကို စကားကြောင့် ပန်းနုသွေး မျက်နှာရဲသွားပါ၏။

"ရှက်နေတဲ့ မျက်နှာလေးက ပိုလှတယ်"

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့၊ ကိုနေ့အတွက်တော့ နုသွေးက တစ်သက်လုံး လှနေမှာပါ"

"စကားကို ကုန်အောင် မပြောနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ့အပေါ် သံသယ မဝင်မိစေနဲ့နော်"

"ကိုနေကလည်း နုသွေးအပေါ် သံသယမဝင်ဘဲ ချစ်နိုင် မလားဟင်"

"သံသယဆိုတာ သံသယဖြစ်စရာ အပြုအမူတွေကြော ပါ၊ ဒီအပြုအမူမျိုး ကိုနေကော နုသွေးပါ မလုပ်မိစေ ပေါ့"

နှစ်ဦးသား တစ်ဦးကိုတစ်ဦးကြည့်ပြီး ပြုံးလိုက် သည်။

"နုသွေးနဲ့ ကိုနေ စိတ်ချင်းတူပါတယ်"

"ချစ်သူတွေပဲ တူမှာပေါ့ ကိုနေ"

"တချို့ချစ်သူတွေ မတူပါဘူး"

"မတူလည်း တစ်ယောက်နဲ့တစ်ယောက် တူအောင် ညှိ မှာပေါ့"

နေထက်ကိုက ပန်းနုသွေး ပါးကို ချစ်စနိုးလိမ် လိုက်သည်။

"အား ... နာတယ်"

ပန်းနုသွေး ပါးကိုပွတ်ကာ ပြောလိုက်၏။ နေထ ကို ပျာပျာသလဲဖြင့် ပါးကိုပွတ်ပေးရင်း ...

"ဦးဖွနော် ... ဦးဖွ၊ ကိုနေ စိတ်ထဲ သိပ်ချစ်သွားလို့ မ မရဲ ဖြစ်သွားတယ်၊ နာသွားတဲ့ ပါးလေးကို ချော့ပေးမ နော်"



ပြောပြောဆိုဆိုဖြင့် နေထက်ကိုက ပန်းနုသွေး ပါးပြင်လေးကို ဖွဖွလေး မွှေးလိုက်၏။

"ဟင် ... ကိုနေ"

"ဦးဖွ ... လုပ်ပေးတာပါ နုသွေး"

"တော်တော်လည်"

ပန်းနုသွေး ကျေနပ်စွာဖြင့် ချစ်မျက်စောင်းလေးထိုးလိုက်သည်။

"ချစ်လို့"

"ဒီအပြောလေးနဲ့ပဲ နုသွေး ရင်ထဲမှာ ကိုနေက စိုးမိုးနေတာ"

"နှလုံးသားထဲက လာတဲ့ မေတ္တာစကားပါ နုသွေးရယ်"

"ယုံပါတယ်"

"နုသွေး ပိန်သွားတယ်"

နေထက်ကိုက ချစ်သူကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။

"ကိုနေ့ကို လွမ်းလို့"

"မိချွဲ ..."

"ကိုနေလည်း ပိန်သွားတယ်"

"နုသွေးကို လွမ်းလို့"

"ကိုချွဲ ... နုသွေးက အရင်ပြောတာ"

"ချစ်တာတော့ နုသွေးထက် ကိုနေက အရင်ချစ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးမှာ ချစ်စကားများကို မမောနိုင်အော
ပြောနေကြပါသည်။

"ငါတို့ ဝင်ခဲ့မယ်ဟေ့"

သူငယ်ချင်းများ အသံကြောင့် နှစ်ဦးသား ခွာထ
လိုက်ကြသည်။

"လာမှာများ အသံပေးနေရသေးလား"

ပန်းနုသွေးက ထက်ထက်တို့ကို ကြည့်ပြီး ပြောလို
၏။

"အရမ်းမလာရဲဘူးဟ"

"ဘာလို့လဲ"

"အမြင်မတော်တာတွေနဲ့ တိုးနေမှာစိုးလို့"

သုံးဦးသား မျက်နှာကို လက်ငါးချောင်းဖြင့် အု
ပြီး ဝင်လာကြ၏။

"ဒါက ဘယ်လိုဖြစ်လာကြတာလဲ"

"မကြည့်ရဲလို့"

"ဒါဆို မကြည့်ကြနဲ့၊ လက်ငါးချောင်းကို လုံအောင်အု
ထား"

နေထက်ကိုက စချင်၍ ပန်းနုသွေးကို ဖက်လို
သည်။

နဂိုကတည်းက မျက်နှာကို လက်ဖြင့်အုပ်က
လက်များကြားမှ ချောင်းကြည့်ကာ နေကြသော ထက်ထက်တို့က
နေထက်ကို ဖက်လိုက်သည်နှင့် ...

BURMESE CLASSIC .com



"အယ် ... ဖက်လိုက်ပြီ"

ဟု ပြိုင်တူ အော်လိုက်ကြပါ၏။

"မကြည့်ရဲတဲ့သူတွေက မြင်ရပါလား"

နေထက်ကို သဘောကျစွာ ရယ်ရင်း ထက်ထက်တို့
ား ပြောလိုက်ပါတော့သည်။

"ချောင်းကြည့်တာ ဝါသနာပါလို့ပါ ဟင်း ... ဟင်း ..."

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၄ )

BURMESE CLASSIC .com

"သားတို့ သမီးတို့ တာဝန်ကျေပြီ"

ပန်းနုသွေးတို့ စတုတ္ထနှစ်စာမေးပွဲ အောင်စာရ... ထွက်လာပြီး နှစ်ဦးစလုံး အောင်သည်နှင့် ဦးမိုးအောင်က ဦးသိန်း... ကို ပြောလိုက်ပါ၏။

နေထက်ကိုနှင့် ဦးမိုးအောင်၊ ဒေါ်သူဇာတို့ မိသာ... ပန်းနုသွေးတို့ဆီ လာလည်ကြလေသည်။

ဦးသိန်းစိုးနှင့် ဒေါ်မာလာမှာ ဦးမိုးအောင်စကား... ပြုံး၍ ခေါင်းညိတ်ပြကြ၏။

"ဖေဖေတို့ တာဝန်ပဲ ကျန်တော့တာပေါ့နော်"

"ဟေ ..."

နေထက်ကို စကားကြောင့် ဦးမိုးအောင်က မျက်... ကို ပင့်တင်ပြီး ပြောလိုက်သည်။

နေထက်ကိုက ပြုံးစိစိဖြင့် ဖခင်ကိုကြည့်ကာ



"မပြောပါနဲ့ ဖေဖေ"

"ဖေဖေတို့ ဘာတာဝန်ကျန်သေးလို့လဲ"

ဦးမိုးအောင်က ဦးသိန်းစိုးအား မျက်စိမှိတ်ပြကာ ...မေးလိုက်သည်။

" မိဘဝတ္တရား ငါးပါးထဲက ထိမ်းမြားခြင်းဆိုတဲ့ ဝတ္တရား ကျန်သေးတယ် ဖေဖေ"

"ဟာ ... ဒီကောင်"

"ဟုတ်သားပဲ၊ ကိုမိုးက သားအဖြစ်ချင်ဆုံးဆန္ဒကို မေ့နေတာကိုး"

ဒေါ်သူဇာက သားဖြစ်သူကိုကြည့်ပြီး ရယ်မောပြော...လိုက်၏။

"မမေ့ပါဘူး သူဇာ၊ တမင် မေ့ချင်ဟန် ဆောင်နေတာပါ"

ဦးမိုးအောင် စကားအဆုံးတွင် အားလုံး ဝိုင်းရယ်...လိုက်ကြ၏။

"မိဘတွေကတော့ ကိုယ့်သားသမီးကို ကလေး ထင်နေကြတာ"

"သူတို့က အတောင်အလက်စုံတာနဲ့ ပျံချင်ကြတာပေါ့ ရှင် ..."

"ကိုယ်တို့တုန်းကလည်း ဒီလိုပဲမို့လား မာလာရယ်၊ ကိုယ်ချင်းစာကြည့်ပေါ့"

ဦးသိန်းစိုးက ဇနီးဖြစ်သူကို စ၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေကိစ္စကို ဘယ်တော့ စီစဉ်ရင် ကောင်းမလဲ"

ဦးမိုးအောင်က ဦးသိန်းစိုးဘက်လှည့်ကာ မေးလိုက်၏။

"သူတို့သဘော မေးကြည့်လေ"

ဦးသိန်းစိုး အဖြေကြောင့် ဦးမိုးအောင်က ရယ်ပြီး...

"သူတို့သဘောမေးရင် အခုပဲ မင်္ဂလာဆောင်ပေးပါလို့ ပြောလိမ့်မယ်"

ဦးမိုးအောင်က သားဖြစ်သူဘက် လှည့်ကြည့်ကာ ဦးသိန်းစိုးအား ပြောလိုက်၏။

"နေ့ကောင်းရက်သာ ရွေးကြတာပေါ့ဗျာ၊ အမေတွေ ဆန္ဒကကော"

"ကလေးတွေ ပညာစုံပြီလေ ပေးစားလိုက်တာပေါ့"

ဒေါ်သူဇာက ဦးစွာပြောလိုက်သည်။

"ကလေးတွေ စားသောက်ဖို့ကကော"

"တစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသောသမီးပဲ၊ ဘယ် အိမ်မှာစားစား ပူစရာ မရှိပါဘူး"

ကိုသိန်းစိုးက ဝင်ပြောလိုက်သည်။

"မဟုတ်ဘူး ကိုမိုးအောင်၊ ကျွန်တော် ဆိုလိုတာက ဘာ လုပ်ကိုင်စားကြမလဲ မေးတာ"

"ကိုသိန်းစိုး ဘယ်လို စီစဉ်ချင်သလဲ"



"ကျွန်တော် တစ်ခု ပြောပါရစေ ဖေဖေ"

ဦးသိန်းစိုးထံမှ စကားမပြန်ခင် နေထက်ကို ပြော လိုက်သည်။

"ကျွန်တော်တို့ စီးပွားရေးဘွဲ့က အလုပ်ရ လွယ်ပါတယ်၊ နုသွေးကော ကျွန်တော်ပါ အလုပ်လုပ်ချင်တဲ့ဆန္ဒ ရှိကြ ပါတယ်"

လေးနက်စွာ ပြောနေသော နေထက်ကို စကားကို မိဘများက စဉ်းစားလာရ၏။ ပန်းနုသွေးကပါ ဝင်၍ ...

"သမီးတို့မှာ စားစရာ မပူရတာ သိပါတယ် ဖေဖေ၊ ကိုယ်သင်ထားတဲ့ ပညာနဲ့ နိုင်ငံတော်ကို တစ်ဖက်တစ် လမ်းက အလုပ်အကျွေး ပြုချင်ပါတယ်"

နေထက်ကို ဆန္ဒကို ပန်းနုသွေးက ပါဝင်ထောက်ခံ နေသည်။

"သားကော သမီးပါ အလုပ်လုပ်ချင်တဲ့ဆန္ဒ ရှိနေကြရင် လုပ်ပါစေ"

ဒေါ်မာလာက ခင်ပွန်းဖြစ်သူကိုကြည့်ပြီး ပြောလိုက် သည်။

"အလုပ်က အဆင်သင့် ရှိလို့လား"

ဦးသိန်းစိုးထံမှ လိုက်လျောသောစကား ရလာ၍ နေထက်ကို ဝမ်းသာအားရ ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သူငယ်ချင်းအဖေရဲ့ ဂုမ္ဗဏီတစ်ခုမှာ ကျွန်တော်ကော နေ့သွေးပါ လုပ်ချင်ရင် သူငယ်ချင်းက ပြောပေးမယ်တဲ့ အန်ကယ်"

"ဟုတ်ပါတယ် ဖေဖေ"

"မာလာ့သဘောကတော့ မိန်းကလေးရှင်မို့ ဦးစားပေးတာနော်"

"သီတင်းကျွတ်လောက် စီစဉ်ရင် မကောင်းဘူးလား"

"ဟာ ... ဝါတောင် မဝင်သေးဘူး၊ သီတင်းကျွတ်မှဆို ဆွေးပြီ"

နေထက်ကို စကားကြောင့် ပိုင်းရယ်လိုက်ကြပါသည်။

"နောက်ဆို သားနဲ့သမီးက တစ်သက်လုံး အတူတူနေသွားရမှာ၊ သမီးနဲ့ အန်တီတို့ နေရချိန် နည်းသွားပြီ၊ ဒီတော့ သီတင်းကျွတ်ထိ စောင့်လိုက်ပါ"

ဒေါ်မာလာက နေထက်ကိုအား ပြုံး၍ပြောလိုက်၏။

"ကဲပါ ... သားက အန်တီတို့စကား နားထောင်လိုက်ပါ၊ သီတင်းကျွတ်မှ စီစဉ်တာပေါ့၊ အခုကတည်းက ကြိုတင် စီစဉ်စရာရှိတာ စီစဉ်ကြတာပေါ့"

လူကြီးများက ပြက္ခဒိန်ကို ရှေ့ချပြီး ရက်ရွေးကြပါ၏။

"ဂုက်ရာဇာ အင်္ဂါနဲ့ စနေ ကျတယ်"



"စနေပဲ ရွေးတာပေါ့ မာလာ၊ ရုံးပိတ်ရက်ဆို ကောင်းတယ်"

"စနေထဲက ဘယ်နေ့ယူမလဲ"

"(၄)ရက်နေ့ပဲ ကြိုက်တယ် မေမေ"

"ကဲပါ ... သားစိတ်ကြိုက် (၄)ရက်ကိုပဲ စီစဉ်ပေးလိုက်ပါ"

ဦးမိုးအောင်က နေထက်ကိုအား ပြုံး၍ကြည့်ပြီးပြောလိုက်သည်။

"အောက်တိုဘာ(၄)ရက် စနေနေ့ပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

"အချိန်ကကော"

"နံနက်(၉)နာရီက (၁၁)နာရီ လုပ်တာပေါ့"

ဦးမိုးအောင်စကားကို မည်သူမျှ မကန့်ကွက်၍ အတည်ဖြစ်သွားလေသည်။

"ဘယ်မှာ မင်္ဂလာဧည့်ခံပွဲ လုပ်မလဲ"

"သမီးသဘောပဲ ကြိုက်တဲ့နေရာပြော"

ဒေါ်သူဇာက ပန်းနုသွေးကိုကြည့်ပြီး မေးလိုက်ပါ၏။

"အင်းလျားလိတ်ပဲ မေမေ"

"သားကိုမေးတာ မဟုတ်ဘူး၊ သမီးကိုမေးတာ"

ဒေါ်သူဇာက ရယ်ပြီး သားဖြစ်သူအား ချစ်စနိုးစ လိုက်သည်။

"သားပြောတာ နုသွေးပြောတာနဲ့ အတူတူပါပဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"နုသွေးက သားကို ပြောထားပြီးသား၊ အင်းလျားလိတ်မှာ ညြည့်ခံပွဲ လုပ်ချင်တယ်တဲ့၊ နု သူပြောမှာ မဟုတ်ဘူး၊ မေမေ့ချွေးမက ရှက်နေတာ တွေ့လား"

"ဟဲ့ ... သား"

ဒေါ်သူဇာက သားကို ဟန့်လိုက်၏။ မိန်းကလေးရှင်မိဘများရှေ့တွင် ပြောချင်ရာ ပြောနေ၍ အားနာသွား၏။

"ပြောပါစေ သူဇာ"

"မိန်းမသား ယူချင်တာ ပြောသင့် မပြောသင့် မစဉ်းစားဘူး၊ မာလာတို့က လူရင်းမို့ တော်သေးတယ်"

"ရပါတယ်၊ ကလေးတွေက ကိုယ့်တို့သားသမီးတွေပဲဟာ"

"ကဲ ... မင်္ဂလာကိစ္စပြီးရင် နေဖို့ကော"

"ကျွန်တော်ကော နုသွေးပါ ကိုယ့်အိမ်နဲ့ကိုယ် နေချင်ပါတယ် ဖေဖေ"

"သားတို့အတွက် ဖေဖေတို့က တိုက်တစ်လုံး လက်ဖွဲ့မယ်"

ဦးမိုးအောင် စကားကို ဦးသိန်းစိုးက ခေါင်းခါလိုက်ပါသည်။

"သဘောမတူဘူးလား ကိုသိန်းစိုး"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"



"သားနဲ့သမီး မင်္ဂလာကိစ္စမှာတော့ ကျွန်တော့်သမီးအတွက် ကျွန်တော်လည်း အကုန်ခံချင်တာပဲ၊ တစ်ယောက်တစ်ဝက် စီပေါ့ဗျာ၊ မင်္ဂလာဆောင်ပြီးသွားမှ ခင်ဗျား ချမ်းသာသမျှ အားလုံးပေးလည်း ကျွန်တော် မကန့်ကွက်ဘူး"

"ကိုသိန်းစိုး ဆန္ဒအတိုင်း လုပ်ပါ"

လူကြီးများ၏ စေတနာကို ကြား၍ နေထက်ကိုကော ပန်းနုသွေးပါ ဝမ်းသာကြလေသည်။

မိမိတို့ မင်္ဂလာပွဲအတွက် အားတက်သရော စီစဉ်နေကြသည်ကို ကျေနပ်နေကြ၏။

သူတို့ရင်ထဲတွင် အစစအရာရာ အဆင်ပြေနေ၍ ပျော်နေကြသည်။

"စေ့စပ်တဲ့ သတင်းကို သတင်းစာထဲ ထည့်ကြမလား ကိုသိန်းစိုး"

"မင်္ဂလာဆောင်ကာနီး တစ်လအလိုမှထည့်ရင် ကောင်းမယ် ကိုမိုးအောင်၊ စေ့စပ်တာနဲ့ လက်ထပ်တာ သိပ်မခြားချင်ဘူး"

"သဘောပဲ၊ ကျွန်တော်တို့ကတော့ သားရှင်ဆိုတော့ သမီးရှင် ကျေနပ်အောင် လုပ်ပေးဖို့ အဆင်သင့်ပဲ"

"ကျေးဇူးပဲဗျာ၊ သမီးအပေါ် လိုလေသေးမရှိအောင် စီစဉ်ပေးတာကို သမီးရှင်အနေနဲ့ ကျေနပ်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီးတို့ကလည်း အခုလိုပဲ တစ်သက်လုံး ချစ်ချစ်ခင်ခင် နေသွားကြနော်"

"ဟုတ်ကဲ့၊ ကျွန်တော်ကတော့ နုသွေးအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး"

"နုသွေးကကော သစ္စာဖျက်နေလို့လား၊ နုသွေးက သစ္စာဖျက်မှာကျနေတာပဲ"

"အန်တီ့သားက အစွဲအလမ်းကြီးသလို စိတ်လည်းကြီးတယ်၊ တစ်ယောက်နဲ့တစ်ယောက် သံသယမဝင်အောင် သတိထားကြပေ့"

"ဟုတ်ကဲ့ပါ၊ အန်တီ့သားကိုသာ သတိပေးထားပါ"

"ဘာလို့လဲ"

"ဘယ်ဌာနမဆို မိန်းကလေးတွေရှိတယ်၊ မရောဖို့ပေါ့"

"နုသွေးက ပိုသတိထား၊ ယောကျ်ားလေးတွေနဲ့ရောတာ ကိုနေ လုံးဝမကြိုက်ဘူးဆိုတာ မေ့မသွားစေနဲ့"

"မေ့မှာပဲ"

ပန်းနုသွေးက နေထက်ကိုအား စချင်၍ တမင်ပြောလိုက်သည်။

"ကိုနေ့သူငယ်ချင်းအဖေမှာ ကုမ္ပဏီအများကြီးနော်၊ နုသွေးနဲ့ ကိုနေ တူတူမကျရင် နုသွေးယောကျ်ားလေးတွေနဲ့ မရောရဘူး"

"ဟား ဟား ... ယူတောင်မယူသေးဘူး၊ သဝန်တိုနေလိုက်ကြတာ"



"ဒါတော့ အဖေတူသားဖြစ်လို့နေမှာပေါ့"

ဒေါ်မာလာစကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြလေသည်။

"လူကြီးတွေ ဝိုင်းမှာမနေဘဲ ခြံထဲဆင်းလို့ရလား အန်ကယ်"

နေထက်ကိုက ဦးသိန်းစိုးကို မေးလိုက်သည်။

"ရပါတယ်"

နှစ်ဦးသား ဧည့်ခန်းထဲမှ ထွက်လာခဲ့ကြသည်။

"နုသွေး"

"ဟင်"

"မပျော်ဘူးလား"

"သိဘူး"

"ဟောဗျာ ... ကိုနေတို့ကိစ္စ လူကြီးတွေ စီစဉ်နေတာ၊ ကိုနေတော့ သိပ်ပျော်တာပဲ"

"နုသွေးတော့ နားထောင်ရတာ ရှက်တယ်"

"ကိုနေတော့ မရှက်ပါဘူး"

"တော်တော်ရွှင်"

"ကိုယ့်ချစ်သူနဲ့ ဘဝခရီးလမ်းကို လက်တွဲသွားဖို့ မရွှင်ဘဲနေပါ့မလား"

ပန်းနုသွေးကို မျက်စိမှိတ်ပြပြီး နေထက်ကို ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သိဘူး"

"အပေါင်းအသင်းတွေကို ငါတို့မင်္ဂလာ ဘယ်နေ့ဆိုတာ ကြားလို့ရပြီနော်"

"အဝေးကြီးလိုသေးတယ်"

"ကိုနေက ဝါမဝင်ခင် လက်ထပ်ချင်တာ"

"ပိုပြီ"

"လက်ထပ်ဖို့တွေးပြီး စိတ်ကူးယဉ်ရတာ ပျော်စရာကြီး"

"ဟာ ... ရှက်စရာတွေ ပြောပြန်ပြီ"

"တကယ်ပြောတာ၊ နသွေးလည်း ကိုနေ့လို မင်္ဂလာဦးည ကို ကြိုပြီး စိတ်ကူးယဉ်ကြည့်ပါလားဟင်"

"အယ် ... ကိုနေ ဘာတွေပြောမှန်းမသိဘူး"

နေထက်ကို ပြောစကားနှင့်ပင် ရင်ခုန်လာ၍ ပန်းနုသွေးမှာ နေထက်ကိုအနားမှ ထွက်ပြေးသွားပါတော့၏။

❋ ❖ ❋



# ( ၁၅ )

"တော်တော် ပျော်နေတယ်ပေါ့လေ"

ပန်းနုသွေးဆီရောက်ရောက်ချင်း ထက်ထက် မကျေမနပ်ပြောလိုက်၏။

"ဘာလဲဟ"

ပန်းနုသွေး မသိဟန်ဆောင်ကာ မေးလိုက်ပါ၏။

"နင်တို့စေ့စပ်သတင်း သတင်းစာထဲ ပါလာတယ်"

"ဟုတ်လား"

"ဟုတ်ပ ... သတင်းစာဖတ်ပြီးတာနဲ့ ငါတို့စုပြီး လာခဲ့ကြတာ"

"လက်ဖွဲ့မလို့လား"

ပန်းနုသွေး ပြုံးစိစိဖြင့် မေးလိုက်၏။

"နင့်ကို ဝိုင်းထောင်းဖို့ လာခဲ့တာ"

"စေ့စပ်တာ ငါတို့ကိုတောင်မခေါ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် မကျေမနပ်ဖြင့် ဝိုင်းပြေ
နေသော သူငယ်ချင်းသုံးဦးအား ပန်းနုသွေး တောင်းပန်လိုက်၏
"ဆောရီးပဲဟာ၊ နင်တို့ကို မခေါ်ချင်လို့ မဟုတ်ပါဘူး
"မညာနဲ့ နုသွေး"
"တကယ်ပါ၊ ငါတို့ အပျော်လွန်ပြီး နင်တို့ကို ခေါ်ဖို့မေ
သွားတာပါ"
ပန်းနုသွေး စကားကို သူငယ်ချင်းများ ယုံကြသည်
"ထားပါတော့၊ နင်တို့ မင်္ဂလာဆောင်ကျရင် ငါတ
အပျိုရံလုပ်မှာ"
"သုံးယောက်စလုံး"
ပန်းနုသွေး ရယ်ရင်း မေးလိုက်၏။
"နင့်ရှေ့မှာ မဲနှိုက်ပြီး နှစ်ယောက်ပဲလုပ်မှာပါ၊ လန့်မသွာ
ပါနဲ့"
"နင် သဘောတူတူ မတူတူ ငါတို့ကတော့ အပျိုရံလု
မှာပဲ"
သီရိကလည်း ခပ်တည်တည်ပင် ပြောလိုက်၏။
"မဲနှိုက်လို့ မကျတဲ့တစ်ယောက်က ဘာလုပ်မှာလဲ"
"နင်တို့လက်ဖွဲ့ပစ္စည်းတွေ သိမ်းပေးမယ်"
"လုပ်လိုက်လေ ကြာသလားလို့"
ပန်းနုသွေး ရယ်ရင်း ပြောလိုက်၏။
"ငါတို့က သူငယ်ချင်းကောင်းပီသစွာ ကူညီတာနော်"



"နင့်လက်ဖွဲ့တွေ မပျောက်စေရဘူး နုသွေး"
"သေချာရဲ့လား သိမ့်သိမ့်"
"ငါတို့သဘောကျတာပဲ ယူထားမှာ ... ဟဲ ဟဲ"
"မှားပါတယ် သီရိရယ်"
ပန်းနုသွေး တမင် ရှုံ့မဲ့မဲ့လေးပြောလိုက်၏။
"ဖိထား ထက်ထက်၊ တကယ်ထင်ပြီး နုသွေး တက်နေပြီ"
သူငယ်ချင်းများ ဝိုင်းစ၍ ပန်းနုသွေး တက်ချက်ဟန်
ဆောင်ပြလိုက်ပါ၏။
"ငါတို့ကို အပျိုရံလုပ်ခိုင်းဖို့ သင့်မသင့် နုသွေး စဉ်းစား
ပါစေ"
"ဖြစ်ရပြန်ပြီ"
ပန်းနုသွေး မျက်စောင်းထိုးရင်း ပြောလိုက်လေသည်။
"ပရိသတ်က သတို့သမီးထက် အပျိုရံတွေက ပိုချောတယ်
အပြောခံနေရမှာစိုးရင်တော့ ငါတို့ မလုပ်ပါဘူး"
ပန်းနုသွေး မခံချင်အောင် စနေကြပါ၏။
"ငါ့ထက် နင်တို့က ပိုချောတယ်လို့ ဘယ်သူကပြောလဲ"
"ငါတို့ပြောတယ်"
သုံးဦးသား ပြိုင်တူ လက်ညှိုးဖြင့် ကိုယ့်ကိုယ်ကိုယ်
ထိုးပြီး ပြောလိုက်ကြ၏။
"မှားပါတယ်"
"ငါတို့ကို ပေးဖို့ ခဲဖိုးလည်း စုထားဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကကော ဘာလက်ဖွဲ့ကောင်းကောင်းပေးမှာလ

"ငါတို့သုံးယောက်ပေါင်းပြီး ပြားတစ်ရာ လက်ဖွဲ့မ

ရယ်ကျဲကျဲဖြင့် ပြောလိုက်သော သိမ့်သိမ့်ကို ပ သွေး မျက်စောင်းထိုးလိုက်၏။

"ငါ့ခေါင်းကို ဆင်နင်းတယ် အိပ်မက်မက်တာ သိပ်မှန် ပါလား"

"ဘာဖြစ်လို့လဲ သမီး"

သူငယ်ချင်းများစားရန် လက်ဖက်သုပ်နှင့် ရေ ကြမ်းယူလာသော ဒေါ်မာလာက နားစွန်နားဖျားကြားကာ မေးလို ၏။

"ဒီကောင်တွေ အခုကတည်းက သမီးကိုညှဉ်းဖို့ အစီအ ဆွဲထားလို့ မေမေ"

"သမီး သူငယ်ချင်းတွေက အားကိုးရပါတယ်"

"တွေ့လား နုသွေး၊ ငါတို့ အရည်အချင်းကို အန အသိအမှတ်ပြုတယ်"

သူငယ်ချင်းများစကားကို နားထောင်ပြီး ဒေါ်မာလ ပါ ပျော်သွားမိသည်။

"သမီးတို့က ပျော်တတ်တာကိုး"

"ပျော်ပျော်နေ သေးခဲတယ်လေ"

"သေခဲတယ်ပြောစမ်းပါ"

ပန်းနုသွေး ဝင်ထောက်လိုက်၏။



"စကားပြော လောကြီးသွားလို့ပါ"

"နေထက်ကိုကော မလာဘူးလား"

"နင်တို့မလာခင် ပြန်သွားပြီ"

"ငါတို့နဲ့ မတွေ့ရတာ နာတာပဲ"

"ကိုနေ ကံကောင်းတာပါ"

"နင်တို့ ဘယ်မှာနေကြမလဲ"

"သီးသန့်ကမ္ဘာလေးထဲမှာပေါ့"

ပန်းနုသွေး မဖြေခင် သိမ့်သိမ့် ဝင်ပြောလိုက်ပါ၏။

"သူတို့နေဖို့တိုက်ကို နှစ်ဖက်မိဘ တစ်ဝက်ဆီ အကုန်ခံပြီး ဝယ်ထားပြီးပြီ"

"ဒါဆို ငါတို့ လာလို့ရပြီ"

"နေတက်ကိုက သမီးကို သိပ်ချစ်တာ"

ဒေါ်မာလာက ကျေနပ်စွာ ပြောလိုက်၏။

"တစ်ခါတလေတော့ သမီးတောင် သူ သည်းလွန်းလို့ စိတ်ညစ်မိတယ်"

"ဟား ဟား ... နုသွေးဆီက ဒီတစ်ခါပဲ ဒီစကားမျိုး ကြားဖူးတယ်ဟေ့"

"ကိုနေချစ်တာ သည်းတာကို ငါ သဘောကျပါတယ်၊ သဝန်တိုတာကို စိတ်ညစ်တာ"

"သဝန်တိုတာ ချစ်လို့ဆို"

"ယောက်ျားလေးတွေနဲ့ လုံးဝ စကားပြောခွင့်တောင်မပေး တဲ့အထိ သဝန်တိုတာဟ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အချစ်ဆို၊ နင်ပဲပြောတာ"

"ယောက်ျားတွေက ဒီလိုပဲ သမီးတို့ရေ၊ မရခင်မှာ သူ

လောက်သည်းတာ သူတို့ပဲရှိတယ်"

"ဟုတ်လား အန်တီ"

"သမီးတို့လည်း မှတ်ထားပေါ့၊ မိန်းကလေးတွေရဲ့ အ

ဘဝမှာ ကိုယ်က အပြေးသမားနဲ့တူတယ်၊ အအိုဘဝရော

ရင်တော့ အလိုက်သမားဖြစ်သွားရပြီ"

"သမီးကို အဲဒီလိုလုပ်ရင် တွေ့သွားမှာပေါ့"

ပန်းနုသွေးက မိခင်ကို ပြောလိုက်၏။

"မေမေက ဖြစ်လေ့ဖြစ်ထရှိတာကိုပြောတာ၊ သမီး မေ

လို ယောက်ျားမျိုးရရင် ကံကောင်းပြီသာမှတ်"

"ကြားတယ်နော် ကောင်စုတ်တွေ၊ မေမေက ကိုယ့်ငါး

ကိုယ်ချဉ်နေတာ"

ပန်းနုသွေးက မိခင်ကို စလိုက်ပါ၏။

"မေမေ သမီးတို့ကို သင်ခန်းစာရအောင် သင်ပေးနေတ

"နုသွေးက မေမေ့ကို ချစ်လို့ရတာပါ"

"မေမေကတော့ ကိုယ့်သမီးမို့ ခွင့်လွှတ်တယ်၊ ဒါပေ ၏။

သမီး ကလေးဆန်တဲ့စိတ်ကို ပြင်ရမယ်"

"ဟာ ... မေမေကလဲ"

"မဟာနဲ့၊ မိဘအိမ်မှာ နေလို့ကတော့ တစ်သက်လုံ

ကလေးဆန်လို့ရတယ်၊ အခု သမီးက အိမ်ထောင်ပြုတော့ မှ။



မှာ၊ မိဘရင်ခွင်ထဲက ခွဲပြီး တစ်အိုးတစ်အိမ်နေတော့မှာ၊

နေရာသစ် ဝန်းကျင်သစ်မှာ မိတ်ဆွေတွေနဲ့ ပေါင်းရမှာ

ကလေးဆန်လို့မရတော့ဘူး"

ဒေါ်မာလာက ပန်းနုသွေး နားလည်အောင် ရှည်

လျားစွာ ပြောပြနေလေသည်။

"သမီးတို့က ဘဝအကြောင်း မသိကြသေးဘူး၊ မိဘရင်

ခွင်ထဲနေပြီး အချိန်တန်စားမယ်၊ သွားမယ်၊ ဝတ်မယ်၊

လိုတာမရရင် စိတ်ကောက်မယ်ပေါ့၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ်

ကျတော့ လစ်ဟင်းတာတွေ တွေ့တတ်ကြပြီ"

"ဘာတွေလဲ အန်တီ၊ သမီးတို့လည်း ဗဟုသုတရအောင်

ပြောပြပါ"

"မိဘအိမ်မှာလို အချိန်တန်စားလို့မရတော့ဘူး၊ ဈေးသွား

ရမယ်၊ ချက်ပြုတ်ပြီးမှ စားရတော့မယ်၊ အလုပ်လုပ်တဲ့

အိမ်ရှင်မဆို ပိုဆိုးသေးတယ်၊ သမီးလည်း အလုပ်လုပ်မယ်

ဆို အခက်အခဲတွေ့လာမှာပါ"

ဒေါ်မာလာက ပန်းနုသွေးကို ဦးတည်ပြီး ဆုံးမနေ

"မေမေပဲ သမီးတို့ စားသောက်ဖို့ အတွက် အဖော်ထည့်ပေး

မယ်ဆို"

မိခင် ပြောပြချက်များကို ပန်းနုသွေး လုံးဝ မကြေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် လက်ထပ်ရမည်မို့ ပျော်နေဖို့သာသိသည်။

မိခင်ဆိုးမမှ ပန်းနုသွေး နည်းနည်းတွန့်သွားမိလေသည်။

"ထည့်ပေးမှာပါ၊ မေမေ့သမီးကို မပင်ပန်းစေချင်လို့ မေမေတို့နဲ့ နေစေချင်တာ၊ မေမေတို့ရှာထားတာ သမီးတို့ တစ်သက်လုံး စားမကုန်ပါဘူး၊ သမီးတို့က တတ်ထားတဲ့ပညာနဲ့ တိုင်းပြည်တာဝန် ထမ်းချင်တယ်ဆိုလို့ မပြောတော့တာ"

"ဟုတ်ပါတယ် မေမေ"

"သမီးအတွက် မေမေက ဒေါ်ဝင်းကို ထည့်ပေးလိုက်မှာ"

"ဟာ ... ကြီးကြီးဝင်းဆို အိုကေပဲ၊ ဒါကြောင့် မေမေ့ကို ချစ်တာ"

ပန်းနုသွေး ဝမ်းသာအားရဖြင့် မိခင်ပါးကို နမ်းရင်း ပြောလိုက်သည်။

"ကလေးမဆန်ဖို့ ပြောနေတုန်း ကလေးဆန်သွားပြန်ပြီ"

"ပျော်သွားလို့ပါ"

"သိပ်မပျော်နဲ့ဦး၊ အားတဲ့အချိန်တွေမှာ မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်ရမယ်နော်"

"သမီးချက်တာ ကြီးကြီးဝင်းလောက် ဘယ်ကောင်းပါ့မလဲ မေမေ"



ပန်းနုသွေး စောဒက တက်လိုက်သည်။

"မွေးကတည်းက ဘယ်သူမှ မတတ်လာကြဘူး၊ သင်ရင်း တတ်သွားမှာပေါ့"

ပန်းနုသွေး ရယ်ရင်း မိခင်ကို ဖက်ကာ ...

"မေမေကတော့လေ"

"မေမေကတော့ မလုပ်နဲ့ သမီး၊ အိမ်ထောင်တစ်ခုရဲ့သာယာမှု၊ စီးပွားတိုးတက်မှုတွေဟာ အိမ်ရှင်မလက်ထဲမှာပဲ ရှိတယ်၊ ကိုယ်က စီမံခန့်ခွဲတတ်ဖို့လိုတယ်"

"စီမံခန့်ခွဲမတတ်မှာ မပူနဲ့ မေမေ၊ သမီးက စီးပွားရေးနဲ့ ဘွဲ့ရထားတာ"

ပန်းနုသွေး စကားကြောင့် ဒေါ်မာလာ ခေါင်းခါလိုက်သည်။

"အိမ်ထောင်ပြုမယ်ဆိုမှ မေမေ သင်နေတာနော်"

"ဟုတ်သားပဲ နုသွေး၊ အန်တီပြောတာ နားထောင်"

"ဘွဲ့ရတာနဲ့ စီမံခန့်ခွဲတတ်တာ တခြားစီပဲ သမီး၊ ဘွဲ့မရ စာမတတ်ဘဲ အိမ်ရှင်မ ပီသတာတွေရှိသလို ဘွဲ့ရပြီး အိမ်ရှင်မမပီသတဲ့ မိန်းမတွေလည်း အများကြီးပဲ၊ လောကကြီးမှာ စာတွေ့နဲ့ လက်တွေ့ကွာတာ တွေ့လာလိမ့်မယ်"

မိခင်စကားများက မှတ်သားအတုယူသင့်သောစကားများပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောတာနဲ့ စိတ်တောင်ညစ်ချင်လာပြီ"

"မေမေ ပြောတာထက် ပိုပြီး စိတ်ညစ်စရာတွေ တွေ့လ မှာ"

"သမီးတို့လည်း မှတ်ထားပါ့မယ် အန်တီ"

"ကိုယ်က ချက်ပြုတ်စီမံ ခန့်ခွဲတတ်တော့ ကိုယ့်ကို လိ လို့မရဘူးပေါ့၊ ကိုယ်တိုင်မလုပ်ချင်ရင်တောင် စီမံပေးနိ တာပေါ့၊ ယောကျ်ားတွေက ကိုယ့်မိန်းမချက်ကျွေးတာကို စားချင်ကြတာ"

"ဒုက္ခပဲ"

ပန်းနုသွေး ခေါင်းကုတ်ရင်း ပြောလိုက်၏။

"မချက်ပြုတ်တတ်တာကို ချစ်စ ခင်စမှာ ခွင့်လွှတ်ပေးမယ် ကြာတော့ အပြစ်မြင်လာတယ်၊ ဘာမှ မတတ်တဲ့ မိန်းမ အသုံးမကျတဲ့မိန်းမလို့ ယူဆလာတယ်၊ အထင်သေးလာ တယ်၊ ကိုယ့်အရည်အချင်းကို ကိုယ့်ယောကျ်ားသိအော ပြရမယ်"

မိခင်စကားများက တန်ဖိုးရှိသော စကားများဟု ပန်းနုသွေး လက်ခံလာ၏။

"မေမေ့စကားတွေက သမီးတို့လို အိမ်ထောင်ပြုမယ့် မိန်းကလေးတွေအတွက် မှတ်သားသင့်တဲ့ စကားတွေပါ၊ အားတဲ့နေ့ သမီး မီးဖိုထဲဝင်ပါ့မယ် မေမေ"



ဒေါ်မာလာက ပန်းနုသွေးစကားကို ကျေနပ်သွား၏။

"မေမေ့သမီးက ရုပ်ချောတယ်၊ ပညာတတ်တယ်၊ အိမ်ရှင်မ ပီသတယ်၊ ပေါင်းသင်းဆက်ဆံတတ်တယ်ဆိုတဲ့ အဘက် ဘက်ကပြည့်စုံတဲ့ ဇနီးကောင်းဖြစ်အောင် ကြိုးစား"

"ဟုတ်ကဲ့ မေမေ"

"ငါ့ သူဌေးသမီးပဲ၊ ယောကျ်ား ဂရုစိုက်စရာမလိုဘူး၊ မီးဖိုချောင်ဝင်စရာမလိုဘူးဆိုတဲ့ စိတ်မာတ်မျိုး အိမ်ထောင် ပြုမယ့်မိန်းကလေးတိုင်းမှာ မရှိသင့်ဘူး"

"စိတ်ချပါ မေမေ"

"မေမေဆုံးမတာ သမီးတို့ နားညည်းသွားပြီလား"

"မညည်းပါဘူး မေမေ"

"သမီးတို့အတွက် ဗဟုသုတရပါတယ် အန်တီ"

"မေမေက သိပ်တော်တာပဲနော်၊ မိန်းမ ပီသလိုက်တာ"

"မေမေ့သမီးကလည်း မေမေ့လိုပဲ မိန်းမပီသရမယ်၊ ဒါကြောင့် မေမေက သင်ပေးနေတာ"

ဒေါ်မာလာ ပြောစရာရှိသည်များကို ပြောပြီး ထိုင် ရာမှ ထလိုက်သည်။

"သမီးတို့ သူငယ်ချင်းတွေ ပြောကြဆိုကြပေါ့၊ မေမေ စားဖို့သောက်ဖို့ စီစဉ်လိုက်ဦးမယ်"

"သမီးတို့ကော ကျွေးမှာလား အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွေးမှာပေါ့၊ သမီးတို့ကို ကျွေးချင်လို့ မေမေ သွားချက်မှာ"

"ဒါဆို ငါတို့အားလုံး မေမေ့ကိုကူရင်း စကားပြောကြတာပေါ့"

ပန်းနုသွေး စကားကို သူငယ်ချင်းများက လက်ခံကြသလို ဒေါ်မာလာလည်း ကျေနပ်သွားလေသည်။

❋ ❖ ❋



# ( ၁၆ )

"အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ"

မင်္ဂလာသတို့သမီးနှင့် သတို့သားတို့ မင်္ဂလာခန်းမထဲဝင်လာသည်နှင့် နာမည်ကြီး အဆိုတော်တစ်ဦးက မင်္ဂလာသီချင်းကို သီဆိုလိုက်ပါ၏။

ပန်းနုသွေးမှာ နေထက်ကိုအား လက်ချင်းချိတ်ပြီး လျှောက်လှမ်းနေရသော်လည်း ခန်းလုံးပြည့်လျှံနေသော ပရိသတ်ကိုမကြည့်ရဲ။

ခြေလှမ်းမမှားအောင် သတိဖြင့် လျှောက်ရင်း လာရလေသည်။

"သတို့သမီးလေးက လှလိုက်တာ"

"အေးနော် ... အရမ်းလှတာပဲ"

"နေနဲ့လ ရွှေနဲ့မြဆိုတာ သူတို့အတွဲကိုပြောတာ"

"တစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသောသမီးတွေတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ နုသွေး ဟပေးလိုက်လေ၊ နင်တို့ တစ်ဦးကို တစ်ဦး ခွံ့ကျွေးသမျှကို ဗီဒီယိုတို့ ဓာတ်ပုံတို့ ရိုက်ရမှာ"

သည်တော့မှ ပန်းနုသွေး သတိရ၏။ မိမိတို့မင်္ဂလာပွဲမှ လှုပ်ရှားသမျှကို ဗီဒီယိုနှင့်ကော ဓာတ်ပုံနှင့်ပါ မှတ်တမ်းတင်နေသည်ကိုပင်။

"ကိုနေ့ကိုလည်း ပြန်ခွံ့ဦးလေ"

"လူတွေရှိပါတယ်ဆို"

"ရှိရှိ ..."

နားပူနားဆာလုပ်လာသော ချစ်သူ စိတ်ကျေနပ်စေရန် ပန်းနုသွေးက ပြန်လည်ခွံ့ကျွေးလိုက်ရ၏။

တစ်ယောက်တစ်လှည့် မုန့်ခွံ့ကျွေးလိုက်၊ ရေခဲမုန့်ခွံ့ကျွေးလိုက်ပုံများကို ရိုက်ထားလေ၏။

"ဖိုးသည်းပဲ"

"အေးလေ ... မဏ္ဍပ်တိုင်တက်တာက အလွန်ပါလား၊ မျက်စိတောင် နောက်တယ်"

သီရိနှင့် သိမ့်သိမ့်တို့က နေထက်ကိုအား ပြောလိုက်ကြ၏။

"သီရိ ပါးစပ်ဟ"

နေထက်ကိုအား စချင်၍ သိမ့်သိမ့်က မုန့်ကိုကိုင်ကာ သီရိကို ခွံ့ပေးလိုက်၏။

သီရိကလည်း ပါးစပ်ဟကာ စားနေစဉ် ဖျတ်ခနဲ ဓာတ်ပုံရိုက်လိုက်၏။



"ဟောတော့ ... ငါတို့ စနေတာ တကယ်ဓာတ်ပုံရိုက်သွားပြီ"

"အဲဒါ နင်တို့ကို သဘောကျလို့ ဓာတ်ပုံဆရာ ရိုက်သွားတာ"

လူပျိုရံလုပ်နေသည့် နေထက်ကို သူငယ်ချင်းက ဝင်နောက်လိုက်၍ ရယ်လိုက်မိသည်။

"နုသွေး"

"ဟင် ..."

"နုသွေးကြိုက်တဲ့ ဆင်းဒဝစ်စားလေ၊ ခွံ့ပေးရမလား"

"ဟင့်အင်း"

ပန်းနုသွေးက နေထက်ကို ခွံ့ပေးသည်ကို လိုလားသော်လည်း လူတွေက ကြည့်နေမှန်းမသိ၍ မခွံ့စေချင်ပေ။

"ဟောဒီက စပါယ်ရှယ် ကိတ်မုန့်ကြီးကို စားရအောင်နော်၊ နုသွေး"

"စားလေ"

"ငါတို့ကိုလည်း ထည့်ပေးဦး"

နေထက်ကို သူငယ်ချင်းက ပြောလိုက်ပါ၏။

နေထက်ကို ပြုံးပြီး ...

"ဘယ်ရမလဲ၊ ဒီကိတ်မုန့်က သတို့သားနဲ့ သတို့သမီးအတွက် စပါယ်ရှယ်ချပေးတာ"

"ဟေ့ကောင် နေထက် မကြီးကျယ်နဲ့၊ မင်းတို့လည်း ကုန်အောင်စားနိုင်တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့က ခုချိန်မှာ အစားမမက်ပါဘူး၊ ဒီအတိုင်း အလ ထားခဲ့မှာလား၊ ငါတို့ အဝစားပေးမယ်၊ ဟုတ်ဖူးလာ သိမ့်သိမ့်”

“မငြင်းပါဘူး”

“ကျွေးမှာပေါ့ကွာ”

နေထက်ကို ပြုံး၍ ပြောလိုက်သည်။

ပန်းနုသွေး လက်ဖမိုးလေးပေါ်မှ အုပ်ကာ နေထ ကိုက ကိတ်မုန့်ကို ခွဲလိုက်ကာ သူငယ်ချင်းများကို ပေးလိုက်ပ ၏။

စားသောက်ပြီး အဆိုတော်များ သီချင်းကို နားထော ပါ၏။

ရန်ကုန်မင်္ဂလာဆောင်ထုံးစံအတိုင်း မင်္ဂလာပွဲမစ နာရီဝက်မျှ စောလာပြီး မင်္ဂလာပွဲမပြီးခင် နာရီဝက်စောပြန်တ ကြပါ၏။

နေထက်ကိုနှင့် ပန်းနုသွေးတို့ ထိုင်ရာမှ ထလိုက် ကြ၏။

ဧည့်သည်များကို နှုတ်ဆက်ရန်အတွက် ခန်းမအပြ လက်ဖွဲ့ပစ္စည်းများထားရာ နေရာမှစောင့်ရန် ဆင်းခဲ့ကြသည်။

နေထက်ကိုတို့နောက်မှ အပျိုရံလူပျိုရံများပါ လိုက် လာခဲ့ကြရ၏။

နေထက်နှင့် ပန်းနုသွေးတို့မှာ ဧည့်သည်များက နှုတ်ဆက်ရပါ၏။



နောက်ဆုံး သတို့သား သတို့သမီးနှင့် နှစ်ဖက်မိဘ ျား ရင်းနှီးသူများသာ ကျန်ခဲ့ကြသည်။

ဓာတ်ပုံရိုက်ကြ၊ လက်ဖွဲ့ပစ္စည်းများကို ကားပေါ်တင် ြနှင့် ပျော်စရာကောင်းလှသည်။

“ငါတို့ မောလာတဲ့အမောကြီး အခုမှ စိတ်အေးတော့တယ် မောလာရယ်”

အိမ်ပြန်ရောက်သည်နှင့် ဒေါ်သူဇာက ဒေါ်မောလာကို ပြောလိုက်၏။

“ဟုတ်ပ ... ဧည့်သည်တွေကို နှုတ်ဆက်ရတာနဲ့ ဘာမှ တောင်မစားမိဘူး”

လူကြီးများက စကားကောင်းနေကြသလို ပန်းနုသွေး လည်း ခေါင်းပေါ်တွင် တင်ထားရသော ဆံထုံးကို ဖြုတ်နေပါ၏။ ထက်ကိုကပါ ပါဝင်ဖြုတ်ပေးလေသည်။

“ခုမှပဲ ခေါင်းပေါ့သွားတယ်”

ပန်းနုသွေးက အဝတ်များလဲကာ ထွက်လာရင်း ထက်ကိုအား ပြောလိုက်၏။

“နုသွေး ဒီနေ့ အရမ်းလှတယ်”

“မြှောက်နေပြန်ပြီ”

“တကယ်ပြောတာဟာ နုသွေးလောက် ဘယ်သူမှ မလှဘူး”

“ဟာ ...”

“ဟော ... ရက်ရက်နဲ့ ဆိတ်ပြန်ပြီ”

www.burmeseclassic.com

www.burmeseclassic.com



"မဆိတ်ရဘူးလား"

"ဆိတ်ပါ"

"နုသွေး သူငယ်ချင်းတွေကော"

"လက်ဖွဲ့ပစ္စည်းတွေ သယ်နေကြတယ်"

"ကိုနေတို့ သူငယ်ချင်းတွေက အားကိုးရပါတတ်နော်"

"ဒါပေါ့"

နေထက်ကိုနှင့် ပန်းနုသွေးတို့ နေမည့်အိမ်သို့ တ... လာကြပါ၏။

"အခန်းထဲကတောင် မထွက်ချင်တော့ဘူး"

နေတက်ကိုက ပန်းနုသွေးကို လှမ်းဖက်ကာ ပါး... ကို နမ်းရင်း ပြောလိုက်၏။

"ကိုနေနော် ... လူကြီးတွေ အပြင်မှာရှိတယ်၊ သွား... ရအောင်ပါ"

နေထက်ကိုအား ပန်းနုသွေး လက်ဆွဲခေါ်လာခဲ့...

"သားတို့ သမီးတို့ လက်ဖွဲ့ပစ္စည်းတွေ ကြည့်ရအော..."

"မေမေနဲ့ အန်တီပဲ ဖွင့်ပါ"

ပန်းနုသွေးက မိခင်ကို ပြောလိုက်၏။

"ဘယ်ဟုတ်မလဲ၊ လက်ဖွဲ့ပစ္စည်းဆိုတာ သတို့သား ... သမီး ကိုယ်တိုင်ဖွင့်မှ ကောင်းမယ်၊ မေမေတို့က ဘ... ဘာပေးတယ်ဆိုတာ သိအောင် ကြည့်ရုံပဲ၊ ဒီပစ္စည်း... လုံး သားတို့ပဲ ယူရမှာ"



"ကဲ ... လာ၊ ကိုနေတို့ ဖောက်မယ်"

"သီရိတို့က ဘယ်သူ ဘာပေးတယ် ဆိုတာ စာရင်းမှတ်ပေးနော်"

"ဘာဖြစ်လို့လဲ သူဇာ"

"ဩော် ... သူတို့အလှည့်မှာ ကိုယ်ပြန်ပေးတဲ့အခါ သိထားရအောင်လို့"

"ဟုတ်ကဲ့ပါ အန်တီ"

လက်ဖွဲ့ပစ္စည်းများကို ဖောက်လိုက်၊ စာရင်းမှတ်လိုက်ဖြင့် နှစ်နာရီနည်းပါး ကြာသွားပါလေသည်။

"ပိုက်ဆာပြီဟေ့"

"ဆာရင် သွားစားကြတာပေါ့"

"မေမေတို့ကတော့ မလိုက်တော့ဘူး၊ သားတို့လူငယ်တွေပဲ သွားကြလေ"

"ဒါဆို သမီးတို့ အဝတ်လဲလိုက်ဦးမယ်"

ပန်းနုသွေးက မိခင်ကိုပြောပြီး ထိုင်ရာမှ ထလိုက်၏။

ပန်းနုသွေးနောက်မှ နေထက်ကိုပါ ထလိုက်သွားလေသည်။

"ကိုနေကော အဝတ်လဲမလို့လား"

"ဟင့်အင်း"

"ဘာလို့ လိုက်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေး အဝတ်လဲတာ ကြည့်မလို့"

နေထက်ကိုက အခန်းတံခါးပိတ်ပြီး ပြောလိုက်၏။

ပန်းနုသွေး ရင်ခုန်ကာ ရှက်သွားပါ၏။

"ဟာ ... ကိုနေနော်"

ပန်းနုသွေးက နေထက်ကိုရှေ့တွင် အဝတ်မလဲရဲ၍ ရေချိုးခန်းတံခါးပိတ်ကာ လဲလိုက်ပါ၏။

"လင်မယား ဖြစ်တော့မှာ ရှက်နေသေးလား"

"ရှက်တာပေါ့"

အခန်းတံခါး ဖွင့်လိုက်သည်နှင့် ဘုရားတမိပါတော့၏။

အပေါက်ဝမှာ အပြင်ဘက် အပေါက်ထိ နှစ်ယောက်တွဲစီ ရွှေကြိုးများ တားကြပါ၏။

"တားလိုက်ကြတာ အများကြီးပဲ"

"ခဲဖိုးပေး ... ခဲဖိုးပေး"

"အပြန်မှ တားကြကွာ"

"အကြိုတောင်းတာ"

ဆူညံနေသော လူငယ်များကိုကြည့်ပြီး လူကြီးများပါ ပျော်လာကြသည်။

မင်္ဂလာဆောင်ထဲတွင် ခဲဖိုးတောင်းရခြင်းမှာ ငွေစရာကောင်းသလို ငွေကုန်လည်းများ၏။

"အကြို ဟုတ်လား"



"အေးလေ ... ပြန်လာမှ တကယ်တောင်းမှာ"

"နှစ်ခါမပေးနိုင်ဘူး၊ အပြန်မှပေးမယ်"

"မရဘူး၊ မပေးရင် မထွက်ရဘူး"

သူငယ်ချင်းများ စကားကြောင့် နေထက်ကိုက ပန်းနုသွေးလက်ကို ဆွဲ၍ ...

"ရတယ်၊ ဒါဆို ငါတို့နှစ်ယောက် အခန်းထဲ ပြန်ဝင်တော့မယ်၊ လုံးဝမထွက်လာတော့ဘူး၊ လိုက်လည်း ကျွေးစရာမလိုတော့ဘူးပေါ့"

"ဟာ ... ဟုတ်တယ်ဟ"

"အပြန်မှပဲ ပေးတော့"

သူငယ်ချင်းတွေက လျှော့လိုက်၏။

"နေပါစေ၊ ငါတို့ အခန်းထဲ ဝင်နေတော့မယ်"

နေထက်ကို ပျော်၍ နောက်ပြောင်လိုက်၏။

"နေထက်ပြောတာ လက်မခံရင် ငါတို့ နစ်နာသွားမယ်"

"ဟုတ်တယ်"

"နေထက် အထဲမှာ ဘာလုပ်နေကြလဲ ... ထွက်ခဲ့၊ ငါတို့ အပြန်မှ ခဲဖိုးတောင်းတော့မယ်"

နေထက်ကိုက ပန်းနုသွေးကို မွှေးလိုက်ရင်း ...

"တွေ့လား၊ ကိုနေတို့ ထွက်မလာမှာ စိုးနေတာ၊ သူတို့ကို မြန်မြန်ကျွေးမှ ကိုနေတို့ နားရမှာ"

"ကိုနေနော်"

www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းလို့ နားဖို့ပြောတာပါ"

နေထက်ကိုက ပန်းနုသွေး လက်ကိုဆွဲပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

ကားတန်းရှည်ကြီးဖြင့် စားသောက်ဆိုင်သို့ ထွက်လာခဲ့ကြ၏။

သူငယ်ချင်းများက တကယ်ကို ညှဉ်းကြလေသည်။

"ဘက်ချလာနိုက် ကျန်သေးတယ်နော် နေထက်"

"အခုကျွေးတာ ဘက်ချလာနိုက်လို့ပဲ သဘောထားလိုက်ကြပေါ့"

"မရဘူး ... မရဘူး"

ဆူညံသံ၊ ပျော်ရွှင်သံများဖြင့် စားသောက်ကြလေသည်။

အိမ်ပြန်ရောက်သည်နှင့် နေထက်ကို သူငယ်ချင်းများက အခန်းထဲမှစ၍ ကြိုးတားပါတော့၏။

"ဒီတစ်ခါတော့ မင်းတို့ ဝင်ပြေးစရာ အခန်းမရှိတော့ဘူး ငါတို့ကို တစ်ယောက်ငါးရာပေး"

"တစ်ယောက် ငါးရာဆို၊ နင်တို့က အယောက်နှစ်ဆယ်လောက်ရှိတာ ငွေတစ်သောင်းကြီးများတောင် မပေးနိုင်ဘူး"

ပန်းနုသွေးက ရယ်ရင်း ပြောလိုက်၏။

"မပေးရင် မဝင်ရဘူး"



"ပေးလိုက်ပါ နုသွေး"

"နေထက်က ပေးခိုင်းနေပြီနော်၊ မြန်မြန်ပေးလေ နင်တို့အတွက်အကျိုးရှိလေပဲ နုသွေးရေ"

နေထက်ကို သူငယ်ချင်းက ပန်းနုသွေးကို စလိုက်၏။

"ဘာတွေပြောမှန်းလဲ မသိဘူး၊ ရော့ ... ရော့"

ပန်းနုသွေး ရှက်ရှက်ဖြင့် ငွေတစ်သောင်း ထုတ်ပေးလိုက်၏။

"တွေ့လား ... တို့ကို မြန်မြန်သွားစေချင်နေကြတာ"

"အလိုက်တသိနဲ့ ရှောင်ပေးကြစို့"

"ညကျ ငါ ဖုန်းဆက်မှာနော်"

တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုနေကြပါ၏။

"နုသွေးကို အပျိုဘဝနဲ့ ငါတို့ အရင်ဦးအောင် နမ်းထားရအောင်"

ထက်ထက်က ပြောပြောဆိုဆိုဖြင့် ပန်းနုသွေးပါးပြင်ကို နမ်းလိုက်၏။

နေထက်ကို ပြုံးကာ ...

"မှားသွားပြီ ထက်ထက်၊ နင်တို့ အရင်ဦးအောင် နမ်းပေမယ့် နောက်ကျသွားပြီလေ"

"ဟာ ... ကိုနေ"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကို စကားကြောင့် ပန်းနုသွေး ရှက်သွား

၏။

နေထက်ကိုအား လှမ်းဟန့်လိုက်၏။

"သိတယ်လေ၊ နေထက်တို့က ဒါမျိုးကျ နှာခေါင်းမြ
မယ်ဆိုတာ"

"လက်မြန်တယ် ပြောစမ်းပါ"

နေထက်ကို သူငယ်ချင်းတစ်ယောက် အပြော
တစ်ယောက်က ထောက်လိုက်၏။

"လက်နဲ့နမ်းတာမှ မဟုတ်တာ၊ နှခေါင်းနဲ့ နမ်းတာ
နှာခေါင်းမြန်တယ် ပြောဟာ"

"ဟား ... ဟား"

အားလုံး ဝိုင်းရယ်လိုက်ကြပါ၏။

"ပိုက်ဆံရပြီမို့လား၊ သွားကြတော့လေ"

နေထက်ကိုက နှင်ထုတ်လိုက်၏။

"သွားမှာပါ"

"မေမေတို့လည်း ပြန်ကြတော့မယ်တဲ့"

"မေမေတို့ကို ကန်တော့ကြရအောင်"

မိဘတွေကို ကန်တော့ပြီး သူငယ်ချင်းများအားလုံ
ပါ ပြန်သွားကြတော့ ညနေ(၇)နာရီ ထိုးပြီးနေလေပြီ။

ပန်းနုသွေးမှာ နှစ်ဦးတည်းရှိသည့် အသိကြော
ရင်ခုန်နေမိ၏။



နေထက်ကိုက ပန်းနုသွေးကိုပြုံး၍ စူးစိုက်ကြည့်
နေ၏။

"နုသွေး"

နေထက်ကို ပန်းနုသွေးနား လျှောက်လာပါသည်။

ပန်းနုသွေးကို တိုးတိုးလေးခေါ်ကာ ပွေ့ဖက်လိုက်
၏။

ပန်းနုသွေး ရင်ခုန်သွားကာ နေထက်ကို လက်အား
ပယ်လိုက်မိသည်။

"ကြောက်နေလား နုသွေး"

ပန်းနုသွေးမှာ ရင်ခုန်မှု မြန်နေပါသည်။

"ကိုနေနဲ့ နုသွေးတို့ တစ်သက်လုံး အတူနေသွားရပြီနော်"

ချစ်သူနှစ်ဦးမှာ မင်္ဂလာဦးညကို ရင်ခုန်စွာဖြင့်
ပျော်ရွှင်စွာ ကျော်လွန်ခဲ့ကြပါတော့၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၇ )

"ဟေး ... ကိုနေ"

"အင်"

"ထတော့လေ"

"ထချင်သေးဘူး"

"အိပ်ပုပ်ကြီးလိုက်တာ"

"ကြီးကြီး"

"မိုးလင်းနေပြီ"

"လင်းလင်း"

နံနက်(၆)နာရီတွင် ပန်းနုသွေး နိုးလာသည်။ နိုးနိုးချင်း အိမ်အိပ်ရာ မဟုတ်၍ ပန်းနုသွေး ကြောင်သွားသည်။

ဘေးသို့ကြည့်ရာ အိပ်ပျော်နေသော နေထက်ကိုအား တွေ့လိုက်ရသည်။

"ငါ့ဘဝ ပြောင်းလဲသွားပြီ"



ဟူသော အတွေးဖြင့် သတိရသွား၏။

မင်္ဂလာဦးညကို ပြန်တွေးမိပြီး ရင်ခုန်သွားမိပြန်သည်။

ပန်းနုသွေး ခြေသံကို ဖွဖွလေးနင်း၍ ရေချိုးခန်းဝင်ကာ မျက်နှာသစ်၊ ရေချိုးခြင်းကို တစ်ပါတည်း လုပ်လိုက်ပါ၏။

ရေချိုးလိုက်မှ ပန်းနုသွေး လန်းဆန်းသွားလေသည်။

ပန်းနုသွေး အလှပြင်ဆင်သည့်တိုင် နေထက်ကို မနိုးသေး။

ထို့ကြောင့် နေထက်ကို မျက်နှာနားကပ်ကာ လေကိုမှုတ်ထုတ်၍ နှိုးကြည့်သည်။

နေထက်ကိုမှာ ပန်းနုသွေး ရေချိုးခန်း ဝင်ကတည်းက နိုးနေသည်။

ပန်းနုသွေး ထွက်လာသည်နှင့် အိပ်ချင်ဟန်ဆောင်ကာ ပန်းနုသွေး လှုပ်ရှားမှုများကို လိုက်ကြည့်နေသည်။

ပန်းနုသွေး အဝတ်အစားလဲပြီး ခုတင်တွင်ထိုင်ကာ လှုပ်နှိုးနေ၍ ရယ်ချင်စိတ်ကို မျိုသိပ်ကာ အိပ်ချင်မူးတူးအသံဖြင့် ပြောနေမှန်း ပန်းနုသွေး မသိပါပေ။

"ကိုနေကလည်း ... ထတော့"

"အိပ်ချင်သေးတယ်"

"အိပ်ပုပ်ကြီးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးကော ... လာအိပ်လေ"

"ဟင့်အင်း"

"ကိုနေ ဖက်အိပ်ချင်လို့ပါ"

"ဟင်းနော် ..."

"ကိုယ့်မိန်းမ ကိုယ်ဖက်တာပဲ"

"ကြည့်ပါလား"

"ကြည့်နေ နုသွေးက လှလေ"

"တကွယ်"

"ထူမှ"

"ကိုနေ အားကြီးပျင်းတာပဲ"

"အိပ်ရေးပျက်ထားလို့ မှိန်းနေတာပါ"

"ပြောပြန်ပြီ"

"ဟား ... ဟား ..."

ပန်းနုသွေးက ချစ်မျက်စောင်းလေးထိုးကာ ပြော လိုက်သလို နေသက်ကိုကလည်း သဘောကျစွာ ရယ်နေပါ၏။

"ရေချိုးတော့ ကိုနေ"

"ဘာဖြစ်လို့လဲ"

"ဗိုက်ဆာလာပြီ"

"ကိုနေနဲ့သာ အတူနေရရင် နုသွေး အဆာပြေတယ်ဆို၊ အခု အဆာမပြေတော့ဘူးလား"

"ဒါ အပျိုတုန်းက ပြောတဲ့စကားလေ၊ ကိုနေကို ချွဲတာ"



"ဟုတ်သားပဲ၊ ခု နုသွေးက အပျိုမှ မဟုတ်တော့တာ"

"ကိုနေနော် ... နားရှက်စရာတွေ မပြောနဲ့"

"ချစ်လို့"

"ဒီလောက် အပျင်းကြီးနေရင် ကိုနေ့ကို မစောင့်တော့ဘူး"

ပန်းနုသွေးက စိတ်ဆိုးချင်ဟန်ဆောင်ကာ ထိုင်ရာမှ ထလိုက်၏။

"ကိုနေက ချစ်လို့စတာပါ၊ ကိုနေ့ ရင်ခွင်ထဲမှာ နုသွေးကိုထားပြီး ထွေးပိုက်ထားရတာ ဘယ်လောက်ကြည်နူးဖို့ ကောင်းသလဲ"

ချစ်သူက ချော့မြှူလာတော့လည်း ပန်းနုသွေးမှာ ပျော့သွားရပါ၏။

သူမ မျက်နှာလေးမှာ နေထက်ကို နှာခေါင်းနား ရောက်နေ၍ နေထက်ကို မွှေးလိုက်လေသည်။

"အားပါး ... မွှေးလိုက်တာ"

"နုသွေး လိမ်းထားတာတွေ ပျက်ကုန်ပြီ"

"ပျက်ပစေပေါ့၊ နုသွေး လိမ်းထားတာ ကိုနေ မွှေးဖို့ မဟုတ်လား"

"ဟင့်အင်း ... သူများတွေကြည့်ဖို့"

ပန်းနုသွေးက နေထက်ကို မခံချင်အောင် တမင် ပြောလိုက်၏။

"ဟာကွာ ... မခံချင်အောင်ပြောတဲ့ ပါးစပ်လေးကို ပိတ် ထားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... ဆရာ"

နေထက်ကိုမှာ ပန်းနုသွေးကိုကြည့်ပြီး မချင့်မရဲ ဖြစ်လာ၍ မျက်နှာရှေ့တိုးလာစဉ် ပန်းနုသွေးက လက်ဝါးလေး ဖြင့် ကာလိုက်၏။

"အားကြီး ညစ်ပတ်တယ်၊ မျက်နှာသွားသစ်တော့"

"အင်းပါ"

"နုသွေး တကယ် ဗိုက်ဆာလို့ပါ"

"ဆာမှာပေါ့၊ မနေ့က နုသွေး ဘာမှသိပ်မစားတာ"

"မနေ့ကမှ မဆာတာ"

"ဘယ်ဆာပါ့မလဲ၊ ပျော်နေတာကိုး"

"ကိုနေကော မပျော်လို့လား"

"ပျော်တာပေါ့၊ ညက ပိုတောင် ပျော်သေးတယ်"

"အယ် ... ဒီစကားပဲ ပြန်ရောက်လာတယ် ထတော့"

ပန်းနုသွေး မျက်နှာတွင် ရှက်သွေးဖျန်းသွားပြီး နေထက်ကိုအား ဆွဲထူလိုက်၏။

ကိုယ်မတ်ကာနီး၌ နေထက်ကိုက ပန်းနုသွေးကို ပါဆွဲကာ ပြန်လှဲချလိုက်၏။

နှစ်ဦးသား ခုတင်ပေါ်ကျသွားသည်နှင့်အတူ ကြည်နူး ပျော်ရွှင်စွာဖြင့် ရယ်သံလေးများ ထွက်ပေါ်လာ၏။

"သိပ်ဆိုးတဲ့ ကိုနေ"

"သိပ်ချစ်တတ်တဲ့ ကိုနေလို့ ပြောပါ"



ကြင်စဦး ဇနီးမောင်နှံများအတွက် ပျော်မဆုံး ဖြစ်နေကြသည်မှာ သဘာဝပင်။

နေထက်ကိုနှင့် ပန်းနုသွေးတို့မှာ ညားကာစလင် မယားမို့ ချစ်၍ ပျော်၍ မဝနိုင်ကြသေးပေ။

ပန်းနုသွေးမှာ ချစ်သူအလိုကျ ရင်ခွင်တွင် ပြန်လှဲ နေရပါ၏။

"နုသွေး ဆံပင်တွေ ပွကုန်ပြီ"

"ပွပစေ"

"မိတ်ကပ်တွေလည်း ပျက်ကုန်ပြီ"

"ပျက်ပစေ"

"ကိုနေ ... တော်တော်ကဲ"

"ချစ်တာကိုး"

"ချစ်ရင်ထတော့ ဗိုက်ဆာပြီ"

"စားသောက်ပြီးရင် အခန်းထဲ ပြန်လာမယ်နော်"

နေထက်ကို ပြုံးရယ်ပြောလိုက်သလို ပန်းနုသွေးက လည်း မျက်စောင်းထိုးရင်း ...

"ဘာလုပ်ဖို့လဲ"

"နုသွေးကို ရင်ခွင်ထဲထားပြီး နေချင်လို့ပေါ့၊ နုသွေးက မနေချင်တော့ဘူးလား"

"ကိုသည်း"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးက နေထက်ကိုအား ချစ်မျက်စောင်းလေး ထိုးကာ နှာခေါင်းကို မနာအောင် လိမ်ဆွဲပြီး ထောပနာပြုလိုက်၏။

"အချစ်လေးရေ ..."

"ဟင်"

"ကိုနေ ရေချိုးလိုက်ဦးမယ်နော်"

"ချိုးသင့်တာ ကြာပြီ"

နေထက်ကိုမှာ ချစ်သူဘဝတည်းက သည်းသည်း လှုပ် ချစ်လာရာမှ လက်ထပ်ပြီး ပိုချစ်လာရသော ပန်းနုသွေးကို မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ဖြစ်နေရသည်။

"နုသွေးကို လွမ်းလိုက်တာ"

"နုသွေး ဘယ်သွားလို့လဲ၊ ကိုနေ့နားမှာ ရှိနေတယ်လေ"

"နုသွေးနဲ့ ခဏခွဲပြီး ရေသွားချိုးရမှာမို့လား"

"အင်းလေ"

"ဒါကြောင့် လွမ်းတယ် ပြောတာ"

"ကိုနေရယ်"

ပန်းနုသွေးက ကြည်နူးစွာဖြင့် ချစ်သူကို ချစ်ရည် ရွှမ်းသော မျက်လုံးများဖြင့်ကြည့်ကာ တမ်းတမ်းတတလေးခေါ် လိုက်၏။

"အဟုတ် ပြောတာ"

"နုသွေးက မယုံဘူး ပြောလို့လား"

"ခုချိန်မှာ ကြားလေသွေးရင်တောင် ဝေးတယ်ထင်တာ"



"ထက်ထက်တို့သာကြားရင် ကိုဖိုးသည်းဘွဲ့ ရလိမ့်မယ်"

"ပြောပစေ၊ အဲသလို ပြောကတည်းက ကိုနေ့ အချစ်ကို အသိအမှတ်ပြုတာပဲ"

"ကဲပါ ... ရေသွားချိုးတော့၊ နုသွေး သွားတိုက်ဆေးထည့် ပေးထားတယ်"

"ဒါကြောင့် ချစ်ရတာ ... လာ"

"ကိုနေ့ ဘာသာသွားချိုးပေါ့၊ နုသွေး အပြင်က စောင့်နေ ပါ့မယ်"

ပခုံးပေါ်တွင် မျက်နှာသုတ်ပဝါတင်ကာ ခုတင်၌ ိုင်စောင့်နေသော ပန်းနုသွေးကို ဆွဲထူပြီး သူမ ခါးလေးကိုဖက် ာ ရှေ့မှ သွားစေပါ၏။

"နုသွေးကို လွမ်းရမှာစိုးလို့ ရေချိုးခန်း အဝနားက စောင့် နေနော်၊ နုသွေး အသံ့လေးကို နားထောင်ပြီး ချိုးမယ်"

"မြန်မြန်ချိုး၊ ဒါမှ ကြာကြာမလွမ်းရအောင်"

"ဟုတ်ကဲ့ ခင်ဗျ"

ပန်းနုသွေး ပါးပြင်လေးကို မွှေးပြီးမှ နေထက်ကို ချိုးခန်းထဲ ဝင်သွားတော့၏။

"ဟင် ... မြန်လိုက်တာ"

ပန်းနုသွေး အံ့ဩစွာ ပြောလိုက်၏။ နေထက်ကို ချိုးပြီး ထွက်လာသည်မှာ ငါးမိနစ်ပင် မကြာ။

"ကိုနေက ရေကန်ထဲ ဝင်စိမ်ပြီး ထွက်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ချေးကော တွန်းရဲ့လား"

"တွန်းပါတယ်ဗျာ"

မျက်နှာသုတ်ပဝါ ယူသုတ်ရင်း နေထက်ကို ရ

မောစွာပြောပြီး ပန်းနုသွေး ခါးကိုဖက်ကာ အခန်းထဲ ပြန်ဝင်

ခဲ့၏။

"နုသွေးကိုလွမ်းလို့ မြန်မြန်ချီးတာ"

"အင်းပါ"

"ဒီကဖြင့် ချစ်လိုက်ရတာ"

"နုသွေးကကော မချစ်လို့လား"

ပန်းနုသွေး ထုတ်ပေးသော အဝတ်အစားမျာ

ဝတ်ရင်း နေထက်ကို ပြောလိုက်၏။

"ကိုနေ ချစ်သလောက် နုသွေး လိုက်မချစ်နိုင်ပါဘူ"

"နုသွေးကလည်း နုသွေးချစ်သလို ကိုနေ မချစ်နိုင်

ထင်တာပဲ"

"ဒါဆို ... ဘယ်သူပိုချစ်လဲဆိုတာ ပြိုင်မယ်လေ"

"ဟိုး ... ဆရာ၊ အခုချိန် မပြိုင်သေးဘူး၊ ဗိုက်ဆာတယ်"

"လာ ... သွားစားမယ်"

ပန်းနုသွေး လက်ကိုကိုင်ကာ နေထက်ကို ထွက်

ခဲ့သည်။

ကြီးကြီးဝင်းက စားပွဲပေါ်တွင် အားလုံး အဆင်

ပြင်ဆင်ပေးထားပါ၏။



နေထက်ကိုက ပန်းနုသွေး ပန်းကန်ထဲသို့ စားစရာ

ထည့်ပေးရင်း ...

"မိန်းမကို ချစ်တဲ့နေရာမှာ နေထက်ကို့ကို ဘယ်သူမှ

ပြိုင်လို့မရအောင်ကို နုသွေးကို အလိုလိုက်မှာ"

"အပြောနဲ့ လက်တွေ့မညီရင် နုသွေး မုန်းတယ်နော်"

"စိတ်ချပါ၊ နုသွေး အမုန်းမခံရအောင် ကိုနေ ကြိုးစား

မှာ"

"မျက်လုံးဒေါက်ထောက်ကြည့်မယ်"

"နုသွေး အလိုလိုက်ပြီးရင် ကိုနေ အလိုကို လိုက်ရမှာ

နော်"

"သိဘူး"

"ဒီနေ့ နုသွေးဆီက အကြွေးပြန်တောင်းရမယ်"

"ဘာ အကြွေးလဲ"

"အနမ်းတွေလေ"

ပန်းနုသွေး အပျိုဘဝက နေထက်ကို နမ်းနိုင်ခြင်း

အကြွေးမှတ်ခိုင်းထားသည်ကို သိသော်လည်း မသိချင်ဟန်

ဆောင်ကာ မေးလိုက်ခြင်းပင်။

"အရင်းထက် အတိုးများတဲ့ အကြွေးလား၊ ဖြည်းဖြည်း

ဆပ်မယ်"

"မရဘူး၊ နုသွေး ကတိအတိုင်း ဆပ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးက မပေးဘူးလို့ ပြောလို့လား၊ ဖြည်းဖြည်း ဆပ်သွားပါမယ်ဆို"

ပန်းနုသွေးက နေထက်ကိုအား မျက်လုံးထောင့်ကြည့်ကာ ခပ်ချွဲချွဲလေး ပြောလိုက်ပါတော့၏။

"ဒီနေ့ကစပြီး ဆပ်သွားရမယ်နော် နုသွေး"

❋ ❖ ❋



# ( ၁၈ )

"လာ ... သမီးနဲ့ သား"

ထမင်းစားခန်းထဲတွင် ထမင်းစားနေကြသော ဦးမိုးဝင်းနှင့် ဒေါ်သူဇာတို့က လှမ်းပြောလိုက်ပါ၏။

"ထမင်းစားတော့မလား"

"အိမ်က စားခဲ့ပြီးပြီ မေမေ"

"နုသွေးတို့ စားပြီးမှ ထွက်လာခဲ့ကြတာ အန်တီ"

ပန်းနုသွေးက ဒေါ်သူဇာ ဘေးတွင် ဝင်ထိုင်လိုက်

နေထက်ကိုကလည်း ဖခင်နားတွင် ထိုင်လိုက်ပါ၏။

"ဒီနေ့ သား ထမင်းစားလို့ သိပ်မြိန်တာ မေမေ"

နေထက်ကို စကားကြောင့် ပန်းနုသွေးက ခင်ပွန်းသူကို မျက်စောင်းထိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုက ရယ်ပြီး မျက်စိမှိတ်ပြလိုက်သ
ပန်းနုသွေးကလည်း နှုတ်ခမ်းစူပြလိုက်ပါတော့သည်။

"ဒေါ်ဝင်းက ဘာဟင်းချက်ကျွေးလို့ ထမင်းစားကော
တာလဲ သား"

"ဒီနေ့ ... နုသွေး ချက်တာ မေမေ"

"ဩော် ... ဒါကြောင့် ငါ့သားက ထမင်းစား မြိန်တာလ

ဒေါ်သူဇာက သားဖြစ်သူကို ချစ်စနိုး စလိုက်

"မင်းကတော့ ဖအေတူ သားပဲဟေ့"

ဦးမိုးအောင်ကပါ သဘောကျစွာ ရယ်ရင်း ဝင်
လိုက်၏။

"ကလေးတွေရှေ့မှာ ကလေးကလား မပြောနဲ့နော် အ
ကြီး"

ဒေါ်သူဇာက ခင်ပွန်းဖြစ်သူအား ဟန့်တားလိုက်

ဦးမိုးအောင်မှာ ရယ်ရင်း ...

"ကိုယ်က အမှန်ရေဟနေတာလေ သူဇာ"

စကားဝိုင်းလေးမှာ စိုပြည်သွားရသည်။

"သမီးက ဘာဟင်းချက်ကျွေးလို့လဲ"

ဒေါ်သူဇာက ပန်းနုသွေး လှည့်ကာ ပြုံး၍ မေးလို
၏။

"အလကား အန်တီ၊ နုသွေး ကြက်သားဟင်းချက်
နည်းနည်းငန်သွားလို့ စနေတာ"



"သိပ်မငန်ပါဘူး မေမေ၊ ထမင်းနဲ့တောင် မစားနိုင်ရုံလေး
ပါ"

"ကိုနေနော်"

ပန်းနုသွေး မျက်စောင်းထိုးလိုက်၏။ ဒေါ်သူဇာက
ရယ်ပြီး ...

"ဒီလိုပေါ့ သားရယ်၊ သမီးအခုနေနဲ့က မိဘအိမ်မှာ ဘာမှ
မလုပ်ဘဲ နေခဲ့တာ၊ သားကို ချက်ကျွေးချင်တဲ့ စေတနာ
နဲ့ ဝင်လုပ်တာ၊ သားက အားပေးရမှာပေါ့၊ ချက်ခါစ
ဒီလိုပဲ ငန်ရင်ငန် ချဉ်ရင်ချဉ်မှာ၊ နောက် တတ်သွားမှာ
ပေါ့"

ဒေါ်သူဇာက မိမိဘက်မှ ဝင်ပြော၍ ပန်းနုသွေး
ကျေနပ်သွား၏။

"မေမေကလည်း နုသွေးကို မီးဖိုထဲ ဝင်ရမယ် ပြောထား
တယ်၊ ကောင်းတဲ့နေ့ဆို ငြိမ်နေပြီး မကောင်းတဲ့နေ့ကျ
စနေတော့တာပဲ၊ ကောင်းကို မကောင်းတဲ့ ကိုနေ"

"ကိုနေက ချစ်လို့စတာ၊ နုသွေး ချက်တဲ့ဟင်းကို မစား
ဘဲနေလို့လား၊ သုံးပန်းကန်ကြီးများတောင် စားခဲ့တယ်"

"ဒါဆို ... ဘာလို့ သိက္ခာချရလဲ"

ပန်းနုသွေး မကျေမနပ် ပြောလိုက်၏။

"နောက် မပြောတော့ဘူး၊ ရှေ့ပဲ ပြောမယ်"

"သားကလည်း နုသွေး မကြိုက်ရင် မစပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားက အစသန်၊ မိန်းမက အစမခံနဲ့ လိုက်လည်
လိုက်ပါပေ့"

ဦးမိုးအောင်က သားနှင့် ချွေးမကိုကြည့်ပြီး သဘော
ကျစွာ ပြောလိုက်၏။

"သားတို့ လက်ထပ်ပြီးတာ ခြောက်လရှိပြီ၊ တစ်ခါမှ ရန်
မဖြစ်သေးဘူး မေမေ"

"ရန်မဖြစ်တာ ကောင်းတာပေါ့ သားရဲ့၊ ချစ်လို့ ယူထား
ကြတာပဲ၊ ရန်ဖြစ်ဖို့ ယူတာမှ မဟုတ်တာ"

နေထက်ကိုက ပန်းနုသွေးကို မျက်စိမှိတ်ပြပြီ
မိခင်ဖြစ်သူကို ဂုဏ်ယူပြောလိုက်လေသည်။

ဒေါ်သူဇာ စကားကြောင့် နေထက်ကို ပခုံးတွန့်
လိုက်ပါ၏။

"နုသွေး ထမင်းစားမလား၊ နုသွေး ကြိုက်တဲ့ ပုစွန်တုပ်
ဟင်း ရှိတယ်"

နှုတ်ခမ်းစူကာ စိတ်ကောက်နေသော ဇနီးသည်ကို
နေထက်ကို ချော့လိုက်၏။

ပန်းနုသွေး စိတ်ကောက်ပြေသွားရသည်။

တစ်ယောက် စိတ်ကောက်၍ တစ်ယောက်က ပြန်
ချော့လျှင် ချက်ချင်း စိတ်ကောက်ပြေရမည်ဟု နှစ်ဦးသား နား
လည်မှု ယူထားသည်။

"ကိုနေကော မစားဘူးလား"



"ကိုနေ အဝစားခဲ့ပြီ"

"ဟင့်အင်း ... ကိုနေ မစားရင် နုသွေးလည်း မစားဘူး"

"ဒါဆို စားပါ့မယ်"

ကြက်သားဟင်းငန်၍ ထမင်းကို တို့ကနန်း ဆိတ်
ကနန်းမျှ စားခဲ့သော ဇနီးဖြစ်သူကို စားစေချင်သည့် စေတနာ
ကြောင့် နေထက်ကိုမှာ ထမင်းအနည်းငယ် စားလိုက်ရ၏။

"မင်းတို့ ရန်ဖြစ်တာ ပြီးသွားပြီလား"

"ဘယ်မှာဖြစ်လို့လဲ ဖေဖေ"

ဦးမိုးအောင် စကားကို နေထက်ကိုက ပြုံး၍ပြော
လိုက်၏။

"စောစောက သားစလို့ သမီး စိတ်ကောက်နေတာ
မဟုတ်လား"

"ဟုတ်တယ်လေ၊ အခု စိတ်ကောက်ပြေသွားပြီ၊ တွေ့တယ်
မို့လား၊ သားက ဖေဖေ့ထက် ပိုင်ပါတယ်"

နေထက်ကိုမှာ ထမင်းစားရင်း ဖခင်ဖြစ်သူကို
လိုက်၏။

"အေးပါဗျာ၊ ခုမှ မင်းတို့က ချစ်စ ခင်စ ရှိသေးတာကိုး"

ဦးမိုးအောင်က နေထက်ကိုအား စကားနိုင်လုပြီး
ပြောလိုက်၏။

"သားတို့ စားပြီးရင် အပြင်ထွက်ခဲ့ကြ၊ ဖေဖေ ဧည့်ခန်း
ထဲက စောင့်နေမယ်၊ သားတို့ကို ပြောစရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဖေဖေ"

ဦးမိုးအောင် ထွက်သွားသည်နှင့် နေထက်ကိုက ပန်းနုသွေး ပန်းကန်ထဲသို့ ပုစွန်တုပ်ကြီးကို ခပ်ထည့်ပေးရင်း...

"အဝစားနော်၊ နုသွေးက ပုစွန်ကြိုက်တော့ ပုစွန်ကိုများများစား"

"သမီးယောက်ျားက သည်းကို သည်းတယ်"

ဒေါ်သူဇာက သားဖြစ်သူကိုကြည့်ပြီး ပြောလိုက်သည်။

"မေမေ"

"ဘာပူဆာမလို့လဲ"

"လက်ဖက်သုပ်ကျွေးနော်၊ မေမေသုပ်ကျွေးတဲ့ လက်ဖက်သုပ်ကို နုသွေးက သိပ်ကြိုက်တာ"

"သုပ်ပေးမှာပေါ့"

ပန်းနုသွေးမှာ ဒေါ်သူဇာကို အားနာသွားရလေသည်။

"နေပါစေ အန်တီ၊ ဟောဒီ ကိုနေကလေ အန်တီ ပင်ပန်းမှာကို အားမနာဘူး"

"မပင်ပန်းပါဘူး၊ အန်တီကလည်း သုပ်ကျွေးဖို့ စဉ်းစားထားပြီးသားပါ"

"ကြားလား ... မေမေ သဘောကောင်းတယ်နော်"

"သားက သမီးနဲ့ပတ်သက်လာရင် မအေကို ခိုင်းတတ်တာ လူပျိုတုန်းတည်းကပဲ"



"ဟာ ... မေမေကလည်း"

ပန်းနုသွေးမှာ ဒေါ်သူဇာ စကားကြောင့် မိမိအပေါ် ချစ်လွန်း ဂရုစိုက်လွန်းသော ခင်ပွန်းဖြစ်သူကို ကျေနပ်စွာကြည့်ပြီး ပြုံးပြလိုက်၏။

"တော်ပြီလား နုသွေး"

"ဝသွားပြီ ကိုနေ"

ပန်းနုသွေး လက်ဆေးပြီးသည်နှင့် နေထက်ကိုက ရေခဲသေတ္တာထဲမှ မရင်ဒါပုလင်းကိုဖောက်၍ ပန်းနုသွေးကို လှမ်းပေးလိုက်လေသည်။

ကိုယ့်အိမ်လိုက်လာသော ဇနီးသည်ကို ဂရုစိုက်ပြုရပါ၏။

"ကိုနေ အရင်သောက်လေ"

"နုသွေး အရက်သောက်ပါ"

ချစ်စခင်စ ဇနီးမောင်နှံမို့ တစ်ဦးကိုတစ်ဦး ယုယ၍ ကောင်းဆဲပင်။

ဒေါ်သူဇာက အလိုက်သိစွာဖြင့် ထွက်လာကာ လက်ဖက်သုပ်ရန် စီစဉ်နေသည်။

ဒေါ်သူဇာ ထွက်သွားသည်နှင့် ပန်းနုသွေးက နေထက်ကိုအား ...

"ကိုနေ မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ သည်းလွန်းလို့ အန်တီတောင် ထွက်သွားပြီ"

"မေမေက ကိုနေ စိတ်ရှိလက်ရှိ နုသွေးအပေါ် ယုယနိုင်အောင် ရှောင်ပေးတာပါ"

"ရှက်စရာကြီး"

"နုသွေး ရှက်မှာစိုးလို့ ထွက်ပေးတာ"

ပန်းနုသွေးက မရင်ဒါကို နေထက်ကို ပါးစပ်နားတေ့ပေးလိုက်သည်။

နေထက်ကိုက ပန်းနုသွေးကို ပြုံး၍ကြည့်ပြီး ...

"ဒါကြောင့် နုသွေးကို ပိုပိုချစ်ရတာ"

"နုသွေးကလည်း သိပ်ချစ်တတ်တဲ့ ကိုနေရဲ့ အချစ်ကြောင့် ပိုချစ်ရတာ"

"ကိုနေက မချစ်ရင် နုသွေးလည်း မချစ်ဘူးပေါ့"

"ဒါပေါ့"

"ဟာကွာ"

"ကိုယ့်ကိုမချစ်တဲ့သူကို နုသွေးက ချစ်နေရမှာလား"

"နုသွေးက သိပ်မာနကြီးတာပဲကိုး"

နေထက်ကိုက ရွှေငှက်ပျောကို အခွံခွာကာ ပန်းနုသွေးကို ခွံ့ကျွေးရန်ပြင်ရင်း ပြောလိုက်၏။

"နုသွေး မစားတော့ဘူး"

"နည်းနည်းစားပါ"



ခင်ပွန်းဖြစ်သူ စိတ်ကျေနပ်စေရန် ပန်းနုသွေး တစ်ကိုက် ကိုက်လိုက်၏။

"နုသွေး မကြိုက်လို့လား"

"ကြိုက်ပါတယ်"

"ကြိုက်ရင် စားလေ"

"လက်ဖက်သုပ်စားဖို့ ချန်ထားတယ်၊ အန်တီ သုပ်လာလို့ မစားနိုင်ရင် မကောင်းဘူးလေ"

"သဘောပဲ"

"အပြင်ထွက်ကြစို့၊ အန်ကယ် စောင့်နေတာကြာသွားရင် အားနာစရာကြီး"

"ဟုတ်သားပဲ၊ ဖေဖေက ကိုနေတို့ကို ပြောစရာရှိတယ်တဲ့"

နေထက်ကိုက ပန်းနုသွေး ခါးကိုဖက်ပြီး အပြင်ထွက်လာခဲ့၏။

ဧည့်ခန်းရောက်ခါနီးတွင် ပန်းနုသွေးက နေထက်ကိုလက်ကို ဖယ်ချလိုက်၏။

"ဘာဖြစ်လို့လဲ နုသွေး"

"လူကြီးတွေ မျက်စိနောက်မှာစိုးလို့"

"ကိုယ့်မိန်းမ ကိုယ်ချစ်လို့ ဖက်တာပဲ"

"ကိုနေ ချစ်တာ နုသွေး သိပါတယ်၊ ဒါပေမဲ့ လူကြီးတွေရှေ့မှာ အဲဒီလို မနေသင့်ဘူး၊ ကိုနေ မိဘရှေ့မှာဖြစ်ဖြစ် နုသွေးမိဘရှေ့မှာဖြစ်ဖြစ် အဲဒီလိုသွားနေတော့ သူတို့စိတ်

www.burmeseclassic.com

www.burmeseclassic.com



ယဲ့ တစ်မျိုးဖြစ်သွားမှာပဲ၊ နုသွေးကိုလည်း အထင်သေး သွားမယ်၊ မလေးစားရာ ရောက်သွားမယ်၊ အတူတူတွဲ ထိုင်တာပဲ လွန်လှပြီ"

"ဒီတော့လည်း နုသွေးက လူကြီးဆန်သားပဲ"

နေထက်ကိုက ခါးကိုဖက်ထားသော လက်ကိုဖယ် ရင်း ဇနီးဖြစ်သူကို စလိုက်၏။

"အံမယ် ... နုသွေးက ကိုနေ တစ်ဦးတည်းကိုပဲ ကလေး ဆန်ပြီး ချွဲတာ ဘာဖြစ်လဲ ... မကြိုက်ဘူးလား၊ ဒါဆို မချွဲဘူး"

"ချွဲပါဗျာ ... ချွဲပါ"

"တကယ်နော်"

"တကယ်ပေါ့၊ နုသွေးကို ချစ်လွန်းလို့ နုသွေး ဘာလုပ် လုပ် ခွင့်လွှတ်မှာ"

"ဒါဆို နုသွေး ယောကျ်ားလေးတွေနဲ့ စကားပြောမယ်၊ ရောမယ်နော်"

"ဝေးသေး ... ရောဖို့ နေနေသာသာ အတူတွဲပြီးတွေ့ရင် တောင် မကြိုက်ဘူး"

"ခွင့်လွှတ်မယ်ဆို"

"အရာရာကို ခွင့်လွှတ်ပေမယ့် ယောကျ်ားလေးတွေနဲ့ ပတ်သက်ရင် ခွင့်မလွှတ်ဘူး၊ အချစ်ကြီးသလောက် အမျက် ကြီးတယ် သဘောပေါက်"



နေတက်ကို စကားအဆုံးတွင် ပန်းနုသွေးက ဇက် လေးပုပြီး ပခုံးတွန့်လိုက်၏။

"ကြောက်ပါတယ်"

"နုသွေးအပေါ် သစ္စာရှိသလို၊ ကိုနေ အပေါ်လည်း သစ္စာ ရှိရမယ်နော်"

"အင်းပါ၊ ဒီစကားတွေက နုသွေးက ပြောရမှာပါ"

ပန်းနုသွေး ကျေနပ်စွာ ပြောလိုက်၏။ အိမ်ထောင် ရှင် မိန်းကလေးတိုင်းအတွက် မိမိယောကျ်ား ဖောက်ပြန်မှာကို အကြောက်ဆုံးပင်။

"ဟဲ့ ... ဒီကလေးနှစ်ယောက် လမ်းကြားထဲရပ်ပြီး စကား ပြောနေကြတာကိုး၊ ဖေဖေက မျှော်နေပြီ၊ စားလို့မပြီးသေး ဘူးလား မေးနေတာ"

"စကားကောင်းနေလို့ပါ မေမေ"

"သားတို့က ခုမှ တွေ့ကြတာကိုး"

ဒေါ်သူဇာက သားဖြစ်သူကို စလိုက်၏။

"သားတို့က ကြာလိုက်တာ"

"ဆောရီးပဲ ဖေဖေ"

"သား သူငယ်ချင်းက ဖုန်းဆက်ပြောတယ်၊ သားတို့ ဒီလကုန်ရင် အလုပ်ဝင်ပါတဲ့"

"ဟင် ..."

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုနှင့် ပန်းနုသွေးတို့ တစ်ဦးကိုတစ်ဦး ကြည့်ကာ ဝမ်းသာသွားကြ၏။

ပန်းနုသွေးတို့အတွက် ဝယ်သောအိမ်တွင် တယ်လီဖုန်း မပါ၍ နေထက်ကို မိဘအိမ် ဖုန်းဆက်ပြောခြင်း ဖြစ်မည်။

"သားနဲ့ သမီးတို့ ကုမ္ပဏီတစ်ခုတည်းတော့ မဟုတ်ဘူး၊ ကုမ္ပဏီတစ်ခုစီ လုပ်ရမယ်တဲ့"

"တစ်နေရာတည်း အတူရရင် ပိုကောင်းမှာ"

"သားနဲ့သမီးက စာရင်းကိုင်ဘွဲ့ချင်း တူနေတာကိုး၊ တစ်နေရာစီခွဲပြီး ခန့်လိုက်တာ ဖြစ်မှာ"

ဦးမိုးအောင်က လူငယ်နှစ်ဦးကို ပြောပြနေပါ၏။

"ကိုနေတို့တော့ ကံကောင်းတယ်နော်"

"နုသွေးက တစ်နေရာတည်း အတူတူ ကျချင်တာ"

"ဘာလဲ ... သမီးက သားကို စိတ်မချလို့လား၊ မိန်းကလေးတွေနဲ့ တွဲလုပ်ရမှာနော်"

ဦးမိုးအောင် ရယ်မောရင်း ပန်းနုသွေးကို စလိုက်ပါ၏။

"ဘာသံ ညာသံ ကြားလို့ကတော့ မလွယ်ဘူးနော် ... ကိုနေ"

"ဟား ... ဟား ... ဟုတ်ပြီ"

"ဟောဒီ အဖေကြီးကလေ စ,နေသေးတယ်၊ သားက သမီးကို သိပ်ချစ်တာ"



"သားကသာ နုသွေးကို စိတ်မချရမှာ၊ နုသွေးကို အပျို ထင်ပြီး ငမ်းနေကြမှာ ဖေဖေရ"

"အဲဒီတော့ သားက မဏ္ဍပ်တိုင် တက်ပြပေါ့ကွာ"

"ဒါပဲနော် ... ကိုနေက ယောကျ်ားလေးတွေနဲ့ ရောနေရင် မကြိုက်ဘူး"

"ကိုနေကလည်း ဆင်ခြင်ပေါ့"

လူငယ်နှစ်ဦးကို ကြည့်ပြီး ဦးမိုးအောင် သဘောကျစွာ ရယ်လိုက်၏။

"ဟား ... ဟား ... လင်က မယားကို စိတ်မချ၊ မယားက လင်ကို စိတ်မချနဲ့ အလုပ်တော့ လုပ်ဖြစ်တော့မှာပဲ"

ဦးမိုးအောင် စကားကြောင့် နေထက်ကိုက ပန်းနုသွေးကို ကြည့်ကာ ပြုံးလိုက်ပါတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၉ )

"မေမေရေ … မေမေ"

ပန်းနုသွေးက ကားပေါ်မှ ဆင်းသည်နှင့် ကလေ
ငယ်ပမာ ခုန်ပေါက်ကာ အော်ဟစ်ပြီး ဝင်လာခဲ့သည်။

"ဟဲ့ … နုသွေး"

အပြင်မှ အသံများကြား၍ ထိုက်အောင် အခန်း
မှ ထွက်လာခဲ့၏။

နေထက်ကိုနှင့် ပန်းနုသွေးတို့ကို တွေ့လိုက်ရ
ပြုံးပြလိုက်သည်။

"ကိုကို … တံခါးမြန်မြန်ဖွင့်ပါ"

"အေးပါ"

"မေမေကော"

"ဟင်းချက်နေတယ်"



ထိုက်အောင်က တံခါးသော့ ဖွင့်ပေးပြီး လမ်းဖယ်
ပေးလိုက်၏။

"ကိုကို အလုပ်မသွားဘူးလား"

"ဒီနေ့ တနင်္ဂနွေနေ့လေ"

"ဟုတ်သားပဲ"

ပန်းနုသွေးက ထိုက်အောင်စကား ကြားရမှ အရှက်
ပြေပြောလိုက်၏။

"လာမယ်ဆို ဖုန်းဆက်လိုက်ပေါ့"

"တစ်မြို့တည်းပဲ ဖုန်းဆက်နေရဦးမှာလား ကိုကို"

"ဖုန်းဆက်တော့ ညီမလေးကြိုက်တဲ့ ဟင်းတွေ ချက်ထား
နိုင်တာပေါ့"

ဧည့်ခန်းထဲတွင် သုံးဦးသား ထိုင်လိုက်ကြသည်။

"ကိုနေ ကိုကိုနဲ့ စကားပြောနေဦးနော်၊ နုသွေးတို့ရောက်
တာ မေမေ မသိသေးဘူး သွားစလိုက်ဦးမယ်"

ပန်းနုသွေးက ခင်ပွန်းဖြစ်သူကို ပြောနေရာမှ အစ်ကို
ဏက်လှည့်ကာ …

"ကိုနေ့ကို ကောင်းကောင်းဧည့်ခံထားနော် ကိုကို"

"စိတ်ချပါ"

ပန်းနုသွေး ထွက်သွားသည်နှင့် နေထက်ကို
ပြီး ထိုက်အောင်အား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးက အားကြီး ကလေးဆန်တာ ကိုကို"

"ကိုကိုတို့ကလည်း နုသွေးအတွက်ပဲ ပူနေတာ၊ မင်း အိမ်ထောင်မကျခင် အချိန်ထိ ကလေးလို နေနေတ အိမ်ထောင်ကျပြီး အချိုးမပြောင်းရင် ဖြစ်ပါ့မလား စိုးရိမ်နေတာကွ"

"ကျွန်တော်တို့ နုသွေးတို့ ကိုကိုတို့က ငယ်ငယ်လေးတည် က ကစားဖော်တွေပဲ၊ နုသွေး သည်းညည်းကို ခံနိုင်ရ ရှိပြီးသားပါ"

"မင်းနဲ့မို့ တော်သေးတာပေါ့၊ နုသွေး အကြောင်း မသိ နုသွေးဒဏ် မခံနိုင်ဘူး"

"နုသွေးက ကိုကိုတို့ ထင်သလို မမိုက်ပါဘူး၊ ပတ် ကျင်နဲ့လည်း ဆက်ဆံတတ်ပါတယ်"

"ဒါဆို ကောင်းတာပေါ့၊ မင်းတို့လည်း အဆင်ပြေတယ် လား"

"ပြေပါတယ်၊ ကိုကိုကော ဒီလိုပဲ နေသွားတော့မလို့လ လူပျိုဟိုင်းကြီး ဖြစ်သွားပြီ"

နေထက်ကိုက ရယ်မောရင်း ယောက်ဖဖြစ်သူ နောက်ပြောင်လိုက်သည်။

"ဒီအတိုင်းပဲ နေသွားတာ ကောင်းပါတယ်"

"ဘာဖြစ်လို့လဲ"



"ငါ မိန်းမယူလိုက်ရင် မေမေ စိတ်ဆင်းရဲလိမ့်မယ်၊ မေမေနဲ့ ဖေဖေကို ပြုစုကျွေးရင်းနဲ့ မင်းတို့ကလေးတွေ ထိန်းပေးမှာပေါ့"

"ဟား ... ဟား ... နုသွေးကလည်း ကိုကို့ကို မိန်းမ မပေး စားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မိန်းမအနိုင်ခံရမှာ စိုးလို့တဲ့"

"ကောင်းတယ် ... နုသွေး ထွက်လာရင် ပြောရမယ်"

"မိန်းမ အနိုင်မခံဘူး၊ တူ၊တူမတွေပဲ အနိုင်ခံမယ်လို့၊ မင်းတို့ကော ကလေးမယူသေးဘူးလား"

"နုသွေးက တစ်နှစ်အတွင်း ကလေးမယူချင်ဘူးတဲ့"

"နုသွေး အလိုကို မင်းပဲ လိုက်နိုင်လွန်းတယ်"

"ချစ်တာကိုး ကိုကိုရ၊ ယောက်ဖကိုပြောရတာ မျက်နှာ တော့ ပူသား"

ယောက်ျားနှစ်ဦး၏ ရယ်သံများ ဧည့်ခန်းထဲတွင် လွင့်သွားပါ၏။

မီးဖိုထဲတွင် ပန်းနုသွေးက မိခင်ကို စနေပါ၏။

ဒေါ်မာလာမှာ ပန်းနုသွေးမှန်း သိသွားပြီး ချက် တ်ရင်း စကားပြောနေလေသည်။

"သမီးတစ်ယောက်တည်းလား၊ မောင်နေထက်ကိုရော မပါဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာ အမေးကို ပန်းနုသွေးက မိခင်ကိုဖက်ထားရင်း ဖြေလိုက်၏။

"ပါပါတယ် မေမေ၊ ကိုနေလား ... သမီးကို သူ မပါမလွှတ်ဘူး၊ ကိုကိုနဲ့ စကားပြောကျန်ခဲ့တယ်"

"လာလေ ... မေမေတို့လည်း အပြင်ထွက်စို့၊ ချက်ပြီးသွားပြီ"

ဒေါ်မာလာက လက်သုတ်ပြီး ပန်းနုသွေးအား ပြောလိုက်၏။

"သမီးကော ကောင်းကောင်းချက်တတ်ပြီလား"

"လက်မမှန်သေးဘူး မေမေ၊ ကောင်းတဲ့အခါ ကောင်း၊ မကောင်းတဲ့အခါ မကောင်း ဖြစ်နေတာ"

"မကောင်းတဲ့အခါက ပိုများတယ် မို့လား"

သမီးအကြောင်းသိ၍ ဒေါ်မာလာက ချစ်စနိုး ပြောလိုက်၏။

"ဟဲ ... ဟဲ ... မေမေက သိသားနဲ့ အရင်ကထက်စာရင် အများကြီး တိုးတက်လာပါပြီ"

"မေမေ့သမီးက မေမေ့လို အိမ်ရှင်မ ပီသအောင်ကြိုးစားပေါ့"

ပန်းနုသွေးက မိခင်ခါးကိုဖက်ရင်း ထွက်လာခဲ့ပါ၏။



"သမီးတို့ အလုပ်ရပြီ မေမေ"

"ဟုတ်လား"

"အတူတူတော့ မကျဘူး"

ပန်းနုသွေး နှုတ်ခမ်းစူကာ ပြောလိုက်ပါ၏။

"အတူတူ မကျလည်း ဘာဖြစ်လဲ သမီးရယ်၊ သမီးကိုပို့ပြီးမှ နေထက်ကိုက သွားမှာပေါ့"

"ဒါတော့ ဒါပေါ့"

ပန်းနုသွေးက မိခင်ခါးကိုဖက်ရင်း ထွက်လာခဲ့ပါ၏။

"သမီးတို့ အလုပ်ရပြီ မေမေ"

"ဟုတ်လား"

"အတူတူတော့ မကျဘူး"

ပန်းနုသွေး နှုတ်ခမ်းစူကာ ပြောလိုက်ပါ၏။

"အတူတူ မကျလည်း ဘာဖြစ်လဲ သမီးရယ်၊ သမီးကိုပို့ပြီးမှ နေထက်ကိုက သွားမှာပေါ့"

"ဒါတော့ ဒါပေါ့"

ပန်းနုသွေးက မိခင်ကို ခပ်ချွဲချွဲလေး ပြောလိုက်ပါ၏။

"သမီးလေးလာမှ အိမ်က ဆူညံတော့တယ်၊ သမီးမရှိတော့ ပျင်းပြီး တိတ်ဆိတ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာက ပန်းနုသွေး ဆံပင်လေးများကို သ[…] တင်ကာ ပြောလိုက်၏။

"နုသွေး အသံစာစာလေးနဲ့ ပြောနေတာ နားထောင်[…] ကောင်းတယ်၊ ကျွန်တော့်ကို စိတ်ကောက်ရင် တိတ်ဆိ[…] ပြီး ပျင်းစရာ ဖြစ်သွားရတယ် အန်တီ"

"နုသွေးက အိမ်ဆည်းလည်းလေ"

နေထက်ကိုအား လက်မထောင်ကာ ပန်းနုသွေ[…] ပြောလိုက်သည်။

"ဟုတ်တယ် သားရေ၊ ဖအေကြီးကလည်း သမီးကို သ[…] ရနေတာ၊ သမီးကိုတွေ့ရင် သိပ်ဝမ်းသာမှာပဲ"

ဒေါ်မာလာက ပန်းနုသွေးကိုကြည့်ပြီး ပြောလို[…] ၏။

"မေမေကော ကိုကိုပါ နုသွေးတို့ ရောက်နေတာ မပြေ[…] နဲ့နော်"

"ဘယ်သူ့ကိုလဲ"

"ဖေဖေ့ကိုပေါ့၊ နုသွေးတို့ ဖိနပ်တွေပါယူပြီး ပုန်းနေမယ်[…] ဖေဖေ ကြိုဝမ်းသာအောင် လုပ်ရမယ်၊ ဖေဖေ ပျော်သ[…] နုသွေးလည်း ထပ်ပျော်ရမှာပေါ့ … နော် မေမေ"

"သမီး သဘောပဲ"

"ကိုကိုကတော့ ပြောမှာပဲ"



ထိုက်အောင်က ညီမဖြစ်သူအား စလိုက်၏။

"ကိုကိုနော် အဲလို မညစ်နဲ့"

"အလကား စတာပါ၊ နင့်အလိုကို ဘယ်သူက မဖြည့်တာရှိလို့လဲ"

"လိမ္မာတယ်"

ပန်းနုသွေးကို ကြည့်ပြီး ရယ်လိုက်ကြ၏။

"ကားကြီးတစ်စီးလုံး အပြင်မှာ ရပ်ထားတာ အန်ကယ်က မတွေ့ဘဲ နေပါ့မလား နုသွေး"

နေထက်ကိုက ပန်းနုသွေးကို ထောက်ပြလိုက်၏။

"ဟယ် … ဟုတ်သားပဲ၊ ကားကို လွှတ်နေတဲ့ ဂိုထောင်ထဲ သွားထည့်ပေးထားပါ ကိုကို"

ပန်းနုသွေးက ထိုက်အောင်အား လှမ်း၍ခိုင်းလိုက်၏။

"အေးပါ"

"အေးပါဆို အခုသွားထည့်လေ၊ ဖေဖေက အချိန်မရွေး ပြန်ရောက်လာနိုင်တာ"

ထိုက်အောင် ရယ်ရင်း ထိုင်ရာမှထကာ နေထက်ကိုအားကြည့်ပြီး …

"ငါ့ညီမရဲ့သြဇာ မာလကာကို မင်း နာခံနိုင်တာ ချီးကျူးတယ် နေထက်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်"

ပန်းနုသွေးက အစ်ကိုဖြစ်သူအား မျက်စောင်းထိုးရင်း ပြောလိုက်ပါတော့၏။

❋ ❖ ❋



( ၂၀ )

"နုသွေးရေ ... မပြီးသေးဘူးလား၊ သွားကြစို့"

မှန်တင်ခုံရှေ့တွင် အလှပြင်နေသော ပန်းနုသွေးမှာ နေထက်ကိုအား မှန်ထဲမှကြည့်ကာ ...

"မပြီးသေးဘူး၊ ရုံးသွားဖို့ အချိန်အတော်ကြီး လိုသေးတယ်၊ ခုမှ ရှစ်နာရီပဲ ရှိသေးတာ"

သူတို့နှစ်ဦးစလုံး သူငယ်ချင်း ကုမ္ပဏီတစ်ခုတွင် ဝင်လုပ်နေကြသည်မှာ လေးလရှိလေပြီ။

နံနက်တိုင်း နေထက်ကိုက ပန်းနုသွေးရုံးကို ဦးစွာ လိုက်ပို့ရ၏။

ပြီးမှ မိမိရုံးကို ကားယူသွားသည်။ သူတို့နှစ်ဦးအတွက် ထမင်းကို စတီးငါးဆင့်ချိုင့်ဖြင့် ဒေါ်ဝင်းက ထည့်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန် ရောက်တိုင်း နေထက်ကိုက လာစားရပါ၏။

ဒါကလည်း ပန်းနုသွေး အစီအစဉ်ပင်။

နေထက်ကိုက ခုတင်ပေါ် ပစ်လှဲချလိုက်ပါ၏။

လက်ထပ်ခဲ့သည်မှာ ၁၀ လကျော်လာသည့်တိုင် ပန်းနုသွေးမှာ နေထက်ကို ဝတ်ရန် အဝတ်အစားများကို ထုတ်ပေးနေဆဲပင်။

နေထက်ကို အပေါ် ဝတ္တရားမပျက်စေရန် လုပ်ကိုင်ခဲ့ပါသည်။

ပန်းနုသွေးက မှန်ထဲတွင်ပေါ်လာသော နေထက်ကိုအား ကြည့်လိုက်၏။

ဇနီးဖြစ်သူအား ပြုံးစိစိဖြင့်ကြည့်ရင်း နေထက်ကို ပြောလိုက်၏။

"ငါ့မိန်းမက တယ်အလှပြင်တာကိုး"

"နုသွေး အလှအပ ကြိုက်တာကို သိသားနဲ့၊ မိန်းမတိုင်း အလှကြိုက်တယ် ကိုရဲ့"

"ကို သတိထားမိတယ်"

"ဘာကိုလဲ"

"နုသွေး ရုံးသွားမှ ပိုအလှပြင်လာသလားလို့ပါ"

နေထက်ကိုက နောက်ပြောင် ပြောဆိုလိုက်ခြင်းပင်။



"ဒါပေါ့ ရုံးမှာက မျက်လုံးပေါင်းများစွာနဲ့ တစ်ယောက်ကိုတစ်ယောက် ပြိုင်နေကြတာလေ၊ နုသွေးက ဖြစ်သလိုသွားရင် ကဲ့ရဲ့ကြမှာပေါ့ ကို"

"သိပါဘူး၊ နုသွေးကို ကြည့်မယ့်သူများ ရှိနေလားလို့ပါ"

"ရှိတာပေါ့၊ နုသွေး ဝင်သွားတာနဲ့ ဒေစီတို့က အကဲခတ်ကြတာ၊ အဝတ်အစားကအစ လက်ဝတ်လက်စား အဆုံးပေါ့ ကိုရယ်"

"ဟောဗျာ"

"ဒါကြောင့် နုသွေးရဲ့ လက်ဝတ်လက်စား တစ်ဆင်စာတွေကို မေမေ့ဆီက ပြန်ယူပြီး ဝတ်ပြလိုက်မှ သူတို့ နုသွေးကို မနိုင်မှန်းသိပြီး မပြိုင်တော့တာ"

ပန်းနုသွေးက မိန်းမတို့ သဘာဝအတိုင်း အနိုင်ရလိုက်၍ ကျေနပ်စွာ ပြန်ပြောပြနေလေသည်။

"နုသွေးရယ် ရုံးသွားတာ အဝတ်အစားတို့ လက်ဝတ်လက်စားတို့ သွားပြိုင်တာမှ မဟုတ်တာ"

"နုသွေးလည်း မပြိုင်ပါဘူး၊ ရုံး စတက်ပြီး တစ်လအထိ နုသွေး ဘာမှမဝတ်တာ ကို တွေ့မှာပေါ့"

"အင်း"

"ဒေစီတို့က နုသွေးကို နှိမ်ချင်ကြတယ်၊ သူတို့လည်း လက်ကောက်တွေ ဆွဲကြိုးတွေနဲ့ ရုံးလာတက်ကြတာကိုး"

"ဘယ်လိုနှိမ်လို့လဲ၊ ကိုလည်း မသိပါလား"

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးကို ကြည့်လိုက်ရင် ရှင်းနေတာပဲတဲ့၊ အဝတ်အစား ကောင်းကောင်း ဝတ်ထားပြီး လက်ဝတ်လက်စားလေး မရှိရင် မကောင်းဘူးတဲ့၊ အဝတ်အစားဝယ်တာ လျှော့ပြီး လက်ဝတ်လက်စား ဝယ်နိုင်အောင် အမျိုးသားကို ပူဆာပါလားတဲ့၊ ဘယ်လောက် ခံပြင်းစရာကောင်းလဲ"

"နုသွေးက ဘာမှ ပြန်မပြောလိုက်ဘူးလားဟင်"

"ရယ်နေလိုက်တာ၊ နုသွေးက အပြောမဟုတ်ဘဲ လက်တွေ့ပြလိုက်မှ ငြိမ်သွားကြတာလေ၊ နုသွေးက ကိုယ့်အပေါ် ကြောရင် မိုးပေါ်ထိ လိုက်ကြောပြချင်တာ"

ပန်းနုသွေးက ပြောရင်း လေသံက မခံချင်သည့် လေသံ ဖြစ်နေပါ၏။

"မိန်းမတွေကို မွေးကတည်းက ပြိုင်ချင် ကြွားချင်တဲ့စိတ်ကို ဘာလို့ ထည့်ပေးလိုက်ပါလိမ့်နော်"

"အာဒမ်နဲ့ ဧဝကို သွားမေးကြည့်ပေါ့"

"ဒါကြောင့် ငါ့မိန်းမ တစ်နေ့တစ်ဆင်စာ ထုတ်ဝတ်နေတာကိုး"

"သဘောပေါက်ပြီလား"

"အင်း"

"ဒေစီက ပြောသေးတယ်"

"ဘာတဲ့လဲ"



"နုသွေးမှာ ဒီလောက်ရှိမယ် မထင်မိဘူးတဲ့၊ စိတ်မဆိုးနဲ့နော်တဲ့၊ ဒီပစ္စည်းတွေက နုသွေး အပိုင်လားတဲ့"

မဲ့ကာ ရွဲ့ကာဖြင့် ပန်းနုသွေးက နေထက်ကိုအား ပြန်ပြောပြနေလေသည်။

"နုသွေးက ဘာပြောလိုက်လဲ"

"နုသွေး အပိုင်ပေါ့လို့၊ နုသွေးဝတ်တဲ့ စိန်ကလည်း အကောင်းစားလို့၊ ပတ္တမြားတို့၊ နီလာတို့၊ ကျောက်စိမ်းတို့၊ မြတို့ကလည်း တစ်ဆင်စာဆို လေးငါးသိန်းပေးရတာလို့၊ မိုးကုတ်ကျောက် အကောင်းစားနဲ့မှ နုသွေးက ဝတ်တာလို့ ပြောလိုက်တယ်"

"ဟုတ်ပြီကွ ... ဒါမှ ငါ့မိန်းမ"

နေထက်ကိုက ပန်းနုသွေးကိုကြည့်ပြီး ရယ်မောပြောဆိုလိုက်၏။

"ကိုယ်က အေးအေးနေချင်ပေမယ့် မနေရအောင် နုသွေးကို လာဆွတယ်လေ၊ ဒေစီက နုသွေးမိဘတွေက ချမ်းသာတယ်ထင်တယ်လို့ ပြောသေးတယ်"

"ဒီတော့ ..."

"ချမ်းသာတာမှ နုသွေးတစ်သက် စားမကုန်ဘူး၊ နုသွေးအမျိုးသားဘက်ကလည်း အရမ်းချမ်းသာတာပဲ၊ နှစ်ဖက်အမွေတွေက နုသွေးတို့လင်မယား ဘယ်လောက်ဖြုန်းဖြုန်း မကုန်နိုင်အောင်ပဲလို့ ပြောလိုက်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်လေ"

"နုသွေးလည်း ဒေစီ မျက်နှာကိုကြည့်ပြီး ရယ်လည်းရယ်ချင်တယ်"

"နုသွေးကို မပြုံင်နိုင်တော့ဘူးလား"

"ဒါပေါ့၊ မနိုင်မှန်း သိသွားတော့ နုသွေး ရှေ့မှာမကြွားရဲတော့ဘူး၊ ဒါတောင် ပြောသေးတယ်"

"ဘာပြောတာလဲ"

"ဒီလောက် ချမ်းသာနေတာ သူများဆီမှ အလုပ်လာလုပ်သေးလား၊ ကိုယ့်ဘာသာ ကုမ္ပဏီထောင်ပေါ့တဲ့"

"ဟား ... ဟား ... နုသွေး ခံလာခဲ့ရပြီပေါ့"

"နုသွေးတဲ့ ... ဘယ်တော့မှ အကြောမခံဘူး၊ နုသွေးတို့က ငွေရဖို့ အလုပ်လုပ်တာ မဟုတ်ဘူး၊ အလုပ်သဘောနားလည်အောင် လက်တွေ့ဆင်းကြည့်နေတာ၊ အလုပ်သဘော နားလည်သွားရင် ကိုယ်ပိုင်ကုမ္ပဏီတွေ အများကြီးဖွင့်မှာ၊ ဒေစီ အလုပ်လိုချင်ရင် နုသွေးကို လိပ်စာပေးထား၊ ဒီမှာရတဲ့ငွေထက် နှစ်ဆပေးမယ် ပြောလိုက်တာပေါ့"

"နုသွေး တကယ်လုပ်မှာလား"

"မသိသေးဘူး၊ မခံချင်လို့ ပြောတာ"

"သိပ်အလုမပြင်နဲ့ကွာ"



ပန်းနုသွေးကို ကြည့်ပြီး နေထက်ကို သဝန်တိုစွာ ပြောလိုက်၏။

"ပြင်ရိုး ပြင်ဆင်ပါ၊ နုသွေးက လှနေတော့လည်း မတတ်နိုင်ဘူး ကိုရေ"

"မိတတ်"

နေထက်ကိုက ချစ်စနိုးဖြင့် ပန်းနုသွေး နှာခေါင်းကို လိမ်ဆွဲလိုက်သလို ပန်းနုသွေးကလည်း မျက်နှာလေးရှုံ့သွားပြီး ပြောလိုက်၏။

"နုသွေးကို ကြည့်မယ့်ကောင် ရှိနေလို့ သိပ်ရှိုးထုတ်တာ မဟုတ်ပါဘူးနော်"

"ကိုစိတ်နဲ့ နှိုင်းတာလား၊ နုသွေးမှာ ကို့ရှိမှန်း တစ်ရုံးလုံး သိတယ်"

"သေချာတယ်နော်"

ပန်းနုသွေးကို ပြုံးစိစိဖြင့်ကြည့်ပြီး နေထက်ကို စ,လိုက်၏။

"နုသွေးတို့ အမျိုးမှာ သစ္စာမဲ့သူ မရှိဘူး၊ တစ်လင် တစ်မယား စနစ်ပဲ ကျင့်သုံးတယ်"

"နုသွေး ရုံးမှာ ယောက်ျားလေးတွေနဲ့ စကားမပြောဘူးလား၊ မရင်းနှီးဘူးလား"

နေထက်ကို စကားကြောင့် ပန်းနုသွေးမှာ ဝင်းအောင်ကို သွားသတိရမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းနောင်မှာ ပန်းနုသွေး အလုပ်ဝင်သည့်နေ့မှစ၍ ကူညီ ဆက်ဆံခဲ့သူ ဖြစ်၏။

ဝင်းနောင်နှင့် ပန်းနုသွေးတို့မှာ မျက်နှာချင်းဆိုင် ထိုင်ကြသည်။

"မရှိပါဘူး ကို"

"တကယ်နော်"

"အလုပ်အကြောင်း ပြောတာ ဆိုတာတော့ ရှိတာပေါ့ ကို၊ ကိုလည်း အလုပ်အကြောင်း ပတ်သက်လာရင် မိန်း ကလေးတွေနဲ့ မပြောဘူးလား"

"အလုပ်အကြောင်း ပြောတာနဲ့ ရင်းနှီးတာ တခြားစီပဲ ခွဲခြားလို့ ရပါတယ် နုသွေး"

ပန်းနုသွေး ပြင်ဆင်ပြီးသွားသည်နှင့် ကိုးနာရီထိုး နေလေပြီ။

"သွားစို့ နုသွေး"

"ဘာဖြစ်လို့လဲ ကို"

"နုသွေးတို့ရုံးမှာ ကိုနေမလို့"

"ဘယ်လို ..."

"နုသွေး ပြောတဲ့ ဒေစီကိုကော၊ တခြားလူတွေကိုပါ အကဲခတ်ချင်လို့ပါ"

"ကို့သဘောပဲ"



"နုသွေး ကြီးကြီးဝင်းကို ထမင်းချိုင့်ရပြီလား သွားမေး လိုက်ဦးမယ်၊ ကို ကားထုတ်ထား"

"ဟုတ်ကဲ့ ခင်ဗျ"

နေထက်ကိုက ပန်းနုသွေး ပါးပြင်ကိုမွှေးကာ ထွက် သွားပါတော့၏။

ပန်းနုသွေးလည်း ယူစရာရှိသည်တို့ကိုယူပြီး အခန်း ထဲမှ ထွက်လာခဲ့၏။

"ကြီးကြီး"

"ဟော ..."

"ကျက်ပြီလား ဟင်"

"အားလုံး အဆင်သင့်ပဲ သမီး၊ ချိုင့်ထဲ ထည့်ပြီးပြီ"

"ကိုရေ ... ကို"

ပန်းနုသွေးက ချိုင့်ကိုဆွဲပြီး ထွက်လာရင်း ခင်ပွန်း သည်ကို ခေါ်လိုက်၏။

"ချိုင့်လာယူဦးလေ"

နေထက်ကို ကားထဲမှဆင်းကာ ထမင်းချိုင့်ခြင်းကို ယူပြီး ကားထဲထည့်လိုက်၏။

ပန်းနုသွေး ကားပေါ်တက်ကာ ဝင်ထိုင်လိုက်သည် နှင့် နေထက်ကို ကားမောင်း ထွက်လာခဲ့လေသည်။

"ကိုရေ လူတွေတောင် သိပ်မရောက်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး စားပွဲတွင် ဝင်ထိုင်ပြီး ပြောလိုက်လေသည်။

နေထက်ကိုက ပန်းနုသွေး စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ဆယ့်ငါးမိနစ်ခန့် အကြာတွင် ခြေသံကြား၍ ပန်းနုသွေး လှမ်းကြည့်လိုက်၏။

"ပန်းနု ရောက်နေပြီလား"

"ဟုတ်တယ် ကိုဝင်းနောင်"

ပန်းနုသွေး စကားကြောင့် နေထက်ကို မျက်နှာပျက်သွားသည်။

တစ်ဦးနှင့်တစ်ဦး ပြောဆိုသည်မှာ ရင်းနှီးမှုရနေသည်ဟု နေထက်ကို ယူဆပြီး မျက်နှာတင်းသွားရ၏။

ပန်းနုသွေးက နေထက်ကို မျက်နှာပျက်သွားမှန်း သိလိုက်၏။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ နုသွေး အမျိုးသား ကိုနေထက်ကိုတဲ့၊ ကိုရေ ... သူက ကိုဝင်းနောင်တဲ့၊ နုသွေးကို အလုပ်နဲ့ပတ်သက်ပြီး အကူအညီ ပေးနေတာလေ"

ယောက်ျားသားနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

"ပန်းနု အမျိုးသားကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်"



ဝင်းနောင်က လှိုက်လှဲစွာ ပြောနေသော်လည်း နေထက်ကိုက ဟန်ဆောင်နေရ၏။

"နုသွေးနဲ့ ဝင်းနောင် ဆိုတာက သိပ်ရင်းနှီးနေသလိုပဲ"

ဟူသော အတွေးက နေထက်ကိုအား နာကျင်အောင် ခံစားသွားရစေ၏။

တဖြည်းဖြည်းနှင့် လူများရောက်လာပါ၏။

"ပန်းနုသွေး အမျိုးသားလားဟင်"

ဒေစီက ပန်းနုသွေး လက်ယာဘက် စားပွဲတွင် ဝင်ထိုင်ပြီး မေးလိုက်၏။

"ဟုတ်တယ် ဒေစီ"

"ပန်းနုသွေးကို စိတ်မချလို့ လိုက်လာတာလား"

"အချိန်စောနေသေးလို့ပါ"

နေထက်ကိုက ဒေစီကို အလိုက်သင့် ဖြေလိုက်၏။ နေထက်ကို ထိုင်ရာမှ ထလိုက်၏။

"ပြန်တော့မလား ကို"

"ပြန်မယ်၊ နုသွေး အတွက် မိန်းမဖော် ရှိနေပြီလေ"

နေထက်ကို ဘာဆိုလိုမှန်း ဒေစီက ရိပ်မိလိုက်သလို ကျနပ်စွာ ပြုံးလိုက်ရင်း ...

"ပန်းနုသွေး အတွက် စိတ်ချပါ၊ ပန်းနုသွေးက ဒေစီတို့ အပြင် ကိုဝင်းနောင် တစ်ယောက်တည်းကိုပဲ ရင်းနှီးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေစီစကားကြောင့် နေထက်ကို မျက်နှာတင်းက
ပန်းနုသွေးကို လှမ်းကြည့်လိုက်၏။

မိမိကို အနိုင်ယူထားသော ပန်းနုသွေးကို လက်စ
ချေရန် အကွက်ကို စောင့်နေသော ဒေစီမှာ သဝန်တိုသော မျ
ထက်ကိုအား တွေ့သည်နှင့် အောင်နိုင်သူ အပြုံး ပြုံးလိုက်ပါ
တော့၏။

❋ ❖ ❋



# ( ၂၁ )

"ကိုရေ"

"ဝေး"

"လာလေ ... စားကြစို့"

"နုသွေး လာခေါ်"

"ဟာ ... ကိုက အားကြီးပျင်းတာပဲ"

ပန်းနုသွေးက နေထက်ကိုအား မျက်စောင်းလေး
ထိုးကာ ပြောလိုက်၏။

ရှုံးပိတ်ရက်မို့ မီးဖိုထဲဝင်ကာ ပန်းနုသွေးမှာ ခေါ်ဝင်း
နှင့်အတူ ချက်ပြုတ်နေသည်။

နံနက်စာကို မန္တလေးမုန့်တီ(နန်းကြီးသုပ်)လုပ်စား
ကြသည်။

ပန်းနုသွေးက နေထက်ကိုလက်အား ဆွဲပြီးထွက်လာ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှတ်"

"ကိုနော်"

"ချစ်လို့မွေးတာ"

"နုသွေး ကိုယ်က ချွေးတွေနဲ့ နံနေမှာပေါ့"

"မနံပါဘူး၊ နုသွေးက ကိုယ်ကြိုက်တဲ့ နန်းကြီးသုပ် လု
ကျွေးလို့ အမောပြေ အနမ်းလက်ဆောင်ပေးတာ မလိုချ
ဘူးလား"

"ဘယ်သူက မလိုချင်ဘူး ပြောလို့လဲ"

ပန်းနုသွေး ရယ်နေရင်း နေထက်ကိုအား ခပ်ခွဲ
လေး ပြောလိုက်၏။

"ဒါဖြင့် ..."

"ဟိုး ဆရာ ... ကြီးကြီး မီးဖိုထဲမှာရှိတယ်၊ မြင်သွားလိ
မယ်"

"ကြီးကြီးက အလိုက်သိတတ်ပါတယ်"

နေထက်ကို စကားကို ပန်းနုသွေး ပြုံး၍နားထော
လိုက်၏။

သူတို့ရင်ထဲတွင် သောကများမရှိ။

ကြည်နူး ပြုံးပျော်နေကြသည်။

နေထက်ကိုက ပန်းနုသွေး အပေါ် သံသယ ဖြစ်
မိသည်ကိုလည်း မေ့ထား၏။



လင်နှင့်မယား လျှာနှင့်သွား ဆိုသည့်အတိုင်း မကျေ
နပ်လျှင် စိတ်ကောက်လိုက် ရန်ဖြစ်လိုက်ပင်။

တစ်ဦးက စိတ်ကောက်လျှင် တစ်ဦးက ပြန်ချော့
ရင်း ပြေလည်သွားကြရ၏။

နေထက်ကိုကော ပန်းနုသွေးပါ ပျော်ရွှင်ကြည်နူးနေ
ကြ၏။

နေထက်ကိုမှာ ပန်းနုသွေးအပေါ် သဝန်ကိုသည်က
လွဲလျှင် သိပ်ချစ်လွန်းပါ၏။

သဝန်တိုတာ ချစ်လို့ပဲဟု ယူဆပြီး ပန်းနုသွေးမှာ
နေထက်ကိုအား အတိုက်အခံ မပြောဘဲ သည်းညည်းခံ ငြိမ်နေ
တတ်သည်။

"သွားစားစို့"

နေထက်ကိုက ပန်းနုသွေး ခါးကိုဖက်ရင်း ထမင်း
စား စားပွဲရှိရာ လာခဲ့၏။

"စားလို့ရပြီလား ကြီးကြီး"

"အားလုံး အဆင်သင့်ပဲ"

ဒေါ်ဝင်းက ပြောရင်း ထမင်းအုပ်ဆောင်းကို ဖွင့်
လိုက်၏။

ပန်းနုသွေးက နေထက်ကို အတွက် စားကောင်း
အောင် သုပ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဲဥပါးပါးလှီးကာ ဖြူးလိုက်ပြီး မုန့်ကြွပ်ခြောက်များ နိုင်နိုင်ထည့်ထားသော နန်းကြီးသုပ်မှာ နေထက်ကိုအကြိုက်ဖြစ်နေပါ၏။

"အားပါ့ ... အရမ်းစားကောင်းတာပဲ၊ ကြီးကြီးလက်ရာလား"

နေထက်ကို စားရင်း ဒေါ်ပင်းကို မေးလိုက်ပါ၏။

"နုသွေး ချက်တာ"

"ဟာ ... နုသွေးက ဘယ်ဆိုးလို့လဲ တော်လှချည်လား"

"ဆိုးရင် ထောင်ကျသွားမှာပေါ့ ကို"

"ဟုတ်တယ် ... နုသွေး ဆိုးလို့ အခုပဲ ကို့ရဲ့အချစ်ထောင်ထဲ ချထားရတာ"

ရယ်သံလေးများ ပျံ့လွင့်သွားပါ၏။

"တကယ်ပြောတာ နုသွေး သိပ်တော်တာပဲ၊ ကိုယ်မိန်းမရကံကောင်းတယ်နော်"

အိမ်ရှင်မများအတွက် မိမိတို့ ပင်ပင်ပန်းပန်း ချက်ပြုတ်ထားသည်ကို ခင်ပွန်းဖြစ်သူက အားရပါးရစားကာ ချီးမွမ်းပြောဆိုခံရသည်မှာ ဘာနှင့်မှ မတူအောင် ပီတိဖြစ်ရသည်။

"နုသွေးကလည်း ချစ်လို့ ကောင်းကောင်းချက်ကျွေးတာပေါ့ ကို"

"အဲဒီလို အချွဲလေးတွေကြောင့် ကို့မှာ ချစ်နေရတာ"



နေထက်ကိုက ပန်းနုသွေးကို မျက်စိတစ်ဖက်မှိတ်ပြပြီး ပြောလိုက်၏။

"အချွဲလေးတွေ နုသွေး ဘယ်နှယောက် ချွဲပြီးပြီလဲ"

ခင်ပွန်းဖြစ်သူက စချင်၍ ပန်းနုသွေး ရယ်ရင်း ...

"သိပ်မများပါဘူး၊ ကိုနဲ့မှ နှစ်ယောက်တည်း"

ပန်းနုသွေး စကားကြောင့် နေထက်ကို မျက်နှာပျက်သွား၏။

"တစ်ယောက်က ဝင်းနောင်လား"

ဟု ပန်းနုသွေးကို မကြည့်ဘဲ လေသံမာမာဖြင့် နေထက်ကို မေးလိုက်၏။

မိမိက စချင်းကို ခင်ပွန်းဖြစ်သူ သံသယ ဝင်သွားမှန်း ပန်းနုသွေး သိလိုက်၏။

"ဘယ်က ဝင်းနောင် ပါလာရတာလဲ၊ နုသွေးက ကို့ကို စနေတာ"

"စတာ မဟုတ်ဘဲ ရင်ထဲရှိတဲ့အတိုင်း ပြောတာ ဖြစ်ချင်ဖြစ်နေမှာ"

လင်မယားနှစ်ဦး ချစ်ကျီစယ်နေရာမှ အပြုံးများပျောက်ကာ လေသံများလည်း တင်းမာလာ၍ ဒေါ်ဝင်း စိတ်ပူသွား၏။

လင်မယားနှစ်ယောက်မှာ သိပ်ချစ်ကြသည်ကို တွေ့ရ၍ ဝမ်းသာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ပြီး မကြာခင် ခဏ ခဏ ရန်ဖြစ်သံများ ကြားလာရ၏။

ဝင်းနောင် ဆိုသော နာမည်ကိုလည်း ဒေါ်ဝင်း မကြာခဏ ကြားနေရ၏။

လင်မယား တည့်နေချိန်တွင် ကိုရေ နုသွေးရေဖြင့် ပျော်ရွှင်နေသံများ ကြားရ၍ စိတ်ချမ်းသာရသလို ရန်ဖြစ်သံ ကြားရသည့်အခါတွင်လည်း စိတ်ညစ်ရပါ၏။

ယနေ့လည်း ပျော်ပျော်ရွှင်ရွှင် ဖြစ်နေ၍ ကြည်နူး မဆုံးခင်မှာပင် ဝင်းနောင် နာမည် ကြားလိုက်ရ၍ မျက်လုံးပြူး သွားရသည်။

“နုသွေး ပြောရတာ အခါပေါင်းများပြီ ကို၊ ကိုက နုသွေး အပေါ် သံသယဝင်နေတာကို:”

“သံသယ ဖြစ်စရာလေးတွေ တွေ့နေရတာတော့ ထည့်မ ပြောဘူးလား နုသွေး”

“နုသွေးရဲ့အချစ်နဲ့ သစ္စာကိုကော သိက္ခာကိုပါ ကို စော်ကားတာ”

“ကို သံသယမရှိအောင် နုသွေး နေပေါ့”

“နေတာပဲ၊ နုသွေးက သူ့ကို စကားမရှိ စကားရှာပြီး သွားရောနေလို့လား”

“သူ့ဆီ သွားစကားပြောစရာ မလိုဘူးလေ၊ သူက လာ စကားပြောနေတာပဲ၊ ကို လာတိုင်း တွေ့နေတယ်”



“အလုပ်ကိစ္စ ပြောတာပါ”

“အလုပ်ကိစ္စပြောရင်လည်း ကို လာတာနဲ့ ထွက်သွားတာ ဘာသဘောလဲ”

“ဒါတော့ နုသွေးလည်း မသိဘူး၊ သူ့ကို သွားမေးကြည့်ပေါ့”

“သူ့ကို မမေးချင်လို့ နုသွေးကို မေးနေတာ”

“နုသွေးတို့ ရိုးရိုးသားသား ဆက်ဆံတာပါ ကို၊ ကို မကြိုက်မှန်းသိလို့ နုသွေး ပိုရှောင်ပါတယ်”

“ကို့စိတ်ထဲ သံသယရှိလို့ နုသွေးဆီ လာကြည့်တဲ့အခါ တိုင်း ဒီကောင်ကို တွေ့နေရတာ ဘာပြောမလဲ”

“တိုက်ဆိုင်တာပါ”

“တိုက်ပဲ တိုက်ဆိုင်လွန်းတယ်”

“ကို မယုံရင် စုံစမ်းကြည့်ပေါ့”

“စုံစမ်းစရာ မလိုဘူး၊ နုသွေးတို့ ရုံးမှာကို နုသွေးနဲ့ ဒီကောင်ကို ပွစိ ပွစိ ပြောနေကြတာ”

“ဒေစီတို့ ပြောတာလား၊ ဒေစီက နုသွေးကို မနာလိုနေတာ ကို သိသားနဲ့၊ ဒေစီ ပြောတာ ကို ယုံလား”

“ပုပ်ရင်ပေါ် ဟုတ်ရင်ကျော် ဆိုတဲ့ စကားပုံ နုသွေး ကြားဖူးမှာပါ”

“ကို ...”

ပန်းနုသွေး ဒေါသတကြီးဖြင့် အော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးရဲ့သိက္ခာကို မစော်ကားနဲ့"

ပြောရင်း ပန်းနုသွေး ဝမ်းနည်းလာပြီး ငိုမိ၏။ နေထက်ကိုက ပန်းနုသွေး ငိုနေသည်ကို မချော့။

"နုသွေးကို မခွဲချင်လို့ ကို ပြောနေတာ၊ နုသွေး အနေ အထိုင် ဆင်ခြင်ပါ"

"မဆင်ခြင်လို့ နုသွေးက ဘာလုပ်နေလို့လဲ"

အချီအချ စကားများပြီး လေသံ တင်းလာကြသည်။

"ဒီကောင်နဲ့ လက်ဖက်ရည်ဆိုင် တွဲသွားတယ်ဆို ... ဟုတ်လား"

"သဘောရိုးနဲ့ သွားတာပဲ၊ နုသွေး စိတ်ရှင်းတယ် ကို"

"ကို မကြိုက်တာ သိရက်နဲ့ နုသွေး ဒီကောင့်ကို ဆက် ဆံနေလား"

"မဆက်ဆံချင်ရင် အလုပ်က ထွက်မှဖြစ်မှာ"

"ထွက်ပေါ့၊ ကိုတို့ နုသွေးတို့က စားစရာမရှိလို့ အလုပ် ဝင်တာမှ မဟုတ်တာ"

"တစ်နှစ် စာချုပ်ထားတာ၊ တစ်နှစ် မပြည့်သေးလို့ ထွက် လို့ရပါ့မလား"

"ရတယ်"

"ကိုကလည်း ဇွတ်ပဲ"

"အလုပ်က မထွက်နိုင်အောင် သံယောဇဉ်တွေ ငြိနေလို့ လား"



"အထင်နဲ့ မစွပ်စွဲနဲ့ ကို ..."

"အမြင်ဆိုရင်တော့ ဒီကောင့်ကို အသတ်ပဲ"

ပန်းနုသွေးက မျက်ရည်များကို သုတ်လိုက်ပါ၏။

"နုသွေးကို ယုံပါ ကို၊ ကိုယ်မှ နုသွေးကို မယုံရင် ပတ် ဝန်းကျင်က ဘယ်ယုံပါ့မလဲ"

နေထက်ကိုက ပန်းနုသွေးကို ငေးကြည့်လိုက်၏။

စောစောက ရွှင်လန်းနေသော မျက်နှာလေးတွင် မျက်ရည်များဖြင့် ဝမ်းနည်းနေသည်ကို တွေ့ရပါ၏။

နေထက်ကို စိတ်မကောင်း ဖြစ်သွားရ၏။ ချစ်လွန်း၍ ပြောနေမှန်း ပန်းနုသွေး နားလည်စေချင်ပါ၏။

"နုသွေး စိတ်မကောင်း ဖြစ်နေလား"

"စဉ်းစားကြည့်ပေါ့ ကို၊ ကို့ကို နုသွေး ဘယ်လောက်ချစ် တယ်ဆိုတာ ကို သိဖို့ ကောင်းပါတယ်"

"သိပါတယ်"

"သိရဲ့သားနဲ့ ကိုရယ် ... သူက သဘောရိုးနဲ့ ဆက်ဆံ တာပါ"

"ကိုလာတိုင်း နုသွေး နားမှာ သူရှိနေတာကို ဘယ်လို ဘဝင်ကျမလဲ"

"ကို ဘယ်အချိန်လာမယ်ဆိုတာ နုသွေးတောင် မသိဘူး၊ ကိုပြောသလို နုသွေးဆီ သူလာ စကားပြောတာ ကိုနဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးက နေထက်ကိုအား ပြောပြနေလေသည်။

"ကို့ကို နုသွေး မုန်းသွားပြီလား"

"ဒီတစ်သက် မဟုတ်ဘူး၊ ဘဝဆက်တိုင်း ကို့ကို ချစ်နေမှာ"

"ကို့အပေါ် စိတ်ပျက်သွားပြီလား"

"ဘာလို့ ပျက်ရမှာလဲ"

"ကိုလေ ... နုသွေးကို သိပ်ချစ်တယ်"

"နုသွေးကလည်း ကို့လိုပါပဲ"

ပန်းနုသွေး နေထက်ကိုအား စူးစိုက်ကြည့်ပြီး ပြောလိုက်သည်။

"နုသွေး အပေါ် ကို အထင်လွဲအောင် ဒေစီတို့ လုပ်နေသလား မသိဘူး ကို"

"ဒေစီနဲ့ ဘာဆိုင်လို့လဲ"

နေထက်ကိုက ထမင်းစားပွဲမှ ထလိုက်သည်။ ပန်းနုသွေးကို လက်ဆွဲခေါ်ကာ ...

"စိတ်မကောင်းစရာတွေ မေ့ထားလိုက်တော့နော်"

နေထက်ကို စကားကို ပန်းနုသွေး ခေါင်းညိတ်ပြလိုက်ရသည်။

နှစ်ဦးသား ပြေလည်သွားမှ ဒေါ်ဝင်းလည်း သက်ပြင်းချနိုင်ပါ၏။



"ခုရန်ဖြစ်၊ ခုတည့်နဲ့ နှစ်ယောက်စလုံး ကလေးစိတ်တွေ မပျောက်သေးတဲ့ ကလေး လင်မယား"

ဒေါ်ဝင်း နှုတ်မှ မတိုးမကျယ် ပြောလိုက်လေ၏။

ပန်းနုသွေးမှာ နေထက်ကိုက ပြန်ချော့၍ ကျေနပ်သွားရပါတော့၏။

နေထက်ကို ရင်ထဲက သံသယကတော့ ပျောက်မသွားသေးကြောင်း ပန်းနုသွေး မသိပါပေ။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



# ၂၂

"ဟော ... နုသွေး၊ တစ်ယောက်တည်း ပြန်လာတယ်"

နေ့လယ် တစ်နာရီလောက်တွင် ပန်းနုသွေး အိမ်ပြန်လာခဲ့၏။

ဒေါ်ဝင်းက ပန်းနုသွေးကို တွေ့လိုက်ရ၍ အံ့ဩစွာ ပြောလိုက၏။

ပန်းနုသွေးကို ကားဒရိုင်ဘာက ဝင်းနောင် အိမ်အထိ လိုက်ပို့ပေးခဲ့သည်။

အိမ်ထဲသို့ ပန်းနုသွေး မခေါ်သလို၊ ဝင်းနောင်က လည်း အလိုက်တသိ ပြန်သွားပါ၏။

"ဟုတ်တယ် ကြီးကြီး၊ နုသွေး နေမကောင်းလို့"

"ဖျားလို့လား သမီး"

"မဖျားပါဘူး၊ ဒါပေမဲ့ နုသွေး နေရတာ တစ်မျိုးကြီး ရင်တလှပ်လှပ်နဲ့ မူးသလိုပဲ"



"ပင်ပန်းလို့ နေမှာပေါ့"

"မပြောတတ်ဘူး ကြီးကြီး၊ နေ့လယ်က ထမင်းတောင် မစားနိုင်ဘူး"

"မောင်နေထက် သိလား"

"သိတယ်၊ ကိုကတောင် ဘာဖြစ်လို့လဲ မေးသေးတယ်"

ပန်းနုသွေးက ဧည့်ခန်းထဲရှိ သုံးယောက်ထိုင်ဆိုဖာပေါ်တွင် လှဲအိပ်လိုက်၏။

"နုသွေး ပြန်လာတာ မောင်နေထက် သိလား၊ သူက ဘာလို့ လိုက်မပို့တာလဲ"

ဒေါ်ဝင်းက ပန်းနုသွေးကို ကြည့်ပြီး နေထက်ကိုအား အပြစ်တင်သံဖြင့် ပြောလိုက်၏။

"ကို မသိဘူး၊ ကို ပြန်သွားပြီးမှ ဖြစ်တာ"

"ပြန်မလာခင် ဖုန်းမဆက်ကြည့်ဘူးလား"

"ကြည့်တယ်၊ အလုပ်ကိစ္စနဲ့ အပြင်သွားတယ်တဲ့"

"ဪ"

"သမီး အမူးပြေ သံပရာရည် သောက်မလား"

"ဟုတ်ကဲ့"

"အိပ်ခန်းထဲ သွားနားနေလေ၊ ကြီးကြီး လာပို့ပေးမယ်"

ပန်းနုသွေး ထိုင်ရာမှ ထလိုက်၏။

မျက်လုံးထဲတွင် ရိပ်ခနဲဖြစ်ကာ လဲကျမလိုဖြစ်၍ ဒေါ်ဝင်း ဆွဲထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မူးလိုက်တာ ကြီးကြီးရယ်၊ အန်လည်း အန်ချင်တယ်"

ပန်းနုသွေး ပြောရင်း ထိုးအန်ချလိုက်၏။ ဖယောင် ပုဆိုးပေါ်တွင် အန်ဖတ်များ ပြန့်ကျဲသွားပါ၏။

ဒေါ်ဝင်းက ပန်းနုသွေးကို ကြည့်လိုက်၏။ နားထ လေးများချောင်ကာ ဆံစလေးများ ခြောက်နေပါ၏။

မျက်တွင်းများ ကျနေသလို ရင်သားများ ကြီး သည်ကိုလည်း ဒေါ်ဝင်း သတိထားလိုက်မိသည်။

"လာ ... လာ ... အိပ်ခန်းထဲမှာ အကျီလဲပြီး အိပ် လိုက်"

"အန်ဖတ်တွေ နုသွေး သိမ်းဦးမယ်"

"ကြီးကြီး သိမ်းလိုက်ပါ့မယ်"

"အို ... နုသွေး ငရဲကြီးနေပါ့မယ်"

"သမီးမှ နေလို့မကောင်းတာ၊ ကြီးကြီး ခွင့်လွှတ်ပါတယ်"

ဒေါ်ဝင်းက တွဲ၍ ပန်းနုသွေးကို အခန်းထဲ လာခဲ့သည်။

အဝတ်အစား လဲပေးကာ ခုတင်ပေါ်တွင် နား သည်။

"မေမေ့ကို သတိရလိုက်တာ"

"ကြီးကြီး ဖုန်းဆက် ပေးရမလား"

"ဟင့်အင်း ကြီးကြီး"

"အေး ... အေး ..."



ပန်းနုသွေး စိတ်ချမ်းသာစေရန် ပြောလိုက်ရသော်လည်း ဒေါ်ဝင်းက ဒေါ်မာလာထံ ဖုန်းဆက်ကာ အမြဲပြောခဲ့၏။

ပန်းနုသွေးကို ဝင်းနောင် ဆိုသည့် အလုပ်ထဲမှ ယောကျ်ားတစ်ဦးဖြင့် နေထက်ကို ဖွပ်စွဲကာ မကြာခဏ စကားများကြကြောင်းကို ဒေါ်ဝင်းက ဒေါ်မာလာကို ပြောပြလိုက်၏။

ဒေါ်မာလာတို့ကလည်း မသိချင်ဟန်ဆောင်ကာ နေကြသည်။

"နုသွေးအတွက် ကြီးကြီး သံပရာရည် သွားဖျော်လိုက်ဦးမယ်၊ ရှူဆေး ရှူနေပေါ့"

"ဟုတ်ကဲ့"

ပန်းနုသွေး လက်ထဲသို့ ရှူဆေးတောင့်ထည့်ပေးပြီး ဒေါ်ဝင်း ထွက်ခဲ့သည်။

သံပရာရည်ကို ခပ်ချဉ်ချဉ်လေးဖျော်ကာ ပြန်ယူခဲ့၏။

ပန်းနုသွေး မျက်လုံးများ မှိတ်ထားသည်။

"နုသွေး"

ဒေါ်ဝင်း အသံကြားမှ မျက်လုံးဖွင့်ကြည့်လိုက်၏။

"သက်သာလား"

"မူးတုန်းပဲ ကြီးကြီး၊ အန်လည်း အန်ချင်တယ်၊ အန့်တော့လည်း လေပဲထွက်တယ်"

ဒေါ်ဝင်းက ထွေးခံဆီ မျက်စိရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွေးခံထဲတွင်လည်း ဘာမှမတွေ့ရ။

“နုသွေးကို ကြီးကြီးမေးမယ်”

“ဘာများလဲ ကြီးကြီး”

“နုသွေး ဓမ္မတာ မှန်ရဲ့လား”

“ဟင့်အင်း ... ထိန်နေတာ သုံးလလောက်ရှိပြီ”

“ဒါဆို နုသွေး ကိုယ်ဝန်ရှိနေပြီ”

“ရှင်”

ဒေါ်ဝင်း စကားကြောင့် ပန်းနုသွေး အံ့သြသွားလေသည်။

ပန်းနုသွေး မျက်နှာလေး ဝင်းလက်ကာ အံ့သြသွားလေသည်။

ပန်းနုသွေး မျက်နှာလေး ဝင်းလက်ကာ မျက်လုံးလေးများ အရောင်တောက်သွား၏။

“တကယ်လား ကြီးကြီး”

“ကြီးကြီး ထင်တာ၊ ပိုသေချာအောင် ဆရာဝန်သွားပြလား”

“ဟုတ်ကဲ့ ကြီးကြီး”

“ဟော ... အိမ်ရှေ့က ဘဲလ်တီးသံကြားတယ်၊ ဘယ်သူလဲ မသိဘူး၊ မောင်နေထက် ပြန်လာတာ ထင်တယ်”

ပန်းနုသွေးက နာရီကို လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်၏။



“နှစ်နာရီပဲ ရှိသေးတာ မဖြစ်နိုင်ဘူး”

ဒေါ်ဝင်း ထွက်သွားသည်နှင့် ပန်းနုသွေး မှိန်းနေလိုက်၏။

အပြင်ဘက်မှ စကားသံများ ကြားနေရ၍ ပန်းနုသွေး နားစွင့်လိုက်၏။

“နုသွေး ပြန်ရောက်ပြီလား ကြီးကြီး”

“အေးကွယ့်၊ မူးလို့တဲ့ အန်လည်း အန်ထားတယ်”

နေထက်ကိုက ကြမ်းပြင်ကိုကြည့်ပြီး ပြောလိုက်၏။

“ကျွန်တော်လည်း အခုပဲ ပြန်ရောက်တယ်၊ ရောက်ရောက်ချင်း နုသွေး ဖုန်းဆက်တယ်၊ အိမ်ပြန်သွားပြီဆိုလို့ စိုးရိမ်ပြီး ချက်ချင်းပြန်လာတာ”

“မင်းမိန်းမ နေမကောင်းဘူး”

“ဒါကြောင့် နုသွေး ထမင်းမစားနိုင်တာ၊ ကိုယ်ပူ ဘယ်လောက်ရှိလဲဟင်”

“ဖျားတာ မဟုတ်ဘူး”

“ဗျာ”

“မိန်းမတွေ ဖြစ်လေ့ဖြစ်ထ ရှိတာမျိုးပါ”

“ကျွန်တော် နုသွေးဆီ သွားလိုက်ဦးမယ်”

ပန်းနုသွေးအပေါ် နေထက်ကိုက စိုးရိမ်စိတ်ဖြစ်နေမှန်း ပေါ်လွင်နေ၏။

နေထက်ကို အခန်းထဲသို့ လျင်မြန်စွာ ဝင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်တွင် မှိန်းနေသော ပန်းနုသွေးမှာ နေထက်ကို ခြေသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်၏။

"နုသွေး"

"ကို"

"ဘာဖြစ်လို့လဲ နုသွေး၊ ကို စိုးရိမ်လိုက်တာ"

"မူးလို့"

"ပင်ပန်းလို့လား"

"ဟုတ်ဘူး"

"သွေးအားနည်းလို့ထင်တယ်"

"ပြောတတ်ဘူး"

"ဆရာဝန် ပြရအောင်"

"အင်း ..."

"ကို့သူငယ်ချင်းကို ဖုန်းဆက်ခေါ်လိုက်မယ်"

နေထက်ကိုက ပန်းသွေးလက်ကလေးကို ဆုပ်ကိုင်ရင်း တယုတယ ပြောလိုက်၏။

"ကို"

"ပြောလေ ကို၊ ဘာယူပေးရမလဲ"

"ဘာမှ မလိုပါဘူး၊ နုသွေးနားမှာ ကို ရှိနေရင် အားရှိသွားပြီ"

"နုသွေးရယ် ..."

နေထက်ကိုက ဇနီးဖြစ်သူပါးပြင်ကို နမ်းလိုက်ပါ၏။



"ကြီးကြီးက ပြောတယ်"

"ဘာတဲ့လဲ"

ပန်းနုသွေးထံမှ ချက်ချင်းစကားသံ ထွက်မလာ။

သူမျက်နှာဝယ် ပန်းသွေးရောင် လွှမ်းနေပါ၏။

"ပြောလေ နုသွေး၊ ကြီးကြီးက ဘာပြောလဲဟင်"

"ဟို ... နုသွေးမှာ ကလေးရှိနေပြီ ထင်တယ်တဲ့ ကို"

စကားဆုံးသည်နှင့် နေထက်ကို ရင်ခွင်ထဲ ပန်းနုသွေး မျက်နှာလေး ဝှက်ထားလိုက်၏။

"တကယ်လား ... နုသွေး"

နေထက်ကိုက ဝမ်းသာအားရ မေးလိုက်လေသည်။

ပန်းနုသွေး ခေါင်းညိတ်ပြလိုက်၏။

"နုသွေး ဖြစ်နေတာ ကိုယ်ဝန်ရှိရှိတဲ့ ပုံစံပဲတဲ့လေ၊ ပိုသေချာအောင် ဆရာဝန်မေးကြည့်တဲ့"

"ဟာ ... ကို ကလေးအဖေ ဖြစ်တော့မယ်၊ ကို့သူငယ်ချင်းကို မြန်မြန်သွားခေါ်ရမယ်၊ သေချာ မသေချာ သိချင်လှပြီ"

ဝမ်းသာအားရ အသံဖြင့် နေထက်ကို ထွက်သွားပါ၏။

ခင်ပွန်းဖြစ်သူကိုကြည့်ပြီး ပန်းနုသွေးမှာ ဝမ်းသာသွားသည်။

သူတို့တွင် အိမ်ဆည်းလည်းလေး ရတော့မည်မို့ပင်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ခံစားရသည်မှာ ကိုယ်ပန်ကြောင့် ဖြစ်ပါစေဟု ပန်းနုသွေး ဆုတောင်းလိုက်၏။

နေထက်ကို အခန်းထဲ ပြေးဝင်လာခဲ့သည်။

"လာခဲ့မယ်တဲ့ နုသွေး၊ ငြိမ်ငြိမ်လေးနေနော်၊ ဗိုက်ထဲက သားသားလေး နိုးသွားမယ်"

နေထက်ကို စကားကြောင့် ပန်းနုသွေး ရယ်ချင် သွားလေသည်။

"ကိုက နုသွေး ခံစားရတာတွေပြောပြီး ချက်ချင်းလာခဲ့ဖို့ ခေါ်လိုက်တာ ကို့ကို ဖိုးသည်းတဲ့လေ"

ပန်းနုသွေးမှာ နေထက်ကိုအား ကြည့်ပြီး ရယ်လိုက် ၏။

"အားမှလာပါစေ ကိုရယ်"

"ဒီမှာ ကလေးချီချင်လှပြီ"

"ကလေးက ချက်ချင်းချီရမှာ မဟုတ်ဘူးနော်"

"သိပါတယ်ဗျာ"

"ဘဲလ်တီးသံကြားတယ် ကို"

နေထက်ကို ချက်ချင်းထွက်သွား၏။ မကြာခင် ဆရာဝန်နှင့်အတူ ပြန်ဝင်လာ၏။

"ခင်ဗျားယောကျ်ားက တော်တော်သည်းတယ်"

ဟု ရယ်မောပြောဆိုရင်း ပန်းနုသွေးကို စမ်းသပ် ပါ၏။



"မင်းအမျိုးသမီးမှာ စုဘူးရှိနေပြီ"

"ဟား ... ကလေးအဖေ ဖြစ်ပြီကွ"

ဆရာဝန် စကားအဆုံးတွင် နေထက်ကိုက ထခုန် လိုက်၏။

သားဦး အရှူးဆိုသည်မှာ ကလေးကိုပြောခြင်းမဟုတ် ဘဲ မိဘများကို ပြောခြင်း ဖြစ်ပေမည်။

"ငါ အားဆေးထိုးပေးခဲ့မယ်၊ ကိုယ်ဝန်ဆောင် အားဆေး ဝယ်စား"

"ငါ့မိန်းမ စားရမယ့် အားဆေးတွေသာ ရေးပေးခဲ့၊ ဘယ် လောက် ဈေးကြီးကြီး ဝယ်မယ်"

"ကလေး အရမ်းထွားနေမယ်ကွ"

"ထွားပစေ"

"သိပ်ထွားရင် မအေ မွေးရခက်မယ်နော်"

"ဟေ ... ဒါဆို မထွားတထွားဆေး ရေးပေး"

"ဟား ... ဟား"

နေထက်ကိုအား ကြည့်ရှုပြီး ဆရာဝန် ရယ်လိုက် ၏။

ဇနီးဖြစ်သူ ကိုယ်ဝန်ရှိသည်ဆို၍ ပျော်မြူးနေပါ၏။

"ဒီနေ့ကစပြီး နုသွေး ပင်ပင်ပန်းပန်း မလုပ်ရဘူး၊ ကို့ အတွက် သားသားမွေးပေးရမယ်"

"သားလား သမီးလား မသိဘူးနော် ကို"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဆရာဝန်ဆိုတော့ ငါ့မိန်းမ ဘာလေးမွေးမယ် ဆိုတာ သိမှာပေါ့"

"ဟ ... ငါ့မိန်းမတောင် ဘာမွေးမယ်ဆိုတာ ငါမသိတာ၊ မင်းမိန်းမဆို ပိုမသိဘူး နေထက်ကို"

"ဟုတ်သားပဲ"

"နုသွေးက သမီးလိုချင်တယ်"

"ကိုက သားလေးလိုချင်တာ"

"မင်းတို့နှစ်ယောက်စလုံး ဆန္ဒပြည့်သွားအောင် သားတစ်ယောက် သမီးတစ်ယောက် အမြွှာမွေးလေ"

"ဟာ ... အမြွှာဆို ငါ့မိန်းမ ပင်ပန်းမှာပေါ့"

"သိဘူးလေ၊ မင်းတို့ဆန္ဒပြည့်အောင် ပြောတာ၊ ပြီးတော့ ကိုယ်ဝန်ရှိစအချိန်မှာ မင်းတို့ မောင်နှမလို နေကြရမယ် နော်၊ ဒါမှ ကလေးမြဲမှာ"

"ဟာ"

"ငါ့မိန်းမ ရှက်သွားပြီ၊ ခင်း ပြန်တော့"

ဆရာဝန်မှာ ရယ်မောရင်း နှုတ်ဆက်ပြီး ပြန်သွားပါတော့၏။

❋ ❖ ❋



# ( ၂၃ )

"ဟယ် ... ၊ ကို ... ဘာတွေ ဝယ်လာပြန်တာလဲ"

နေထက်ကို လာကြိုသော ကားပေါ်သို့ အတက်တွင် နောက်ခန်း၌ အထုပ်များ တွေ့ရ၍ ပန်းနုသွေး မေးလိုက်၏။

"အိမ်ရောက်တော့ ကြည့်လေ"

"ဆေးတွေတော့ပါမှာ သေချာတယ်"

"မှန်လိုက်လေ"

"နုသွေးဆီမှာ လုံလောက်နေပြီပဲ၊ ကို ဝယ်ထားတာက ဆေးဆိုင်ဖွင့်လို့တောင် ရတယ်"

"နုသွေး အပေါ် ကို ဘယ်လောက်ချစ်တယ် ဆိုတာ နုသွေး သိဖို့ အဓိကပါ"

"သိပါတယ် ကို"

"နုသွေး နေကောင်းရဲ့လား"

"ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုဆီမှ သည်စကားကို နေ့တိုင်းကြားရ၍ ပြန်ဖြေရသော စကားမှာ ကိုယ်ဝန်ရှိမှန်း သိကတည်းက တိုးလာသော စကားနှစ်ခွန်းပါပေ။

"နုသွေး မျက်နှာလေး လန်းတယ်၊ ကိုယ်ဝန်ရှိစက အစားအသောက်လည်း ပျက်တယ်၊ လန်းလည်း မလန်းဘူးနော်"

"ဟုတ်တယ် ကို၊ အခုတော့ စားလို့ကောင်း၊ အိပ်လို့ကောင်းပဲ"

"ကောင်းတာပေါ့"

"ဘယ်ကောင်းမလဲ၊ ဒီလိုသာဆို နုသွေး ဝလာတော့မှာ"

"ဝပစေလေ၊ ကျန်းမာဖို့က အဓိကပဲ"

"နုသွေး ပုံပျက် ပန်းပျက် ဝလာရင် ကို ချစ်ပါဦးမလား"

"ပိုတောင် ချစ်ဦးမှာ"

"ဘာလို့"

"နုသွေးကို ရှိတ်မယ့်သူတွေ မရှိတော့မှ ကို စိတ်ချမ်းသာရမှာ"

"ကိုရယ်"

"ကိုချစ်တာ နုသွေးရဲ့ အလှအပကို မဟုတ်ဘူး၊ နုသွေးရဲ့ နှလုံးသား၊ နုသွေးရဲ့ ပြုမူလှုပ်ရှားပုံလေးတွေကို ချစ်တာ၊ ဝတာ ပိန်တာပဲ ပြောင်းသွားမှာပေါ့၊ နုသွေး စိတ်က ပြောင်းသွားတာမှ မဟုတ်တာ"



ခင်ပွန်းဖြစ်သူ စကားကြောင့် ပန်းနုသွေး ရင်ထဲတွင် ကြည်နူးမှု လှိုင်းလေးများ ဖြစ်ပေါ်သွားရသည်။

"ဒီနေ့ညနေ နုသွေး ကိုယ်ဝန်သွားပြရမှာနော်"

"ဟယ် ... ဟုတ်ပါရဲ့၊ နုသွေး မေ့နေတယ်"

အိမ်ရောက်၍ ကားပေါ်မှ အဆင်းတွင် နေထက်ကို စကားကို ပန်းနုသွေး ပြန်ဖြေလိုက်၏။

"နုသွေးပါ သယ်ပေးမယ် ကို"

"နေနေ၊ နုသွေး အိပ်ခန်းထဲ သွားနား"

"ရပါတယ်"

"ကိုယ်ဝန်ရှိတုန်း အလေးအပင် မ,မရဘူးလေ"

"လေးမှ မလေးတာ"

"မသယ်ရပါဘူးဆို၊ နုသွေး လှုပ်လှုပ်ရှားရှား လုပ်တာနဲ့ ဗိုက်ထဲက အိပ်နေတဲ့ သားလေး နိုးသွားမယ်"

"ကိုရယ် ..."

နေထက်ကိုအား သည်မျှချစ်လိမ့်မည်ဟု ပန်းနုသွေး မထင်ခဲ့။

တချို့ယောက်ျားများမှာ ချစ်သူဘဝတွင်သာ ကြင်နာယုယတတ်ကြ၏။

နေထက်ကိုကတော့ ချစ်သူဘဝကထက် ပို၍ယုယ ကြင်နာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ အဆင်ပြေ၍ စိတ်ချမ်းသာစွာ နေ
ကြသော မိမိတို့၏ အိမ်ထောင်ရေးကြားတွင် ပြဿနာမဖြစ်
အောင် ပန်းနုသွေး ဆင်ခြင်ပါ၏။

ကိုယ်ဝန်ရှိကတည်းက နေထက်ကို၏ မိမိအပေါ်
ထားသော သံသယမှာ လျော့နည်းသွား၍ ပန်းနုသွေး စိတ်ချမ်းသာ
ရ၏။

နေထက်ကိုက ပစ္စည်းများကို ပန်းနုသွေးရှိရာ ခုတင်
ပေါ်တွင် စုပုံပေးလိုက်ပါ၏။

"အိပ်ရင်းနဲ့ ပစ္စည်းတွေ ကြည့်လေ၊ ဆရာဝန်နဲ့ သွားပြ
ရဦးမှာဆိုတော့ နားရင်းကြည့်ပေါ့"

ပန်းနုသွေးက ဗိုက်ကို ငုံ့ကြည့်လိုက်၏။ အပျို့ဗိုက်
မို့ ခုနစ်လကျော်သော်လည်း မသိသာလှ။

ပန်းနုသွေး ကိုယ်ဝန်ကို သားဖွားမီးယပ်ပါရဂူ
ဒေါက်တာဒေါ်ခင်စောလှဖြင့် အပ်ထားပါ၏။

တစ်ပတ်တစ်ခါ သွားရသလို နှစ်ပတ်တစ်ခါလည်း
ဖြစ်တတ်သည်။

ရက်ချိန်းအတိုင်း နေထက်ကိုက မှန်မှန်သွားပြပါ
၏။

"လင်မယားနှစ်ယောက် ဘာတွေ ဝယ်လာပြန်လဲ"

ခုတင်ပေါ်တွင် စုပုံထားသော ပစ္စည်းများကို ကြည့်
ပြီး ဒေါ်ဝင်း မေးလိုက်၏။



ပန်းနုသွေးက နေထက်ကိုအား မေးငေါ့ပြလိုက်
သည်။

"ကို ဝယ်လာတာတွေ၊ ဘာတွေလဲဆိုတာ နုသွေးတောင်
မသိပါဘူး"

ပန်းနုသွေးက ဒေါ်ဝင်း စကားကို ပြန်ဖြေရင်း
ဒေါ်ဝင်းပေးသော သံပရာရည်ကို နေထက်ကိုအား လှမ်းပေးလိုက်
သည်။

ပြီးမှ သူမအတွက် တစ်ခွက်ယူသောက်လိုက်ပါ၏။

"ဟယ် ... ဗိုက်ဖုံးအင်္ကျီလေးတွေ လှလိုက်တာ"

ပန်းနုသွေး ဝမ်းသာအားရ ပြောလိုက်၏။

"ဟုတ်ပါ့၊ ဝယ်လာတာ အများကြီးပဲ"

ဒေါ်ဝင်းက ခုတင်တွင် ဝင်ထိုင်ကာ ပစ္စည်းများကို
ထုတ်ကြည့်ပြီး ပြောလိုက်လေသည်။

"အရောင်လေးတွေကော ပုံလေးတွေပါ လှပါတယ်၊ မောင်
နေထက်ကိုက ဝယ်တတ်သားပဲ"

"ကျွန်တော့်မိန်းမက အသားဖြူတော့ ဘာဝတ်ဝတ်လှမှာ
ကြီးကြီးရ"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်တတ်တာပေါ့"

"ကို ဘယ်သူနဲ့ သွားဝယ်တာလဲ"

"ကို တစ်ယောက်တည်း၊ ကို ဝယ်လာတာ ကြိုက်တယ်
မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကိုယ့်မိန်းမအကြိုက် သိနေတယ်လေ"

နေထက်ကိုက ပန်းနုသွေး ပါးပြင်ကို မချင့်မရဲဖြ ပြီး မနာအောင် ဆွဲလိုက်၏။

ဒေါ်ဝင်းလည်း ပျော်နေပါ၏။ လင်မယားနှစ်ယော ရန်ဖြစ်သံ မကြားရဘဲ ချစ်ခင်နေခြင်းက ဒေါ်ဝင်းတို့လည်း စိတ် ချမ်းသာစေသည်သာ။

"ကြည့်ပါဦး ကြီးကြီး၊ နုသွေးနဲ့ ဗိုက်ဖုံးအင်္ကျီနဲ့ လှတ နော်"

"လှပါတယ်"

"ကိုယ်ဝန်ရှိမှ နုသွေး မျက်နှာလေး ပိုနုပြီး ပိုလှလာတ နော်"

"မျက်နှာနုပြီး ချောနေရင် မိန်းကလေး မွေးတတ်တယ်"

"ဟုတ်လား"

"ယောကျာ်းလေးမွေးမယ့် မျက်နှာက ရင့်တယ်"

"ဟယ် ... ဝမ်းသာလိုက်တာ၊ ဒါဆို နုသွေး မိန်းကလေ မွေးမှာပေါ့နော် ကြီးကြီး"

"ကျွန်တော်က ယောကျာ်းလေး လိုချင်တာ"

"မိန်းကလေးဖြစ်ဖို့ များတယ်၊ ကိုယ်ဝန်ရှိမှ မင်းမိန် ပိုပြီး အချဉ်အစပ် စားတယ်၊ မျက်နှာလည်း ပိုပိုနု တယ်"



"ဒါတော့ ကျွန်တော် မယုံဘူး၊ မျက်နှာနုပြီး ယောကျာ်းလေးမွေးတာ ရှိသလို မျက်နှာရင့်ပြီး မိန်းကလေးမွေးတာလည်း ရှိတာပဲ ကြီးကြီး"

"ဖြစ်တတ်တာကို ကြီးကြီး ပြောတာပါ၊ ဘာမွေးမယ်ဆိုတာတော့ မွေးလာမှပဲ သိမှာပဲလေ"

"ဟုတ်ပါတယ်၊ ဘာလေးမွေးမွေး ချစ်ရမှာပဲ၊ ကိုယ့်ရင်သွေးပဲလေ ... နော် နုသွေး"

"ဒါပေါ့ ကို"

"ကိုကတော့ နုသွေးကို ပိုချစ်လို့ နုသွေးလိုချင်တဲ့ သမီးဖြစ်ပါစေ ဆုတောင်းပေးမယ်"

"နုသွေးကလည်း ကို လိုချင်တဲ့ ယောကျာ်းလေး ဖြစ်ပါစေ ဆုတောင်းပေးမှာပေါ့"

နှစ်ဦးသားစကားကို နားထောင်ပြီး ဒေါ်ဝင်း ရယ်လိုက်ရင်း ...

"ဒီလို ဆုမတောင်းကြနဲ့လေ"

"ဘာဖြစ်လို့လဲ ကြီးကြီး"

"ဘုရား မျက်စိလည်ပြီး လင်မယားနှစ်ယောက်စလုံး ဆန္ဒပြည့်အောင် မိန်းမခြောက်လ ယောကျာ်းခြောက်လ ဖြစ်စေဆိုမှ ဆွေးရမယ်"

"ဟယ် ... ဟုတ်ပါရဲ့၊ ကြီးကြီး ပြောသလို ဖြစ်နေရင် ဒုက္ခ၊ ဘာမှ ဆုမတောင်းနဲ့တော့ ကိုရေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ကိုယ်ဝယ်လာတဲ့ မိုက်ဖုံးတစ်ထည် ဝတ်ပါဦး"

ပန်းနုသွေးက ပန်းခရမ်းပေါ်တွင် နိုင်ငံခြားဇာဖြင့် အထပ်ထပ်ချုပ်ထားသော မိုက်ဖုံးအင်္ကျီလေးကို ဝတ်လိုက်၏။

"အားပါး ... လှမှလှ၊ ကိုယ့်မိန်းမကိုယ် ပြန်မေးဦးမယ်"

နေထက်ကို စကားနှင့်အတူ ပန်းနုသွေးထံမှ မျက်စောင်းလေး အလိုလို ရောက်လာလေသည်။

"ပိုပြီ"

"ဟာကယ်ပါ၊ တချို့မိန်းမတွေ ကိုယ်ဝန်ဆောင်ထား နုသွေးလို မလှကြဘူး၊ နုသွေးက ကိုယ်ဝန်နဲ့ ပိုလှ နော် ကြီးကြီး"

"နုသွေးကို အမြဲ ကိုယ်ဝန်ပေးဆောင်ထားတော့ သား

သူတို့လင်မယားကို ကြည့်ပြီး ပျော်လာ၍ ဒေါ် ပြောလိုက်၏။

"စိတ်ချ ကြီးကြီး၊ နုသွေးက ကိုယ်ဝန်နဲ့လှကော့ စ ထုတ်သလား ထင်ရအောင် အမြဲ ကိုယ်ဝန်ပေးထား

"သွား ... ကို ညစ်ပတ်တယ်"

"ဟား ... ဟား"

ရယ်သံလေးများ ပျံ့လွင့်သွားပါ၏။

"ဒါတွေက ဘာတွေလဲ ကို"



ပန်းနုသွေးက တခြားပစ္စည်းများကို ဖွင့်မကြည့်သေး မေးလိုက်သည်။

"ကလေး ကစားစရာတွေလေ"

"များလိုက်တာ၊ ကလေးက အပြင်တောင် မရောက်သေးဘူး"

"ဒါတောင် အားမရသေးဘူး၊ မွေးပြီးမှ ထပ်ဝယ်ရမယ်"

"မမြင်ရသေးတဲ့ ကိုယ့်သားသမီးကိုတောင် နုသွေးတို့ချစ်နေရင် နုသွေးတို့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ မိဘတွေကလည်း နုသွေးတို့ကို ချစ်မှာပဲနော်"

"ဒါပေါ့ နုသွေး၊ မိဘမေတ္တာကို ဘာနဲ့မှ မလဲနိုင်ဘူးတဲ့"

"မိဘမေတ္တာကို သားသမီးရပြီး မိဘဖြစ်လာမှ နားလည်တတ်ကြတာကွယ့်"

ဒေါ်ဝင်းက လင်မယားနှစ်ယောက်ကို ကြည့်ပြီး ပြောလိုက်၏။

"ဟုတ်တယ် ကြီးကြီး၊ မမြင်ရသေးတဲ့ ရင်သွေးကို ကျွန်တော်တို့ သိပ်ချစ်နေတာ၊ မိဘတွေရဲ့ မေတ္တာကို ကျွန်တော်တို့ နားလည်ခံစားတတ်လာပြီ"

"ကောင်းတာပေါ့ကွယ်၊ မိဘတွေ သိရင်လည်း ဝမ်းသာကြမှာပေါ့"

ဒေါ်ဝင်းက လူငယ်နှစ်ဦးကို ကြည့်ပြီး ဆုံးမနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားကို ကြီးကြီး ပြောချင်တယ်"

"ပြောပါ ကြီးကြီး"

"ကလေးပစ္စည်းတွေ ထပ်မဝယ်နဲ့ဦး"

"ဘာဖြစ်လို့လဲ ကြီးကြီး"

"သမီးတို့က လူငယ်တွေမို့ အတွေ့အကြုံမရှိလို့မသိကြတာ၊ ရှေးလူကြီးတွေ အယူရှိတယ်"

"ဘာအယူလဲ ကြီးကြီး"

"ကလေး မျက်နှာမမြင်ခင် ကလေးပစ္စည်းတွေ မစုဆောင်းရဘူး"

"ဟုတ်လား"

"ကြိုပြီး စုဆောင်းထားရင် ကလေးမှာ အန္တရာယ်ဖြစ်တတ်တယ်"

"ဒါဆို အခု ဝယ်ထားတာတွေ ဘာလုပ်ရမလဲ ကြီးကြီး"

ပန်းနုသွေးက စိုးရိမ်စွာဖြင့် မေးလိုက်လေသည်။

"မသိလို့ ဝယ်ထားတာပဲ၊ ကလေးအတွက် မဟုတ်ဘူး၊ သားနဲ့ သမီးတို့ပျင်းရင် ဆော့ဖို့လို့ သဘောထားလိုက်လေ"

သည်တော့မှ ပန်းနုသွေး စိတ်သက်သာ ရသွား၏။

ကိုးလကျော် ဆယ်လနီးပါး လွယ်ထားရပြီးမှ မိခင်သွေးများ ဖိတ်စဉ်သွားမည်ကို မိဘတိုင်းက စိုးရိမ်တတ်ကြ၏။



"တချို့က ခုနစ်လကျော်ပြီးရင် ကလေးပစ္စည်း စုထားကြတယ်၊ ခုနစ်လနဲ့ မွေးနိုင်တာကိုး၊ အဲဒီလိုပဲ သဘောထားလိုက်ပေါ့"

"ရှေးကျတဲ့ လူကြီးတွေဆို ဘာမှမဝယ်ထားဘူး၊ ကလေးမျက်နှာမြင်မှ ဝယ်ကြတာ"

ဒေါ်ဝင်း စကားများက မိမိတို့အတွက် ပညာတိုးစေပါ၏။

ပန်းနုသွေး ဗိုက်ကိုဖိပြီး မျက်နှာရှုံ့မဲ့သွားလေသည်။

"ဘာဖြစ်လို့လဲ နုသွေး"

"ဗိုက်ထဲက အောင့်သွားလို့"

"ကလေး ကိုယ်လက်လှုပ်တာပါ"

ဒေါ်ဝင်းက ပန်းနုသွေးကို ပြောလိုက်၏။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၂၄ )

"ကိုနေထက်ကို"

ခေါ်သံကြောင့် အလုပ် လုပ်နေရာမှ နေထက်ကို မော့ကြည့်လိုက်၏။

"ဒေဇီပါလား"

ပန်းနုသွေးတို့ရုံးမှ ပန်းနုသွေးကို ပြိုင်နေသော ဒေဇီ ဖြစ်နေပါ၏။

"ဟုတ်တယ် ... ဒေဇီ သူငယ်ချင်းဆီလာရင်း ကိုနေထက်ကိုကို တွေ့လို့ လာခဲ့တာ"

"ဪ ... ဒေဇီ့သူငယ်ချင်းက ဘယ်သူလဲ"

"အေမီပါ"

"အေမီ ဒီနေ့ ရုံးမလာဘူး"

"ဟုတ်တယ် ... အေမီ မရှိမှန်းသိတော့ လာရတာ မောသွားတာပဲ၊ ကိုနေထက်ကို့ကို တွေ့လိုက်လို့ အမောပြေလာထိုင်တာ"



"ထိုင်ပါ ဒေဇီ"

ဒေဇီ့ကို ပြောပြီး နေထက်ကို အလုပ်တွေ ဆက်လုပ်နေလိုက်၏။

ဒေဇီမှာ နေထက်ကို၏ အမူအရာကြောင့် ခံပြင်းသွားမိ၏။

"ကိုနေထက်ကို"

"ဗျာ ..."

"လာလည်တဲ့ ဧည့်သည်ကို စကားလေးတောင် မပြောတော့ဘူးလား"

"ဆောရီးဗျာ၊ ကျွန်တော် အလုပ်လေးတွေ မပြီးသေးလို့ လုပ်နေတာပါ"

တကယ်တော့ နေထက်ကိုက ဒေဇီကို စကားမပြောချင်၍ အလုပ်မအားဟန် ဆောင်နေခြင်းပင်။

"ဒေဇီက ကိုနေထက်ကို့ကို ပြောသင့် မပြောသင့် စဉ်းစားနေတာ"

"ဘာများလဲ ဒေဇီ"

"ကိုနေထက်ကိုနဲ့ ဆိုင်တဲ့အကြောင်းပေါ့"

ဒေဇီ စကားကြောင့် နေထက်ကို မျက်လုံးပင့်ကာ ဒေဇီကိုကြည့်ပြီး ...

"ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေစီ့ စကားကြောင့် လင်မယား ရန်ဖြစ်နေဦးမယ်၊ မပြောတာဘဲ ကောင်းပါတယ် တခြားစကား ပြောကြရအောင်

နေထက်ကိုမှာ ဒေစီ့စကားကို သိချင်နေမိ၏။

"မဖြစ်ပါဘူး ဒေစီ၊ ကျွန်တော် သိထားသင့်တာပေါ့ဗျာ"

"ဒေစီကလည်း စေတနာနဲ့ ပြောမှာနော်၊ ကိုနေထက်ကို ရင်ထဲမှာပဲ ထားနော်၊ ပန်းနုသွေးကို ပြန်မမေးနဲ့"

ဒေစီကိုကြည့်ပြီး ရင်ထိတ်စွာဖြင့် နေထက်ကို ခေါင်းညိတ်ပြလိုက်၏။

"ဒေစီတို့ သိနေတာ ကြာပြီ၊ ကိုနေထက်ကို,ကို သတိပေးဖို့ ကြံပေမယ့် ကြားသုံးကြား မဝင်ရဲလို့ မပြောဖြစ်တာ"

"ကြားသုံးကြားဆိုတာ ဘာကိုဆိုလိုတာလဲ ဒေစီ"

နေထက်ကို နားမလည်၍ ဒေစီကို မေးလိုက်၏။

"လင်မယားကြား၊ သမီးရည်းစားကြား၊ မိဘမောင်နှမကြားကိုပါ၊ ဘယ်တော့မှ ဝင်အမုန်းမခံနဲ့တဲ့၊ ကိုယ်က စေတနာနဲ့ ပြောပေမယ့် သူတို့ချင်း ပြန်တည့်သွားရင် ကိုယ့်ကိုပဲ အမုန်းပွားတတ်တယ်တဲ့လေ"

ဒေစီက အမူအရာ ကောင်းကောင်းဖြင့် ပြောနေလေသည်။



"ကျွန်တော်ကို စေတနာနဲ့ ပြောတာပဲ၊ အမုန်းမဖြစ်ပါဘူး ဒေစီ၊ နုသွေးအကြောင်း ဘာကြားလို့လဲ"

"ကြားတာထက် မြင်နေရတာဆို ပိုမှန်ပါတယ်"

"ဗျာ"

"ပန်းနုသွေးကို လုံးဝ ပြန်မမေးရဘူးနော်"

"ပြောမှာသာ ပြောစမ်းပါဗျာ"

နေထက်ကိုမှာ ဒေစီကိုကြည့်ပြီး စိတ်မရှည်တော့။

"ပန်းနုသွေးက ကိုဝင်းနောင်နဲ့ သိပ်တွဲနေတယ်၊ ရုံးမှာဆို တပူးတွဲတွဲ လုပ်နေတာ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်၊ ကိုနေထက်ကို မလာခင် သူတို့ တတွဲတွဲပေါ့၊ ကိုဝင်းနောင်ကလည်း ပန်းနုသွေး စားဖို့ဆိုပြီး ပန်းသီးတွေ လိမ္မော်သီးတွေ အမြဲဝယ်လာပေးတယ်"

ဒေစီ့ စကားကြောင့် နေထက်ကို မျက်စိထဲမြင်ယောင်လာသည်။

ရုံးဆင်းတိုင်း ပန်းနုသွေး ခြင်းထဲတွင် ပန်းသီးဖြစ်စေ၊ လိမ္မော်သီးဖြစ်စေ ဆယ်လုံးထက်မနည်း ပါလာတတ်၏။

နေထက်ကိုက မေးသောအခါ ပန်းနုသွေးက သူငယ်ချင်းတစ်ဦးကို ပိုက်ဆံပေး၍မှာကြောင်း ကိုယ်ဝန်နှင့်မို့ အသီးအနှံများကို ချဉ်ခြင်းဖြစ်မိ၍ ဝယ်ကြောင်း ပြောဖူးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... နုသွေး ငါ့ကို ညာတယ်၊ ဒေစီ ပြောသလို ဝင်းနောင် ဝယ်ပေးတာတွေ သယ်လာတာကိုး"

ဒေစီ စကားကို နေထက်ကို ယုံသွားမိ၏။

တကယ်တော့ ပန်းနုသွေးက ပိုက်ဆံပေး၍ ဝင်းနောင်ကို မှာခြင်းဖြစ်၏။

အသီးအနှံများရောင်းသော နေရာနှင့် ဝင်းနောင်အိမ် မှာနီး၍ ဝင်းနောင်ကလည်း ပန်းနုသွေးပေးသော ပိုက်ဆံကိုယူကာ ဝယ်လာပေးခြင်းပင်။

မိမိစကားကြောင့် ငေးငိုင်သွားသော နေထက်ကို အားကြည့်ပြီး ဒေစီ ပြုံးလိုက်ပါ၏။

"နုသွေး ကိုယ်ဝန်တောင် ရှစ်လတောင်ရှိနေပြီ၊ ကျွန်တော့်ကိုလည်း သိပ်ချစ်တာ၊ နုသွေး သစ္စာမဲ့ဘူးလို့ ကျွန်တော် ယူဆထားတယ်"

"ဒါတော့ ကိုနေထက်ကို စဉ်းစားပေါ့၊ ဒေစီက အမြင်ကို ဝင်ပြောပြတာ၊ ပန်းနုသွေး ကိုယ်ဝန်ရှိစက ရုံးကနေ အိမ်ပြန်တော့ ကိုဝင်းနောင်ပဲ ကားငှားပြီး လိုက်ပို့ပေးတာကော ရှင် သိလား"

ဒေစီက အောင်နိုင်သူအပြုံးဖြင့် မေးလိုက်၏။

"ဟင့်အင်း ... မသိဘူး"

"ဒါပေါ့၊ ပန်းနုသွေးသာ ရိုးသားရင် သူ့ကို ကိုဝင်းနောင် လိုက်ပို့ပေးတာ ပြောရမှာပေါ့"



"ဟုတ်တယ်"

ဒေစီ့စကားကို နေထက်ကို ထောက်ခံစွာ ပြောလိုက်၏။

ပန်းနုသွေး အပေါ်တွင်လည်း အထင်လွဲသွားရသည်။

"နုသွေး ငါ့ကို လိမ်တယ်၊ ငါကလည်း သူ့ကို ချစ်လွန်းလို့ ယုံထားမိတယ်"

"ကိုနေထက်ကို မလာမုန်းသိတဲ့ အချိန်တွေမှာ နှစ်ယောက်သား စကားပြောကြတော့တာပဲ၊ ဘာတွေပြောလဲ ဆိုတာတော့ ဒေစီ မကြားဘူး"

ဒေစီ စကားကို နားထောင်ပြီး နေထက်ကိုမှာ ပန်းနုသွေးအပေါ် နာကြည်းလာမိ၏။

"ပန်းနုသွေးရဲ့ စိတ်ကို ဒေစီ အံ့သြမိတယ်၊ ကိုယ့်အပေါ် သိပ်ချစ်တဲ့ယောကျ်ား ရှိသားနဲ့ သူစိမ်းယောကျ်ားလေးနဲ့ တွဲနေတာကို"

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ဒေစီ"

နေထက်ကို ရင်ထဲ ပူလောင်နေလေသည်။

"ဒေစီလည်း ပြန်တော့မယ်"

"ဟုတ်ကဲ့"

"ဒေစီ ပြောတာ မယုံရင် ကိုနေထက်ကို ရုံးကိုလိုက်ခဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကိုမှာ ဒေစီ့ စကားကြောင့် တွေဝေသွားလေသည်။

ဒေစီက လက်မှနာရီကို ကြည့်ပြီး ...

"ဒီအချိန်ဆို သူတို့ ထိုင်စကားပြောရင် ပြောမယ်၊ လက်ဖက်ရည်ဆိုင် တွဲဆင်းရင် ဆင်းနေလိမ့်မယ်"

နေထက်ကိုအား မသိမသာကြည့်ပြီး ဒေစီ ပြောလိုက်၏။

ပန်းနုသွေးမှာ ကိုယ်ဝန်ရှိမှ ခဏ ခဏ ဆာတတ်တာ လက်ဖက်ရည်ဆိုင်တွင် မုန့်ဆင်းစားတတ်သည်။

ပန်းနုသွေးနှင့်အတူ ဝင်းနောင်ကလည်း လက်ဖက်ရည် သွားသောက်တတ်၏။

မိမိတွင် ကိုယ်ဝန်လွယ်ထားပြီး ကလေးအမေဖြစ်တော့မည်မို့ ပန်းနုသွေးက ဝင်းနောင်ကို မိတ်ဆွေ တစ်ယောက်လိုသာ ဆက်ဆံခဲ့၏။

ဒါကြောင့်လည်း ဝင်းနောင်က လက်ဖက်ရည်သောက် လိုက်သည်ကို ပန်းနုသွေး မတားမိ။

"လိုက်မလား ကိုနေထက်ကို၊ ကိုယ်လာမယ် မပြောထား တော့ သူ ဘာလုပ်တယ်ဆိုတာ ပိုလေ့လာနိုင်တာပေါ့"

"လိုက်ခဲ့မယ်ဗျာ"



ဒေစီ ရင်ထဲမှကျိတ်ပြုံးလိုက်၏။

မိမိအပေါ် အနိုင်ယူခဲ့သော ပန်းနုသွေးကို အလဲထိုးနိုင်ပြီမို့ ကျေနပ်သွားလေသည်။

"ဒေစီနဲ့ ပါလာတာ ပန်းနုသွေး မသိစေနဲ့နော်"

ထိုအချိန်တွင် ဝင်းနောင်က ပန်နုသွေးရှိရာ စားပွဲသို့ လာထိုင်ရင်း ပန်းသီးနှင့် လိမ္မော်သီးကို ပေးလိုက်၏။

"နုသွေး မှာလိုက်တာ ပန်းသီးပဲ၊ လိမ္မော်သီး မပါဘူးလေ ကိုဝင်းနောင်"

"လိမ္မော်သီးက ကျွန်တော် ပေးတာပါ"

"ဟာ ... မယူချင်ပါဘူး"

"ကျွန်တော်က နုသွေးကို နှမလေးတစ်ယောက်လို ခင်ပြီး ကျွေးချင်တဲ့ စေတနာပါ"

"ကိုဝင်းနောင် စေတနာကို နုသွေး နားလည်ပါတယ်၊ ဒါပေမဲ့ မယူချင်ဘူး"

"ယူပါ နုသွေး"

"ဒါဆို ပိုက်ဆံပေးမယ်၊ ကိုဝင်းနောင် လက်ခံပါ"

"လိမ္မော်သီးဖိုး နောက်တစ်ခါမှပေး၊ ဒီတစ်ခါတော့ ကျွန်တော် ပေးတာ"

"မရဘူး ... လိမ္မော်သီးဖိုးယူ"

ပန်းနုသွေး တစ်ရာတန် တစ်ရွက်ကို ပေးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းနောင်က ပန်းနုသွေး ပေးသော ပိုက်ဆံ ပန်းနုသွေးလက်ထဲ ပြန်ထည့်ပေးနေစဉ် နေထက်ကို ရောက်လာခဲ့၏။

နေထက်ကိုမှာ ပန်းနုသွေးနှင့် ဝင်းနောင်တို့ကို တွေ့လိုက်ရသည်နှင့်ပင် ဒေါပွနေလေသည်။

"တစ်ယောက်လက် တစ်ယောက် ဆွဲတဲ့အဆင့်ကိုတော ရောက်နေကြမှကိုး"

"ဟင် ... ကို"

စားပွဲပေါ်တွင်လည်း အသီးအနှံများကို တွေ့လိုက်ရပါသည်။

"တစ်လောကလုံးမှာ သူဝယ်လာတဲ့ အသီးအနှံပဲ မင် စားဖို့ စိတ်ကူးထားလား နုသွေး"

"ကို ... ဘာတွေပြောနေတာလဲ၊ တစ်ဖက်သားကို အားနာ ဖို့ကောင်းနေပြီ"

"ဩော် ... အားနာတယ် ဟုတ်လား၊ အားနာရမှာပေါ့ လေ"

"ကိုနေထက်ကို အထင်လွဲနေတာပါ၊ ကျွန်တော်တို့က မိတ်ဆွေတွေလို ခင်မင်တာပါဗျာ"

ဝင်းနောင်က နေထက်ကိုအား ပြေလည်စွာ ဝင်ရှင်း နေလေသည်။



"ခင်ဗျား ဘာမှမပြောနဲ့၊ ခင်ဗျားတို့စကား နားထောင်ဖို့ လာတာမဟုတ်ဘူး၊ ခင်ဗျားတို့ အခြေအနေကို လာကြည့်တာ"

နေထက်ကို အသံကျယ်၍ ရုံးထဲမှလူများ ဝိုင်းကြည့်နေကြ၏။

"မဟုတ်တာ မစွပ်စွဲနဲ့ ကို၊ နုသွေးတို့က သိက္ခာကိုအပွန်း မခံနိုင်ဘူး"

"သိက္ခာရှိရှိ ဖောက်ပြန်တာပေါ့လေ"

"အပိုတွေ မပြောနဲ့၊ လာ ... အိမ်ပြန်မယ်"

ပန်းနုသွေးက ခြင်းတောင်းထဲသို့ အသီးအနှံများ ထည့်ကာ ထိုင်ရာမှထပြီး ပြောလိုက်၏။

"ဒီအသီးတွေ ငါ့အိမ် သယ်မလာနဲ့"

နေထက်ကိုက ခြင်းတောင်းထဲမှ အသီးများကို လွှင့်ပစ်ရင်း ပြောလိုက်၏။

ပန်းနုသွေးမှာ ရုံးသူရုံးသားများရှေ့တွင် နေထက်ကို သောင်းကျန်း၍ ဒေါပွနေသည်။

"ဒီအသီးတွေက နုသွေးအတွက် ဝယ်လာတာပဲ"

ပန်းနုသွေးက ကျသွားသော အသီးများကိုကောက် ပြီး ရုံးထဲမှထွက်ကာ ကားပေါ်တက်ထိုင်လိုက်၏။

နေထက်ကို၏ လုပ်ရပ်ကြောင့် ဒေါသလည်းဖြစ် ရှက်လည်း ရှက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နေထက်ကို ကားပေါ်တက်ကာ တံခါးကို ဆောင့်ပိတ်လိုက်၏။

ကားကို အရှိန်များစွာဖြင့် မောင်းလာခဲ့ပါ၏။

ပန်းနုသွေးကလည်း မတား။

ဖြစ်ချင်ရာဖြစ် လွှတ်ထားလိုက်၏။

ကားအရှိန်များပြီး တိုက်ကာ သေသွားလည်း ပြီးတာပဲဆိုသည့် စိတ်ဖြင့် ငြိမ်နေလိုက်ပါ၏။

နေထက်ကိုကော ပန်းနုသွေးပါ စကားမပြောကြ

အိမ်ရောက်၍ ဧည့်ခန်းထဲ ဝင်သည်နှင့် နေထက်ကက ...

"ပြောစမ်း ... မင်း ဒီလိုပဲ ငါ့ကို လှည့်စားနေမှာလား"

"ဘာလှည့်စားလို့လဲ"

နေထက်ကို အော်ပြီး ပြောသလို ပန်းနုသွေးကလည်း အော်ပြောလိုက်၏။

"ဝင်းနောင်နဲ့ မင်းရဲ့ဆက်ဆံရေးကို မေးနေတာ"

"မိတ်ဆွေတွေလိုပဲ ဆက်ဆံတာ၊ နုသွေးတို့ ဆက်ဆံရေးသန့်တယ်"

ပန်းနုသွေးကလည်း လေသံမာမာဖြင့်ပင် ပြောလိုက်၏။

မီးဖိုထဲမှ ဒေါ်ဝင်းက စကားများသံကြား၍ စိတ်ညစ်သွားလေသည်။



"ရန်ဖြစ်ကြပြန်ပြီ"

ဟု ညည်းရင်း အခြေအနေကို အကဲခတ်နေပါ၏။

"ဆက်ဆံရေးသန့်လို့ အသီးအနှံတွေ ဝယ်ကျွေးနေတာပေါ့"

"ဝယ်ကျွေးတာ မဟုတ်ဘူး၊ ဝယ်ပေးတာ"

"ဘာကွ"

"နုသွေး ပိုက်ဆံပေးပြီး မှာလိုက်လို့ ကိုဝင်းနောင်က အမြဲဝယ်လာပေးတာ"

ပန်းနုသွေး စကားကြောင့် နေထက်ကို တစ်ချက်တွေဝေသွားရ၏။

"မင်း ကိုယ်ဝန်ရှိစက အိမ်ပြန်လာတော့ မင်းကို ဝင်းနောင်လိုက်ပို့တာဆို"

မင်းနဲ့ငါ ဖြစ်နေသော ခင်ပွန်းကိုကြည့်ပြီး ပန်းနုသွေး မဲ့လိုက်၏။

"ရှင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူ ပြောတာမှ သိဖို့မလိုဘူး၊ ငါ မေးတာသာဖြေပါ"

"ရှင့်ကို ဘယ်သူပြောလဲဆိုတာ ရှင်မပြောပေမယ့် ကျွန်မသိသွားပြီ၊ ရှင်က ကျွန်မအပေါ် မကောင်းကြံနေတဲ့ မိန်းမရဲ့စကားကို ယုံနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ကျွန်မ အခြေအနေ ရောက်နေကြ၍ ဒေါ်ဝင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားမိ၏။

ဒီတစ်ခါရန်ပွဲက ခါတိုင်းနှင့်မတူဘဲ ပြင်းထန်နေသည်။

"အပိုတွေ မပြောနဲ့၊ ငါမေးတာဖြေ"

"ဟုတ်တယ်၊ ကျွန်မ တစ်ယောက်တည်း မူးနေလို့ ကိုဝင်းနောင် လိုက်ပို့ပေးတယ်"

"တစ်ရုံးလုံးမှာ ဒီကောင်တစ်ယောက်ပဲ ရှိလား"

"ကျွန်မအပေါ် ကူညီတဲ့သူကိုပဲ ကျွန်မ အကူအညီတောင်း ရတာပေါ့"

"ငါက ဒီကောင်နဲ့ ဆက်ဆံတာ မကြိုက်မှန်း သိသားနဲ့ မင်းက ဆက်ဆံတာ ငါ့ကို ရွဲ့တာလား"

"ဖောက်ပြန် လော်လီစိတ်နဲ့ ဆက်ဆံတာ မဟုတ်ဘူး၊ ရိုးသားဖြူစင်စိတ်နဲ့ ဆက်ဆံတာ၊ ကျွန်မ လိပ်ပြာသန့်တယ်"

"လိပ်ပြာသန့်ရင် မင်း ဘာလို့ ငါ့ကို ဖွင့်မပြောလဲ"

နေထက်ကိုက မခိုးမခန့် အပြုံးဖြင့် ပန်းနုသွေးကို ကြည့်ပြီး ပြောလိုက်၏။

"ပြောရင် ရှင်သဝန်တိုပြီး ရန်ဖြစ်ရမှာ စိတ်ညစ်လို့မပြောတာ"

"ငါ မယုံဘူး"



"ရှင် သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမရဲ့စကားကို မယုံဘဲ ကျွန်မအပေါ် မနာလိုတဲ့ ဒေစီစကားကို ယုံရင်တော့ ရှင့်သဘောပဲ၊ ကြိုက်သလို ဆုံးဖြတ်နိုင်တယ်"

ပန်းနုသွေးကလည်း ဒေါသဖြစ်နေ၍ နေထက်ကိုအား ဘုပြောလိုက်၏။

"မင်းနဲ့ ဟိုကောင် ဖြစ်နေတယ် ဆိုတာကို ဝန်ခံတယ်ပေါ့"

"ဖြစ်မှ မဖြစ်တာ ဘာလို့ ဝန်ခံရမှာလဲ"

"မင်းအပေါ် ငါသိပ်ချစ်ခဲ့တယ်၊ သစ္စာလည်းရှိခဲ့တယ်၊ မင်းက ငါ့အပေါ် သစ္စာမရှိတဲ့ မိန်းမပဲ"

မိမိစကားကို မယုံဘဲ ဒေစီ့စကားကိုယုံပြီး ပြောနေသော နေထက်ကိုအား ပန်းနုသွေး စိတ်ဆိုးမိ၏။

"ကျွန်မကလည်း ကျွန်မ မမှားဘူးလို့ ယူဆထားတယ်၊ ရှင် ကြိုက်သလို ဆုံးဖြတ်ပေါ့၊ မဟုတ်ပါဘူးလို့ ရှင်းပြတာကို လက်မခံရင် ကျွန်မလည်း ဘာမှမတတ်နိုင်ဘူး"

ပန်းနုသွေး စကားအဆုံးတွင် နေထက်ကိုမှာ ဒေါသဖြင့် အိမ်ထဲမှ ထွက်သွားပါတော့၏။

နေထက်ကို၏ကား ဒလကြမ်း မောင်းထွက်သွားခြင်းမှာ ပန်းနုသွေး အပေါ် ပထမဆုံးအကြိမ် ဖြစ်လေသည်။

ဒေါ်ဝင်းက ပန်းနုသွေးရှိရာ လာခဲ့၏။

"ဘယ်လို ဖြစ်ကြတာလဲ သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းပဲပေါ့ ကြီးကြီးရယ်၊ ကိုဝင်းနောင်နဲ့ စွပ်စွဲတာပေါ့၊ ရုံးကိုလိုက်လာပြီး အော်ကြီးဟစ်ကျယ် ပြောတယ်၊ နုသွေးလည်း ရှက်ရှက်နဲ့ ပြန်လာခဲ့တာ၊ ဒီရောက်တော့ ထပ်ပြောတယ်"

"ခါတိုင်းလည်း ပြောပြီး ပြီးသွားတာပဲ၊ တစ်ခါမှ မောင်နေထက် အိမ်က ထွက်မသွားပါဘူး၊ ဒီတစ်ခါ ..."

ဒေါ်ဝင်း စကားမဆုံးခင် ပန်းနုသွေးက နှုတ်ခမ်းကိုကိုက်ကာ ကျလာသော မျက်ရည်များကို သုတ်ပြီး ...

"သွားပစေ ကြီးကြီး၊ နုသွေးရဲ့သိက္ခာကို အစော်ကားခံရတာ ရင်နာတယ်၊ နုသွေးနဲ့ ကိုဝင်းနောင် မဖောက်ပြန်ပါဘူးလို့ ပြောတာ မယုံဘဲ နုသွေးအပေါ် မနာလိုတဲ့မိန်းမစကားကို ယုံနေတဲ့ သူ့ကို နုသွေး စိတ်နာတယ်၊ နုသွေးမှာလည်း မာနရှိတယ် ကြီးကြီး၊ နုသွေး မမှားဘူး၊ သူ့အမှား သူသိလို့ ပြန်လာရင်လာ၊ ပြန်မလာရင်တော့ သူနဲ့နုသွေး ပြတ်ပြီပေါ့၊ နုသွေးကတော့ ဘယ်တော့မှ လိုက်မခေါ်ဘူး"

ပန်းနုသွေးထံမှ စကားများကြောင့် ဒေါ်ဝင်း သက်ပြင်းချလိုက်၏။

"မဟုတ်သေးပါဘူး သမီးရယ်၊ သမီးလည်း မွေးကာနီးနေပြီလေ"



"သမီး မွေးကာနီးနေမှန်း သိရက်နဲ့ သူ သမီးကို စိတ်ဆင်းရဲအောင်လုပ်တယ်၊ သမီးအပေါ် မယုံကြည်လို့ မပေါင်းချင်လည်း ရတယ် ကြီးကြီး၊ သမီးရဲ့ရင်သွေးကို သမီးတာဝန်ယူနိုင်တယ်"

"ဆုံးဖြတ်ချက် မစောပါနဲ့၊ သမီးလည်း သွေးပူနေတယ်၊ မောင်နေထက်လည်း သွေးပူနေတယ်၊ သွေးအေးအေးနဲ့ ဆုံးဖြတ်ကြပါကွယ်"

"သမီးကစပြီး ဖောက်ပြန်တာ မဟုတ်သလို သမီးကစပြီး ဆင်းတာလည်း မဟုတ်ဘူး၊ သမီး မမှားဘူး၊ ဒီတော့ သူ့အဆုံးအဖြတ်ပေါ်မှာ မူတည်မှာပဲ ကြီးကြီး၊ သူ့ဆုံးဖြတ်ချက်အတိုင်း သမီးကလည်း တုံ့ပြန်ရမှာပဲ၊ ပန်းနုသွေးရဲ့ မာနကို သူ သိပါတယ်လေ"

ပန်းနုသွေးက နှုတ်ခမ်းကိုကိုက်ရင်း ပြောလိုက်ပါတော့သည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com



# ၎၂၆

"မေမေ"

နေထက်ကိုက မိခင်ဖြစ်သူကိုကြည့်ပြီး မဝံ့မရဲ ခေါ်လိုက်သည်။

"ဘာလဲ သား"

"နုသွေးဆီ သားပြန်တော့မယ်"

နေထက်ကို အဖြေကြောင့် ဒေါ်သူဇာ ပြုံးလိုက်ပါ၏။

"စိတ်ဆိုးပြေသွားပြီလား"

နေထက်ကိုမှာ နှစ်ပတ်မျှ ပန်းနုသွေးနှင့် ခွဲနေခဲ့သောလည်း ပန်းနုသွေးကို တစ်နေ့မှ မေ့မရပါပေ။

"သားက နုသွေးကို မမုန်းဘူး မေမေ။ သား ချစ်သလို နုသွေးက မချစ်ဘူးဆိုပြီး စိတ်ဆိုးမိတာ"



"နုသွေးကလည်း သားကို ချစ်ပါတယ်၊ မေမေတို့သွားတော့ နုသွေးက ပြောတယ်၊ သားအပေါ် ဒီနေ့အထိ သူ သစ္စာမဖောက်ဘူးတဲ့၊ သူ့စကားထက် ဘာမဟုတ်တဲ့ ဒေစီရဲ့ ကုန်းစကားကို ယုံတဲ့အတွက် သားကို စိတ်ဆိုးတယ်တဲ့"

သွေးပူနေစဉ်က ပန်းနုသွေးအကြောင်း အပြောမခံသောကြောင့် ဒေါ်သူဇာက ယခုမှ ရှင်းပြရလေသည်။

"သူကပဲ စိတ်ဆိုးရသေးတယ်"

နေထက်ကိုက ရယ်ရင်း ပြောလိုက်၏။

"ဆိုးမှာပေါ့ သူက မှားမှ မမှားတာ၊ မဟုတ်ပါဘူးဆိုတာကိုပဲ သားက စွပ်စွဲနေတာကိုး"

"သားက သိပ်ချစ်လို့ပါ"

"သိပ်ချစ်လွန်းရင်လည်း မကောင်းဘူး၊ သားလည်း မိန်းကလေးတွေနဲ့ ရိုးရိုးသားသား ပြောဆိုတာကို နုသွေးက နားလည်နိုင်သေးတာ၊ သားကလည်း နုသွေးကို နားလည်မှပေါ့၊ ကလေးအမေပဲ ဖြစ်တော့မှာ သဝန်မတိုသင့်ဘူး"

"ဟောဗျာ ... မေမေတို့ကပါ နုသွေး ဘက်ကပါလား၊ သားက မေမေ့သား အရင်းပါ"

"နုသွေးက မှန်နေတာကိုး၊ မေမေတို့ စုံစမ်းပြီးပြီ၊ သားထင်သလို နုသွေးနဲ့ ဝင်းနောင်တို့ ဆက်ဆံရေးက မရိုးမသား မဟုတ်ဘူး၊ ရိုးရိုးသားသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒေစီ ပြောတာ မှားတာပေါ့"

"မှားတယ်၊ ဒေစီက နုသွေးကို မနာလိုလို့ သား သဝန်တိုတတ်မှန်းသိလို့ သားကိုလာပြီး အကို့အထောင်လုပ်တာ၊ သားတို့ အိမ်ထောင်ရေးပျက်အောင် လုပ်တာ"

မိခင် ဒေါ်သူဇာ စကားကြောင့် နေထက်ကို နောင်တရသွား၏။

"ဒါဆို သား သိပ်မှားသွားပြီ မေမေ"

"မှားတယ် သား၊ သား သွေးပူနေတုန်း ပြောရင် အရာမရောက်မှာစိုးလို့ မေမေတို့ ပြောတာ"

"နုသွေးက သားကို **မမုန်းဘူး** တဲ့၊ သားဘာသာ စိတ်ဆိုးပြီး ဆင်းသွားတာတဲ့၊ သား စိတ်ဆိုးပြေလို့ ပြန်လာချင်လည်း နှင်မချပါဘူးတဲ့၊ မပြန်လာချင်လို့ မပေါင်းနိုင်ဘူးဆိုရင်လည်း ကွာပေးဖို့ အဆင်သင့်ပဲတဲ့"

"ဟာ … သား မကွာပါဘူး၊ ပေါင်းမှာပါ"

နေထက်ကိုက အလောတကြီး ပြောလိုက်၏။

ဒေါ်သူဇာကလည်း ပြုံး၍ …

"မေမေတို့ကလည်း လင်မယား ပြတ်စဲမခံနိုင်ပါဘူး၊ မွေးလာမယ့် မေမေတို့ မြေးလေးကို မိစုံဖစုံပဲ ရှိစေချင်တာ"

"သားလည်း နုသွေးကိုကော သားရင်သွေးကိုပါ မခွဲနိုင်ဘူး မေမေ"



"မခွဲနိုင်ရင် ပြန်ပေါ့ သား"

"အခုပဲ ပြန်တော့မှာပါ"

နေထက်ကို ဝမ်းသာအားရပြောကာ တိုင်တွင်ချိတ်ထားသော ကားသော့ကို ယူလိုက်၏။

"မေမေ လိုက်ခဲ့ရဦးမလား ဟင်"

ဒေါ်သူဇာက သားဖြစ်သူကို ပြုံး၍ မေးလိုက်၏။

"ရပါတယ် မေမေ"

"မသွားခင် မေမေ မှာလိုက်မယ်"

"ပြောပါ"

"လင်နဲ့မယား ဆိုတာ ရန်ဖြစ်စမြဲပဲ၊ ရန်ဖြစ်တဲ့အခါ လက်မပါဖို့ရယ်၊ အိမ်က မထွက်ဖို့ရယ်ကိုပဲ"

"သား နုသွေးကို မရိုက်ပါဘူး"

"ရိုက်ဖို့ စိတ်တောင်မကူးသင့်ဘူး၊ ကိုယ်ချစ်လို့ ကိုယ်ယူထားတာပဲ၊ လျှာနဲ့သွားတောင် ကိုက်မိသေးတာ၊ သားက ယောကျ်ား အိမ်ထောင်ဦးစီး၊ ကိုယ့်အိမ်ထောင်ပေါ်မှာ သား အုပ်ချုပ်ရမယ့် တာဝန်ရှိတယ်၊ ခုလို နုသွေးကို စိတ်ဆိုးတိုင်း ဆင်းလာ၊ စိတ်ဆိုးပြေတော့ ပြန်တက်လုပ်တာ ရှက်စရာ ကောင်းတယ်၊ စိတ်ဆိုးတဲ့အချိန် စကားမပြောဘဲနေပေါ့၊ အိမ်က ထွက်တာမျိုး မလုပ်ရဘူး"

"ဒါ … ပထမဆုံးအကြိမ်ပါ မေမေ"

"နောက်ဆုံးအကြိမ်လည်း ဖြစ်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မေမေ"

"နုသွေးက သားကို တကယ်ချစ်ပြီး သစ္စာရှိတဲ့ မိန်းကလေးပါ"

"သားရင်ထဲမှာ နုသွေးနဲ့ ပတ်သက်တဲ့ သံသယတွေ မရှိတော့ပါဘူး"

"သား သံသယတွေ မဖြစ်အောင် နုသွေးက အလုပ်က ထွက်လိုက်ပြီ"

"ဗျာ ..."

"ဘယ်တော့မှ ရုံးအလုပ် မလုပ်တော့ဘူးတဲ့၊ လင်မယား ရန်ဖြစ်လည်း မခံချင်ဘူးတဲ့၊ သားနဲ့မွေးလာမယ့် ကလေးကို ပြုစုစောင့်ရှောက်တဲ့ အလုပ်ပဲ လုပ်တော့မယ်တဲ့လေ"

"ဟာ"

ဒေါ်သူဇာ စကားအဆုံးတွင် နေထက်ကိုက ဝမ်းသာလွန်း၍ ထခုန်လိုက်ပါ၏။

"ကဲ ... သွားတော့၊ သားကိုတွေ့ရင် နုသွေး ဝမ်းသာမှာပါ"

"မေမေ့ချွေးမက မာနကြီးတယ်"

"ဘာလို့လဲ"

"သားကို လာမခေါ်လို့"

နေထက်ကို မိခင်ကို နောက်ပြောင်လိုက်၏။



"ဟုတ်တာပေါ့၊ အားနဲ့တဲ့ မိန်းကလေးက လိုက်ခေါ်ရမှာပေါ့"

ဒေါ်သူဇာ ရယ်သောစကားကို သဘောကျစွာ ရယ်ရင်း နေထက်ကို ထွက်လာခဲ့၏။

နေထက်ကိုမှာ ပန်းနုသွေးနှင့် ပြန်လည်ရင်ဆိုင်ရမည်ကို တွေးပြီး ပျော်လည်းပျော်၊ စိုးလည်း စိုးရိမ်နေပါ၏။

နေထက်ကိုကားလေး အိမ်ထဲဝင်လာသည်ကို ပန်းနုသွေး မသိချင်ဟန် ဆောင်လိုက်သည်။

စောစောကပင် နေထက်ကို ထွက်သွားသည်နှင့် ဒေါ်သူဇာ ဖုန်းဆက်ပြောထား၍ သိနေပြီးလေပြီ။

ပန်းနုသွေး ရင်ထဲတွင် ပျော်သွားပါ၏။ ဘာမဟုတ်သည့် အကြောင်းလေးနှင့် လင်မယား မကွဲချင်ပါ။

"နုသွေး"

နေထက်ကိုက ပန်းနုသွေး ပခုံးလေးကိုကိုင်ကာ ခေါ်လိုက်၏။

ပန်းနုသွေး မထူး။

နေထက်ကို ပန်းနုသွေးဘေးတွင် ဝင်ထိုင်လိုက်သည်။

နှစ်ဦးသား ပူးကပ်စွာ ထိုင်မိကြ၏။

"ဘာလို့ ပြန်လာတာလဲ"

ပန်းနုသွေးက စကားနာ ထိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နုသွေးကို မခွဲနိုင်လို့"

"ခွဲလက်စနဲ့ ခွဲနေရောပေါ့"

"ကိုကို မချစ်လို့လား ဟင် ..."

"မုန်းတယ်"

"ကိုကတော့ နုသွေးကို မမုန်းဘူး"

"သံသယတွေနဲ့တော့ နုသွေးဆီ ပြန်မလာနဲ့"

"သံသယမပါဘဲ ပြန်လာတာဆိုရင်ကော"

နေထက်ကိုက ပန်းနုသွေး ပခုံးကိုဖက်ကာ မျက်နှာချင်းဆိုင်ပြီး မေးလိုက်၏။

"မမုန်းဘူး"

ပန်းနုသွေးထံမှ ရှက်မျက်နှာလေးဖြင့် မပွင့်တပွင့် စကားသံ ထွက်လာ၏။

"နုသွေးရယ်၊ ချစ်လွန်းလို့ သဝန်တိုသွားမိတဲ့ ကိုကိုနားလည်ပါ"

"နားလည်လို့ ပြန်လက်ခံတာပေါ့"

"ကိုလေ နုသွေးနဲ့ ခွဲနေရပေမယ့် နုသွေးကို အမြဲသတိရနေတာ"

"သတိရလို့ နှစ်ပတ်ပြည့်မှ ပြန်လာတာ"

ပန်းနုသွေးက စကားနာ ထိုးလိုက်ပြန်၏။

"ဆင်းသွားတဲ့ ညကတည်းက ကို့စိတ်က ပြန်လာချင်တာပါ၊ မေမေတို့ကို ရှက်လို့ အောင့်နေရတာ"



ပန်းနုသွေး ပြုံးလိုက်သည်။

"နုသွေး"

ပန်းနုသွေး မထူးဘဲ မော့်ကြည့်လိုက်၏။

"ဗိုက်ကော သွားပြရဲ့လား"

"မပြဘူး"

"တကယ်"

"တကယ်ပေါ့"

"ဘာလို့ သွားမပြတာလဲ၊ တစ်ပတ်တစ်ခါ ချိန်းထားတာ မဟုတ်လား"

"ကိုကို စောင့်နေတာ"

"နုသွေးရယ် ..."

နေထက်ကိုက ပန်းနုသွေးနှင့် ပါးချင်းအပ်ကာ ခေါ်လိုက်၏။

"ကိုလည်း ထင်တယ်၊ ဒါကြောင့် မေးတာ၊ ဒီညနေသွားပြရအောင်နော်"

ပန်းနုသွေး ခေါင်းညိတ်ပြလိုက်ပါလေသည်။

"ကို ..."

"ဗျာ ..."

"နုသွေးကို ချစ်သေးရဲ့လားဟင်"

"မမုန်းဘူး"

နေထက်ကို ပြုံးစေ့စေ့ဖြင့် ဖြေလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နုသွေးနဲ့ ရန်ဖြစ်တိုင်း အိမ်ပေါ်က ဆင်းနေဦးမှာလား"

"မမုန်းဘူး"

"ကိုနော်"

"မမုန်းဘူး"

"ဘာဆိုင်လို့လဲ၊ မေးတာနဲ့ဖြေတာ တခြားစီပဲ"

"နုသွေး အပေါ်ကို ဘယ်တော့မှ မမုန်းဘူး ဆိုတာကို ပြောပြနေတာပါ"

"သွား"

"နုသွေးနဲ့ ကိုယ့်ရင်သွေးနားက ဘယ်မှ မသွားတော့ပါဘူးနော် ... သားသား"

နေထက်ကိုက ပန်းနုသွေး ဗိုက်ကလေးကို ပွတ်ရင်း ပြောလိုက်ပါတော့၏။

ပန်းနုသွေးမှာ ချစ်မျက်စောင်းထိုးရင်း ကြည်နူးစွာ ရယ်လိုက်ပါလေသည်။

"ကိုရယ် ... နုသွေးရယ် ... ကိုယ်တို့ ရင်သွေးလေးရယ် တစ်သက်လုံး ပျော်ပျော်နေသွားမယ်နော်"

ဆုံကြဦးမယ်နော်

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

